www.burmeseclassic.com

ရွှေစကား စာပေ

# ကြယ်စင်မျှူးဝေ

အမုန်းပွဲတေား




ဒီဇိုင်း-မောင်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com



# ကြယ်စင်မှူးမေ

## အမုန်းဖွဲ့တေး



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၂၃၁၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၅၃၀၂၁၀

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)

အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မတ်လ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၅.၈၃

ကြယ်စင်မှူးဝေ

အမုန်းပွဲတော်း / ကြယ်စင်မှူးဝေ ။ - ရန်ကုန် ၊

စိန်သရဖူစာပေ ၊ ၂၀၁၀ ။

၂၈၀ - စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ။

(၁) အမုန်းပွဲတော်း

BURMESE CLASSIC .com

# အပိုင်း ( ၁ )

ပူပြင်းသော နွေနေ့လယ်၏အောက်မှာ တလောကလုံး မီးဟုန်းဟုန်းတောက်နေသလားလို့ပင် ''တိမ်မည်းညို'' ထင်မိသည်။

ကားလမ်းဘေးမှာ သွေးသံရဲရဲနှင့်လဲကျနေသည့် ဖခင်ဦးလွင်ဦးအား စိုးရိမ်တကြီး ပြေးပွေ့ထားလျှက်မှပင် တိမ်မည်းညို မိမိတို့ကို တိုက်ပြေးသွားသည့် လင့်ခရူဆာ ခဲရောင်ကားနံပါတ်ကို ချက်ချင်း မှတ်ယူထားလိုက်သည်။

ကားကတော့ မောင်းသွားလိုက်သည်မှာ တစ်ချက်ပင် တုံ့ရပ်မပေးခဲ့။ လမ်းပေါ်မှာ ခွေးတစ်ကောင်ကို တိုက်မိလိုက်သည့်နှယ်။

♥ ရွှေစကားစာပေ ♥

www.burmeseclassic.com

www.burmeseclassic.com



လူသူပြတ်သည့် ကားလမ်းပေါ်မှာမို့ တိမ်မည်းညို မည်သို့ ပြုလုပ်ရမှန်းပင် မသိတော့။

''အဖေ ... အဖေ ... အဖေ'' နှင့် တဖွဖွရွတ်ဆိုရင်း မျက်ရည်တွေ တသွင်သွင်စီးကျရင်း ဒဏ်ရာပြင်းထန်လှသည့် အဖေ့အတွက် သောကပရိဒေဝတွေ ဟုန်းဟုန်းတောက်လောင် နေရသည်။ သူမမှာ အရှုံးမီးပိုင်း ...

''လာကြပါဦးရှင် ... ကျွန်မ အဖေ ကားတိုက်ခံရလို့ပါ၊ ကယ်ကြပါဦး''

လယ်ကွင်းထဲမှာ၊ တောစပ်မှာ အလုပ်လုပ်နေကြသည့်လူ တွေ ကြားနိုင်အောင် သူမအသံကုန်ဟစ်အော်မိ၏။

သည်စဉ် ကားတိုက်မိသည့်ဒဏ်ရာပြင်းထန်လှသဖြင့် ဆေးရုံ၊ ဆေးခန်းသို့ရောက်အောင်ပင် အချိန်မစောင့်နိုင်တော့ဘဲ ဖခင်ကြီး သွေးတစ်ပွက်အန်ကာ ဇက်လည်ကျသွားသဖြင့် တိမ်မည်းညို သွေးရူးသွေးတန်းအော်လိုက်မိပြီး သူမပါ ဖခင်ကြီး၏ အနားမှာ ခေါက်ခနဲ သတိလစ်လဲကျသွားခဲ့သည်။



သည့်အဖြစ်တွေဟာ အိပ်မက်ဆိုးတွေပါပဲ။ သည်အဖြစ် တွေဟာ ဖခင်တစ်ခု၊ သမီးတစ်ခုသာရှိသည့် တိမ်မည်းညို၏ ဘဝကို ကံဆိုးမိုးမှောင်ကျစေခဲ့သည်။

တာဝန်မဲ့သူတစ်ယောက်၊ လူမဆန်သူတစ်ယောက်၏ နမော်နမဲ့နိုင်မှုကြောင့် တိမ်မည်းညို ဘဝပျက်မတတ်။

ဆယ်တန်းကို (၃)ဘာသာဂုဏ်ထူးနှင့်အောင်ထားသဖြင့် ရှေ့အနာဂတ်အတွက် သားအဖနှစ်ဦးလုံး တက်ကြွမျှော်လင့်နေ ကြရာမှ ယခုတော့ တိမ်မည်းညိုအတွက် အနာဂတ်ပျောက်သွား ခဲ့ပေပြီ။

သားအဖနှစ်ယောက်၏ ပိုင်ဆိုင်ရာခြံနှင့်အိမ်ပိုင်းလေးကို မျက်ရည်များနှင့်ကြည့်ရင်းတိမ်မည်းညိုနာကျင်ကြေကွဲလို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ကားနံပါတ်နဲ့ ကားအမျိုးအစားကို ငါမှတ်မိထားတယ်။ တစ်နေ့နေ့တော့ တွေ့မှာပဲ။ ငါတို့သားအဖနှစ်ယောက်ရဲ့ ပျော်ရွှင်ဖွယ်ဘဝကို မြေမြှုပ်သင်္ဂြိုဟ်ပစ်ခဲ့တဲ့ ကားပိုင်ရှင်ဟာ တူညီသောအကျိုးကို တန်ပြန်ခံစားစေရမယ်။

နီးစပ်ရာ ရဲဌာနမှာ ကားအမျိုးအစားနှင့် ကားနံပါတ်ကို ပြောပြခဲ့ပေမယ့် ဘယ်လိုမှ ခြေရာကောက်လို့မရခဲ့။

"သည်ကားဟာ ခရီးသွားကားပဲဖြစ်ရမယ် ... မြန်မာပြည်ရဲ့ ဘယ်မြို့နယ်က ကားလဲဆိုတာ ချက်ချင်းရှာဖွေလို့မရနိုင်ဘူး ... ဒီမြို့နယ်က ကားမဟုတ်တာတော့ သေချာတယ်၊ ဖြည်းဖြည်းတော့ ရှာလို့တွေ့မှာပါ"

ဟုတ်တာပေါ့။ ဒီကားဟာ တိမ်မည်းညိုတို့ရွာ တည်ရှိသည့် ကြံခင်းမြို့နယ်က ကားမဟုတ်။ အခြားမြို့ကြီးများမှကားဖြစ်နိုင်ပါသည်။

တကွေ့ကွေ့တော့ တွေ့လိမ့်မည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဘဝပျောက်တော့မတတ်ဖြစ်နေသည့် ကိုယ့်အဖြစ်ကို တိမ်မည်းညို အားတင်းရ၊ နာကြည်းရပါသည်။

ဆွေမရှိ၊ မျိုးမရှိဘဝမှာ ဘယ်လိုရှေ့ဆက်ရမှန်းပင်မသိတော့။ ဖေဖေက လက်သမားအလုပ်နှင့်ရှာဖွေကျွေးမွေးခဲ့သည်





ကြောင့် ဖေဖေ့အမွေက လက်သမားသုံးပစ္စည်းကိရိယာများနှင့် ဆယ်တန်းကို ဂုဏ်ထူးနှင့်အောင်ခြင်း။

လောလောဆည် ဆွေရိပ်၊ မျိုးရိပ်မကင်းသည့် ဒေါ်ကြီးစာဥက ညဖက်လာအိပ်ပေး၏။

ချောမောလှပသည့် တိမ်မည်းညို၏ဘဝရှေ့ရေးက ရင်မအေးစဖွယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာလူကြီး ဦးလေးဘကောင်း၏ အိမ်မှအခေါ်လွှတ်သဖြင့် တိမ်မည်းညို ခေါင်းငိုက်စိုက်နှင့် ရွာထဲလမ်းတစ်လျှောက် လိုက်လာခဲ့သည်။

သွားရင်းနှင့် လမ်းမှာဦးလေးဘကောင်း၏သား မြသောင်း ပြောတာတွေ တိမ်မည်းညို နားထောင်သွားရ၏။ မြသောင်းနှင့်တိမ်မည်းညိုက ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်သည်။

"နင့်အကြောင်းကို ကြားကြပြီး နင့်ကိုမွေးစားချင်တဲ့လူတွေ ရောက်နေကြတယ် ... အဲဒါ အဖေက နင့်သဘောကိုမေးချင်လို့ခေါ်တာ"

"ဘာ ... ဒီအရွယ်ကြီးကို ဘယ်သူတွေက မွေးစားချင်တာလဲ၊ ဘာလဲ ခိုင်းစားချင်ကြလို့လား"





"ငါလည်း မသိဘူးလေ၊ ဟိုရောက်တော့ နင်တွေ့မှာပေါ့၊ အမယ် ... နှစ်ယောက်လုံး သူဌေးတွေဟ၊ ဘယ်သူပိုဌေးမယ်တော့ ငါမသိဘူး ... နှစ်ယောက်လုံးကားတွေနဲ့၊ နင်တော့ သူဌေး ဖြစ်ပြီ ... ငါတို့လည်း မေ့မသွားနဲ့ဦးနော်"

"ငါ့ကိုမွေးမယ့်လူတွေက ယောက်ျားတွေလား မိန်းမတွေလား"

"လူကြီးနှစ်ယောက်ဟ ... အဖေနဲ့သိကြတယ်၊ ဦးရဲလွင်ဆိုတဲ့လူကြီးက အဖေနဲ့ကျောင်းနေဖက်လို့ပြောတယ်၊ ဒါပေမဲ့ အဖေ့လို အိုမင်းမနေဘူး ... အေးပေါ့ သူဌေးဆိုတော့ အရွယ်တင်တာပေါ့ လေးဆယ်ကျော်လို့ကို မထင်ရဘူး"

"ရှုပ်ရှုပ်ယှက်ယှက်တွေဟာ မြသောင်းရယ်၊ နင်ပဲစဉ်းစားကြည့်ပါဦး ငါ့အရွယ် အပျိုလေးတစ်ယောက်ကို သူတို့ရိုးရိုးသားသားချစ်နိုင်ကြပါ့မလား ... နင့်အဖေခေါ်လို့သာ လိုက်လာတာနော် ... ငါကတော့ လုံးဝပဲ" .

တိမ်မည်းညိုက ရှုံ့မဲ့ပြီးပြောရာ မြသောင်း သနားကြင်နာစွာငေးကြည့်မိ၏။ ဟုတ်တာပဲလေ ဒီလောက်ချောမောတဲ့အပျိုလေးတစ်ယောက်ကို သူတို့မွေးစားချင်ကြတာ ရိုးမှရိုးသားရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူတို့နှစ်ယောက် မြသောင်း၏အိမ်သို့ရောက်ရှိသွားကြသည်။

အိမ်ရှေ့မှာ ကားအကောင်းစားကြီးနှစ်စီးရပ်ထားပြီး ရွာထဲမှ စပ်စုချင်သည့် လူအချို့လည်း ကြိုတင်ရောက်ရှိနေကြ၏။

ဦးလေးဘကောင်းက တိမ်မည်းညိုကို ပြုံးရွှင်စွာဆီးကြိုခေါ်လိုက်သည်။ ဧည့်ခန်းထဲမှ သင်ဖြူးဖျာများပေါ်မှာ လူတွေကအပြည့်။ ရွာထဲကလူတွေ။

သည့်အထဲမှာမှ အသွေးအမွေးတောက်ပြောင်သည့်လူ (၃-၄)ယောက်က လူအများကြားမှာ ပေါ်လွင်နေ၏။ ကေန္တသူမကို မွေးစားမည်ဆိုသည့် လူတွေဖြစ်ရမည်။

မြွေမသိ တွင်းမမြင်။

ဘုမသိ ဘမသိ။

သူတို့တွေကို တိမ်မည်းညိုမသိ။

"လာဟေ့ တိမ်မည်းညို ... နင်တော့ ကံကောင်းတာပဲ၊ နင့်ကုသိုလ်ကံကကြီးလွန်းတော့ ငါ့သူငယ်ချင်းတွေခမျာ ကြိမ်စကြာနဲ့ ရိုက်လိုက်သလို ရွာကိုရောက်လာရတာပဲ ... လာလာ နင်နဲ့အရင်မိတ်ဆက်ပေးရမယ်"

တိမ်မည်းညို ဦးလေးဘကောင်း၏ အနားသို့တိုင် တိုးဝှေ့.





သွားရပြီး သူ့အနားမှာ ခေါင်းလေးငုံ့ထိုင်မိသည်။

"သူလေးကတော့ ပြီးခဲ့တဲ့လကမှ ဖအေဆုံး အင်းလေ မိဘမဲ့လေးပေါ့ကွာ ... ဆယ်တန်းကိုလည်း (၃)ဘာသာဂုဏ်ထူးနဲ့ အောင်ထားရှာပါတယ်၊ ရွာမှာနေရင်လည်း ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမဲ့ သူကလေး လူတစ်လုံး၊ သူတစ်လုံးဖြစ်ရေးအတွက်ရည်စူးပြီး ..."

ဦးလေးဘကောင်းမှာ အမှန်ပင်ဝမ်းနည်းနေသလို တိမ်မည်းညိုမှာလည်း သွားလေသည့် မိဘနှစ်ပါး၊ အထူးသဖြင့် လောလောလတ်လတ် သေဆုံးထားသည့် ဖခင်ကြီးအတွက် ရင်နာရလွန်းသည်ကြောင့် မျက်ရည်များ ကြမ်းပြင်ပေါ်သို့ တသွင်သွင်စီးကျမတတ်။

သူမကို မွေးစားကြမည့်လူကြီးများမှာ တိမ်မည်းညိုကို ကြည့်ပြီး လှုပ်လှုပ်ရှားရှားနှင့် စိတ်ထိခိုက်သွားပုံရကြလေသည်။

"ကဲ ... ကဲ ... စိတ်မကောင်းစရာတွေ ခေတ္တဖယ်ထား၊ လူ့ဘဝဆိုတာ ဒီလိုပါပဲ သမီးရယ် ... ကံကြမ္မာပါလာရင် လွှဲဖယ်လို့မရဘူး မဟုတ်လား ... ကဲ ဒီမှာကြည့် ဒီအန်ကယ့်နာမည်က ဦးရဲလွင်တဲ့၊ ဦးလေးတို့ရွာကပဲ ဦးလေးတို့နဲ့သူငယ်ချင်းပေါ့ ... အခု သူက ရန်ကုန်မှာကြီးပွားနေတယ်၊ ရွာကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ငါပြောပြလိုက်လို့ သမီးကို သူမွေးစားမယ်တဲ့''

''သူ့မှာ သားသမီးတွေ မရှိဘူးလား ... သူ့သားသမီးတွေက ဘယ်ကျေနပ်မလဲ''

ဦးရဲလွင်ဆိုသည့် လူကြီးကို တိမ်မည်းညိုတစ်ချက် လှမ်းကြည့်သည်။ သူမတတ်သမျှ မှတ်သမျှ အကဲခတ်ခြင်းပါပင်။

လူချောကြီးတစ်ယောက်ပါပဲ။ ယောကျ်ားပီသသည့် ဉပမိရုပ်နှင့်။ အသားကညိုသော်လည်း စိုပြည်ဝင်းဖန့်လျှက်။ အရွယ်တင်လိုက်တာကလည်း ဦးလေးဘကောင်းနှင့်သူငယ်ချင်းသာဆိုရ၊ တကယ့်ညီအငယ်ဆုံးနှင့် အစ်ကိုအကြီးဆုံးလောက် ထင်ရသည်။

ဦးရဲလွင်က သူမကိုတည်ငြိမ်အေးချမ်းသည့်အပြုံးနှင့် နှစ်သိမ့်လေ၏။

''အန်ကယ့်မှာ သမီးတစ်ယောက်ပဲရှိတယ်၊ အဲဒါလည်း မွေးစားထားတာပါပဲ''

''အန်ကယ့်ဇနီးက သားသမီးမရနိုင်လို့လား''

ဦးရဲလွင် ဆတ်ခနဲ တွန့်သွားပြီးမှ အေးဆေးစွာဖြေကြားခဲ့သည်။

''ဟုတ်တယ် ... ဒါကြောင့် လိမ္မာမယ်ထင်ရတဲ့ကလေး





တွေကို မွေးစားချင်တာ''

ဦးရဲလွင်းနှင့်စကားပြောနေရာမှ ကျန်တစ်ယောက်ကို တိမ်မည်းညို လှမ်းကြည့်လိုက်၏။ ဦးရဲလွင်နှင့်ရွယ်တူလောက်ပါပင်။ ဦးရဲလွင်နှင့် တိမ်မည်းညို စကားပြောနေသည်ကို အေးချမ်းစွာ ပင်ကြည့်နေ၏။

သူက ဦးရဲလွင်ထက်ချောကာ ပိုပြီးတည်ကြည်ခန့်ညားနေသယောင်။

ဦးလေးဘကောင်းက သူ့ဘက်သို့လှည့်ကာ တိမ်မည်းညိုနှင့် မိတ်ဆက်ပေးပြန်၏။

''သူကတော့ ဦးနေဟိန်းတဲ့ ... ရန်ကုန်ကပဲ''

''သူကရော ဦးလေးနဲ့သူငယ်ချင်းပဲလား ... ဒီရွာကပဲလား''

တိမ်မည်းညို၏ အသံတီးတိုးက သူမတတ်နိုင်သမျှ စုံစမ်းထောက်လှမ်းနေခြင်းပါပင်။

''ဦးလေးနဲ့သူငယ်ချင်းမဟုတ်ပေမယ့် ရန်ကုန်သွားရင်းသိခဲ့ ကျွမ်းခဲ့သူပါပဲ ... ကဲ တိမ်မည်းညို သမီးကို သူတို့နှစ်ယောက်လုံးက မွေးစားချင်ကြတယ်၊ အလားအလာရှိတဲ့ကလေးတစ်ယောက်မို့ လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ပျိုးထောင်မြေတောင်မြှောက်ပေးချင်ကြပါတယ်တဲ့ ... အဲဒါ သမီးကံကောင်းတာ၊ သူများတွေများ ဒုက္ခရောက်ရင် ကယ်မဲ့လူမရှိကြဘူး။ တိမ်မည်းညိုကျမှ ကယ်မယ့်လူက နှစ်ယောက်တောင်ဖြစ်နေတယ်''

ဦးလေးဘကောင်း၏စကားကို နားထောင်ပြီး တိမ်မည်းညို အားတက်မလာပါ။ ရင်ထဲမှာ ဇဝေဇဝါ။ ရွာမှာနေတော့လည်း သူမကို တာဝန်ယူမည့်သူမရှိ၊ မိန်းကလေးမို့ တစ်ယောက်တည်းနေဖို့ကအစ မသင့်တော်။

ဦးရဲလွင်နှင့်ဦးနေဟိန်း။ ဘယ်သူကပိုပြီး စိတ်သဘောထားကောင်းသလဲ။

သူတို့မိသားစုကရော သူမကိုကြည်ဖြူကြပါ့မလား။ သူတို့ကရော တကယ့်စိတ်ရင်းစေတနာနှင့် ခေါ်ကြ မွေးကြတာပါလား။

မြသောင်းရှေ့မှာ လေတစ်လုံး၊ မိုးတစ်လုံးနှင့်ပြောခဲ့ပေမယ့် တိမ်မည်းညို စဉ်းစားနေရပါလေပြီ။

ရွာထဲမှ အဒေါ်ကြီးများကလည်း ဝိုင်းဝန်းတိုက်တွန်းကြပါ၏။

''တစ်ယောက်ယောက်နဲ့လိုက်သာသွား တိမ်မည်းညို၊ နင်ဒီမှာနေလို့ ဆင်းရဲမှာ ... ငါတို့လိုပဲ လယ်ထဲဆင်းရမှာ၊ အို





နင်တစ်ယောက်တည်းနေလို့လည်း မသင့်တော်ပါဘူးဟာ''

''ရဲလွင်ကတော့ ငါတို့ရွာသား သူနဲ့လိုက်ချင်လိုက်သွားပါလား''

တစ်ယောက်တစ်ပေါက်အသံများကို နားထောင်ရင်း တိမ်မည်းညို မျက်ရည်တွေ ကျနေမိပါသည်။ ငယ်ရွယ်နုနယ်သူ၊ အတွေ့အကြုံမရှိသူ၊ လူကဲမခတ်တတ်သူမို့ သူမအပေါ် မည်သူကပိုကောင်းမည်ဆိုတာ တိမ်မည်းညို မဝေခွဲတတ်ပါ။

နောက်ဆုံး ဦးလေးဘကောင်းကပင် အဆုံးအဖြတ်ဝင်ပေးရလေ၏။

''ကဲ ... တိမ်မည်းညို သမီး ဘယ်သူမွေးစားတာကို ခံယူမလဲ''

''သမီး ... သမီး မပြောတတ်ပါဘူးရှင်၊ ဦးလေးသင့်တော်သလိုသာ စီစဉ်ပေးပါတော့''

''ဒါဆို မဲနှိုက်မယ် ... မဲကျတဲ့သူနောက် လိုက်သွားပေတော့''

''ဟုတ် ... ဟုတ်ကဲ့''

တိမ်မည်းညို ရင်ထဲစိုးရွံ့မှုများဖြင့် မည်းမှောင်မွန်းကြပ်နေရပေမယ့် ရွာသူရွာသားများကတော့ အားကျသည့်အကြည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝိုင်းကြည့်နေကြသည်။

ရွာမှာ ဆိုင်ကယ်စီးရသူပင် ခပ်ရှားရှား မဟုတ်ပါလား။ ယခုလို ကားအကောင်းစားကြီးများနှင့်ဆိုတော့ ဦးရဲလွင်နှင့်ဦးနေ ဟိန်းကို သူတို့အထင်ကြီးကြသည်။ တိမ်မည်းညိုကိုလည်း အား ကျသည့်အကြည့်တွေနှင့် ကြည့်ကြ၏။

မဲလိပ်နေသည့် ဦးလေးဘကောင်းကိုသာ လေးလံစွာ ငေး မောကြည့်ရင်း တိမ်မည်းညို ကိုယ့်ကံကြမ္မာကို တွက်ဆနေရ၏။

''ကဲ ... နှိုက် တိမ်မည်းညို''

သူမ တုန်ယင်စွာဖြင့် မဲလိပ်တစ်လိပ်ကိုနှိုက်ယူလိုက် သည်။ ဦးလေးဘကောင်းက သူမနှိုက်ယူလိုက်သည့်မဲလိပ်ကို လှမ်းယူပြီး ဖွင့်ကြည့်လေသည်။

''ဦးနေဟိန်း''

''ဟင်''

ဦးနေဟိန်းသည် သည်ရွာသားမဟုတ်သူမို့လားမသိ။ ကြည့်နေကြသည့်လူများထဲမှ မကျေနပ်သံများထွက်လာ၏။ တိမ် မည်းညို ရင်ထဲမှာလည်း ဇဝေဇဝါ။ ဦးနေဟိန်းဟာ ဦးရဲလွင် လောက် အမူအရာမချို။ သူကြည့်ရတာ တည်တည်ငြိမ်ငြိမ်။

ဦးရဲလွင် မသက်မသာနှင့်ပင် ပြုံးလေသည်။ ကံကြမ္မာက





ဆုံးဖြတ်ပေးတာလား။ မဟုတ်သေးပါဘူး။ လူတစ်ယောက်ရဲ့ဘဝ ကို မဲနှိုက်ခြင်းဖြင့် ဖြေရှင်းသင့်ပါသလား။

အခန်းတွင်းမှာကြည့်နေသည့် ပရိသတ်ထဲမှ တီးတိုးဝေဖန် သံများကြားနေရလျှင် တိမ်မည်းညို ဘာဆက်လုပ်ရမှန်းမသိ။ မဲပေါက်သည့် ဦးနေဟိန်းနောက်လိုက်သွားရမှာလား။ ဦးရဲလွင် နှင့်ဦးနေဟိန်းကို တိမ်မည်းညို တစ်လှည့်စီ မဝံ့မရဲနှင့်ခိုးကြည့်မိ ပြန်သည်။

သူတို့နှစ်ယောက် ဘယ်သူကပိုပြီး သဘောထားပြည့်ဝ မလဲ။ အိုလေ ငါ့ကံကြမ္မာက ဦးနေဟိန်းကို ရွေးချယ်လိုက်ပြီပဲ။

သည်စဉ် ဦးလေးဘကောင်း၏အသံကိုကြားလိုက်ရသည်။

''ကဲ ... ကဲ တိမ်မည်းညို နင် ဦးနေဟိန်းနဲ့လိုက်သွားဖို့ ပြင်ပေတော့ ... နင်ယူချင်တဲ့ပစ္စည်းလေးတွေ သွားယူ၊ ကိုယ့်ဘဝ ကမောက်မကဖြစ်နေတဲ့အချိန်မှာ မွေးစားလာကြတဲ့ မိဘတွေရဲ့ လက်မှာ ငါ့တူမ လိမ်လိမ်မာမာနေနော်၊ သူတို့ကို ကိုယ့်မိဘလိုပဲ မြင်ရကြားလား၊ ကျေးဇူးသိတတ်စွာနဲ့နေပေါ့ကွယ် ... အရေး အကြောင်းရှိရင် ဦးလေးတို့ဆီ ဖုန်းဆက်ပေါ့''

''ဟုတ်ကဲ့ပါ ဦးလေး''

တိမ်မည်းညို မျက်ရည်များနှင့် ခေါင်းညိတ်ရင်း ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘကောင်းကို ကန်တော့လေသည်။ သူမ၏မျက်ဝန်းမှာ မျက်ရည်များဖုံးလွှမ်းနေသဖြင့် အရာရာသည် ဝေဝေဝါးဝါး နေရာမှ ပင် ထနိုင်သည့်ခွန်းအား မရှိတော့။ ဦးလေးဘကောင်း၏အသံကိုပင် မကြားတစ်ချက်၊ ကြားတစ်ချက်။

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ငါ့တူမလေး ခလုတ်မထိ၊ ဆူးမငြိဘဲ ဘဝမှာအောင်မြင်မှုတွေ အမြန်ဆုံးရပါစေ"

သူမနေရာမှ ယိမ်းယိုင်စွာထရပ်လိုက်ပါသည်။ အိမ်ပြန်ပြီး ယူစရာလေးတွေ ယူရမည်။

"ဦးလေး သမီးတို့သားအဖရဲ့ အိမ်နဲ့ခြံ"

"စိတ်ချပါကွယ်၊ ဦးလေးစောင့်ရှောက်ထားလိုက်ပါ့မယ်၊ တူမကြီး ပြန်လာတဲ့တစ်နေ့ကျ အဆင်သင့်ပေါ့"

ဦးလေးဘကောင်း၏စကားက သူမတစ်နေ့မှာ ရွာကိုပြန်လာပြီး နေထိုင်ရမည်ဆိုသည့်အဓိပ္ပာယ်။ ဟုတ်တာပေါ့၊ တစ်နေ့ကျ အတောင်တွေသန်မာလာသည့်အခါ စင်ရော်ငှက်တွေလိုပဲ ပင်လယ်ကိုဖြတ်သန်းပြီး ပြန်လာနိုင်ရမှာပေါ့။

ဆောင်းလမွှန်ငါးတွေလိုပဲ။ ဇာတိကိုပြန်လာနိုင်ကြရမယ်လေ။

"ကျေးဇူးပါပဲ ဦးလေး ..."





ဦးလေးဘကောင်း၏အိမ်ပေါ်မှ မျက်ရည်ပြည့်သော မျက်ဝန်းနှင့်သူမ ပြန်ဆင်းခဲ့တော့ အဖိုးတန်ကားကြီးတစ်စင်း၏ တံခါးကပွင့်လျှက်။ ဒရိုင်ဘာက အနားမှာရပ်စောင့်လျှက်။

"တက်ပါ ကလေးမ"

"ကျွန်မ အိမ်ပြန်ဦးမှာ"

"ဟုတ်ပါတယ် အိမ်ကိုလိုက်ပို့မှာလေ ... ပြီးမှ ရှေ့ဆက်သွားကြမှာပါ"

ဒရိုင်ဘာ၏စကားကြောင့် တိမ်မည်းညို ကားပေါ်သို့ မဝံ့မရဲနှင့်ဝင်ထိုင်ရသည်။ ဒရိုင်ဘာက ကားတံခါးကိုပိတ်ပေးပြီး ကားမောင်းထွက်ရာ ရွာထဲက ကလေးများ တိမ်မည်းညိုတို့ ကားနောက်မှာ ပြေးလွှားလိုက်ပါလာကြသည်။

"အဲဒီရှေ့က အိမ်လေးပဲ"

အိမ်ကို လက်ညှိုးထိုးပြရာ ကားက အိမ်ကလေးရှေ့မှာ ငြိမ့်ခနဲရပ်သွား၏။ ဒရိုင်ဘာက သူမကို ကားတံခါးဖွင့်ပေးခဲ့သည်။ ဦးနေဟိန်းကတော့ ဦးလေးဘကောင်းတို့အိမ်မှာ စကားစမြည်ပြော ကျန်ခဲ့၏။

"အရေးကြီးတဲ့ပစ္စည်းလေးတွေပဲယူပါ၊ အဝတ်အစားတွေဘာတွေက ထပ်ချုပ်ပေးမှာပေါ့ကလေးမ"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်''

ကိုယ့်ကို ဘယ်လိုပုံစံနှင့်မွေးတာမှန်း တိမ်မည်းညို သိရတာမဟုတ်သေး။ ကိုယ့်မှာရှိသည့် အဝတ်အစာတွေလည်း သိမ်းရမည်။

အရေးကြီးဆုံးက ဖေဖေနှင့်မေမေ၏ဓာတ်ပုံ။ နောက် ဖေဖေ့ ပုဆိုးလေးတစ်ထည်။

ရှိစု၊ မဲ့စုပစ္စည်းလေးများကို သိမ်းဆည်းပြီးချိန်မှာ ဦးနေဟိန်းနှင့်ဦးလေးဘကောင်းတို့ သူမ၏အိမ်သို့ လမ်းလျှောက်ပြီး ရောက်လာကြသည်။

''ပြီးပြီလားဟေ့ ... တူမကြီး ဦးနေဟိန်းက ဒီနေ့ပဲ ရန်ကုန်အရောက်ပြန်မယ်တဲ့ မြန်မြန်လုပ် ... မွန်းတည့်တော့မယ်''

''ဟို ... ထမင်း ...''

''မပူနဲ့ လမ်းကျမှ ဝယ်စားကြတာပေါ့''

ဦးနေဟိန်းက ခပ်ပြုံးပြုံးနှင့်တစ်ခွန်းဝင်ပြောသလို ဦးလေးဘကောင်းကလည်း ...

''ဦးလေးလည်း ကျွေးမလို့ပါ၊ ဦးနေဟိန်းက လက်မခံတော့ ... အေးလေ သူတို့လို သူဌေးစာတွေလည်း ဦးလေး မစီ





စဉ်တတ်ပါဘူး''

''မဟုတ်ပါဘူးဗျာ ... ကိုဘကောင်းတို့ ဝန်ပိုနေမှာစိုးလို့ပါ၊ ကျွန်တော်တို့ဘာသာ လမ်းမှာဝယ်စားလိုက်တော့လည်း ဖြစ်တာပါပဲ''

သူမ စုဆောင်းထားသည့် အထုပ်အပိုးလေးများကို ကားပေါ်သို့တင်ပြီး တိမ်မည်းညို ကားပေါ်သို့တက်ရတော့မည့်အခါ ဖေဖေနှင့်အတူနေခဲ့ရသည့် အိမ်နှင့်ခြံဝိုင်းလေးကိုကြည့်ပြီး တိမ်မည်းညို မျက်ရည်မဆည်နိုင်တော့။

ဦးနေဟိန်း၊ ဦးလေးဘကောင်းနှင့် အိမ်နီးချင်းများအားလုံး သူမအတွက် စိတ်မကောင်းနိုင်ကြတော့ချေ။

''တိတ်ပါ တူမကြီးရယ်၊ ဘဝဆိုတာ ဒီလိုပဲလေ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ မှတ်ပါတော့ကွယ်''

ငိုရှိုက်နေသည့် တိမ်မည်းညိုကို ဦးနေဟိန်းက ယုယကြင်နာစွာပင် ကားထဲသို့ ပို့ပေး၏။ ဒရိုင်ဘာက ရှေ့ခန်း၊ တိမ်မည်းညိုနှင့်ဦးနေဟိန်းက နောက်ခန်းမှာ။

ခဲရောင်ပြောင်လက်နေသည့် ဇိမ်ခံကားကြီးနှင့်လိုက်ပါလာခဲ့ရပေမယ့် တိမ်မည်းညို ဝမ်းသာပျော်ရွှင်မှုမရှိပါ။

ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမှာလဲ၊ သူတစိမ်းတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဆိုတာ ဘယ်အထိယုံကြည်ရမှာပါလဲ။

အရွယ်ရောက် မိန်းမပျိုလေးတစ်ဦး၏ရှေ့ရေးမှာ ပိန်းပိတ်လို့မှောင်နေတော့သလို။



ကြာခင်းမှ ရန်ကုန်သို့ ပြည်ဘက်မှလှည့်ပြီး သွားလေသည်။ တိမ်မည်းညိုမှာ ကိုယ့်ရွာမှလွဲပြီး ကြာခင်းမြို့ပေါ်အထိသာ ရောက်ဖူးသူမို့ လမ်းခရီးတွေကို မသိပါ။

ကိုယ့်အဖြစ်ကိုယ် အံ့ဩပြီး ကြောက်ရွံ့ထိတ်လန့်နေသည်မို့ သူမ ထမင်းဆာရမှန်းပင်မသိတော့။

ကားပေါ်မှာ အငိုစဲပေမယ့် အရှိုက်ကတော့ မပြတ်သေးပါ။ မျက်ရည်ပါးပါးစီးကျရင်း တစ်ချက် တစ်ချက်ရှိုက်နေရင်းမှ တိမ်မည်းညို ဝမ်းနည်းလို့မဆုံး။

ဖေဖေသာရှိလျှင် တိမ်မည်းညို ခုလိုခွေးတိုးဝက်ဝင်ဖြစ်မှာမဟုတ်။ အစစအရာရာ ဖေဖေ့အရိပ်ကိုခိုပြီး အပူအပင်ကင်းမဲ့ရသည်အမှန်။



www.burmeseclassic.com

www.burmeseclassic.com



တိမ်မည်းညို ဦးနေဟိန်းကို ခိုးကြည့်မိပြန်သည်။ ယခုမှ ဘွားခနဲတွေ့ရသည့် ဒီလူကြီးကို သူမ ဘယ်လိုအားကိုးရမှာလဲ။ သူကလည်း တိမ်မည်းညိုကို မသိကျိုးကျွံပြုလျှက်သာ။

ဝိုကြောရှည်သည့်ကလေးတစ်ယောက်ကို အသာလွှတ်ထားသည့်နှယ်။

ကြာတော့ တိမ်မည်းညို မောပန်းနွမ်းနယ်လာပြီး ကားထဲမှာပင် သူမ ငုတ်တုတ်အိပ်ပျော်သွားတော့သည်။

"တိမ်မည်းညို ... တိမ်မည်းညို"

"အင်"

သူမကိုလှုပ်နှိုးနေမှုကြောင့် တိမ်မည်းညို ကပျာကယာ ကိုယ်မတ်သွားခဲ့သည်။ သူမကို နှိုးနေတာ ဦးနေဟိန်းပါပေ။

"ရန်ကုန်ရောက်ပြီလားဟင်"

သူမ၏ ဘုမသိ၊ ဘမသိအမေးကြောင့် ဦးနေဟိန်း ပြုံးသွားသလို၊ ရှေ့ခန်းမှ ဒရိုင်ဘာလည်း ရယ်မောနေလေ၏။

"မရောက်သေးဘူး ... ရန်ကုန်ရောက်ဖို့ အဝေးကြီးလိုသေးတယ်၊ ခုည ပြည်မှာအိပ်မှာ၊ အခုပြည်ရောက်ပြီလေ မင်းအိပ်နေတာနဲ့ မနှိုးတော့တာ"

"ဪ ... "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ ပြည်မြို့၏အဆင့်မြင့်ဟိုတယ်တစ်ခုရှေ့မှာ ကားရပ်ထားပေးသည်။

''ကဲ ... ဆင်း မင်းအတွက် အဝတ်အစားတွေတော့ ရန်ကုန်ကျမှ စီစဉ်မယ်၊ ခုတော့ ဒီပုံစံလေးပဲကောင်းပါတယ်၊ ဒိုက်မလေးပေါ့''

''ရှင် ... ''

ဦးနေဟိန်း၏ အပြောအဆိုတွေကြားရတာ တိမ်မည်းညို့ လိပ်ပြာလွင့်တော့မလို။ ဘယ်လိုအသုံးအနှုန်းတွေလဲ။ သားအဖ ဆိုရင် ဒီလိုသုံးရသလား။ ဘုရားရေ မှင်းတဲ့။

ကားပေါ်မှမဆင်းသေးဘဲ တိမ်မည်းညို့ ဦးနေဟိန်းကို သေသေချာချာ မော့ကြည့်အကဲခတ်မိသည်။

အသက်လေးဆယ်ခန့်၊ အရပ်မြင့်မြင့်၊ ယောကျ်ားပီပီသ သ၊ တည်တည်ကြည်ကြည်။ မင်းသားတစ်ယောက်လိုပါပဲ။ ဖေဖေတို့အရွယ် မြို့ကြီးသားမို့ ဝတ်ပုံ စားပုံနှင့်ကိုယ်နေဟန်က အစ စမတ်ကျသည်။ ကြည့်ကောင်းသည့် လူချောကြီးပေါ့။

သို့သော် ဘယ်အရာတွေက လွဲချော်နေသည်မသိ။ တိမ်မည်းညို့၏ ရင်ထဲမှာခင်မင်ရင်းနှီးမှုတွေ ဖြစ်ထွန်းမလာ။ စိုးရိမ်ကြောင့်ကြမှုတွေပဲ ကြီးစိုးနေခဲ့သည်။

''ကဲ ... ဆင်း''





''ဟုတ် ... ဟုတ်ကဲ့ ... ''

ရုပ်ရှင်ထဲကလို ဆံရစ်ပိုင်းလေးနှင့်မဟုတ်ပေမယ့် နုပျို ရွှန်းသစ်သည့် တိမ်မည်းညို့၏အလှက တောဆန်နေလေ၏။

မုဒ့်ထည် ပန်းရောင်ဝမ်းဆက်လေးနှင့် တင်ပါးအောက် ရောက်သည့် ဆံနွယ်လှလှတွေကို ကပိုကရိုထုံးဖွဲ့ထားသည့် လုံမ ပျို၏အလှက လင်းလက်ဝင်းပနေတာအမှန်။

မြင်ရသူတိုင်း သမင်လည်ပြန် လှည့်ကြည့်ရသည့်မိန်းမ ချောလေးကို၊ ဦးနေဟိန်း ဂုဏ်ယူစွာ တွဲခေါ်လာခဲ့သည်။

အခန်းငှားပြီးတော့ သူတို့အပေါ်ထပ်သို့ တက်သွားကြ သည်။ လမ်းမှာ ဦးနေဟိန်းက ...

''တိမ်မည်းညို့ မင်းဘယ်အခန်းမှာနေမလဲ''

''ရှင် ... ကျွန် ... ကျွန်မတစ်ယောက်တည်းလား''

''မင်းက နှစ်ယောက်အတူနေချင်လို့လား''

''ရှင် ... ''

အနောက်တိုင်းဝတ်စုံနှင့် ရှင်းသန့်ခန့်ညားနေသည့် ဦးနေ ဟိန်းကို တိမ်မည်းညို့ အလန့်တကြားကြည့်တော့ သူက နူးညံ့ စွာ ပြုံး၏။

အိုက်တင်တွေ မှားနေတယ်။

ဒါ သားအဖဖြစ်မယ့် အိုက်တင်မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ဒီလူကြီးငါ့ကို ဘယ်လိုအကြံအစည်နဲ့ ခေါ်လာတာလဲ။

တိမ်မည်းညို နောက်ကြောင်းပြန်ပြေးချင်စိတ် ပေါက်နေခဲ့သည်။

''ကျွန်မ တစ်ယောက်ထဲနေမယ်''

''ကောင်းတယ် ... ဒါ အဆင့်မြင့်ဟိုတယ်ပါ ဘာမှမဖြစ်ဘူး ... ဘေးခန်းမှာ ကိုယ်ရှိတယ်''

''အင် ... ''

လာပြန်ပြီ။ ကိုယ် ... တဲ့။ မင်း ... တဲ့။ တိမ်မည်းညို အထိတ်တလန့်နှင့် သူ့ကိုကြည့်နေစဉ် ဦးနေဟိန်း သူမကိုနေရမည့်အခန်းသို့ ခေါ်သွားလေသည်။

သူမ၏ အခန်းထဲသို့ သူပါဝင်လိုက်လာပြီး မနေတတ်၊ မထိုင်တတ်ဖြစ်နေသည့် တိမ်မည်းညိုကို နေတတ်အောင်သင်ပြပေးသေး၏။

''ကဲ ... ခဏနားပြီး ရေချိုး၊ အဝတ်လဲ၊ ပြီးရင် ကိုယ့်အခန်းမှာ ထမင်းစားကြမယ်၊ အောက်မှာဆင်းမစားတော့ဘူး နော် ... မင်းအနေကျုံ့မှာစိုးလို့''

''ဟုတ် ... ''

အီလည်လည်၊ ဘဝင်မကျလျှက်နှင့်ပင် တိမ်မည်းညို





အခန်းထဲမှာ သူနိုင်းသည့်အတိုင်း ရေချိုးဖို့စိတ်ကူးရသည်။

သူက အပြင်ထွက်သွားပြီးမှ အခန်းဝမှ လှမ်းပြောလေ၏။

''အခန်းတံခါးကို အမြဲပိတ်ထား၊ ကိုယ့်အသံကြားမှဖွင့်ပေး''

''ဟုတ် ... ဟုတ်ကဲ့ ... ''

အခန်းတံခါးကိုပြေးပိတ်ပြီး တိမ်မည်းညို အခန်းကို စိတ်မသက်မသာနှင့် ကြည့်လိုက်သည်။ သူမအတွက်တော့ အရာရာသည် ခမ်းနားလှပလွန်းပါဘိ။

သို့သော် တောထဲက ယုန်မည်းလေးဟာ နတ်သုဒ္ဓါကို မစားတတ်သကဲ့သို့ တိမ်မည်းညို ဘယ်အရာကိုမှ မမက်မောခဲ့။

ဇိမ်ခံကားကြီးကလည်း သူမကိုပျော်ရွှင်အောင် မစွမ်းဆောင်နိုင်။ လှပခမ်းနားသည့် ဟိုတယ်အခမ်းအနားကလည်း သူမကို မဆွဲဆောင်နိုင်ပါ။

ကိုယ့်အဖြစ်ကို ဘာဆက်လုပ်ရမှန်းမသိသဖြင့် စိတ်ညစ်စွာနှင့်ပင် တိမ်မည်းညို ခုတင်ကြီးပေါ်သို့ လှဲအိပ်ပစ်လိုက်သည်။

ရေကို အိပ်ရာနိုးမှ ချိုးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက် ... ဒေါက် ... ဒေါက် တိမ်မည်းညို"

တိမ်မည်းညို နားထဲမှာ ခေါ်သံလိုလိုကြားရသဖြင့် လူးလဲထထိုင်မိတော့ အခန်းထဲမှာ လျှပ်စစ်မီးတွေ လင်းနေပေပြီ။

ဦးနေဟိန်း၏အသံမှန်း မှတ်မိသဖြင့် သူမ ကမန်းကတန်း တံခါးဖွင့်ပေးရ၏။

"ရေမချိုးရသေးဘူးလား၊ မင်းမလာနိုင်တာနဲ့ လိုက်လာတာ၊ ကဲ ... ရေ အခုချိုး၊ ကိုယ်စောင့်နေမယ်"

ဦးနေဟိန်းက သူမအခန်းထဲမှ ဆိုဖာတစ်ခုပေါ်တွင်ထိုင်လိုက်ပြီး အမိန့်ပေးနေသည်ကြောင့် တိမ်မည်းညို မနေသာတော့ပေ။

"ရ ... ရပါတယ် ဦးနေဟိန်း ... ကိုယ့်အခန်းကပဲ





ပြန်စောင့်ပါ ကျွန်မ ရေချိုးပြီး လာခဲ့ပါ့မယ်"

"ရတယ် ... ကိုယ်စောင့်နေမယ်"

"အယ် ... ဘယ်ဖြစ်မလဲ ကျွန်မ ရှက်တယ်"

သူမ ပွင့်ပွင့်လင်းလင်းပင် ပြောပစ်လိုက်တော့ ဦးနေဟိန်း သူမကို ကျောပေးထိုင်လေ၏။

"ရတယ် ကိုယ်လှည့်မကြည့်ဘူး စိတ်ချ"

"ခက်လိုက်တာ ... "

သို့ပေမယ့် ယခုမှ မြင်ဖူးသည့် ကိုယ့်ကိုမွေးစားမည့်လူတစ်ယောက်ကို သူမ ဒီထက်ပိုပြီး ဆင်ခြေမတက်ရဲတော့ပါ။

မကျေနပ်မှုကြောင့် ထန်တင်းနေသည့်စိတ်ကို အတတ်နိုင်ဆုံး ချိုးနှိမ်ရင်း သူမရေချိုးရသည်။ အဝတ်လဲရသည်။

လိမ်းခြယ်စရာ ဘာမှမရှိသည်ကြောင့် ဖြူစင်းဝင်းနုနေသည့် သူမ၏မျက်နှာလေးက ပကတိအတိုင်းပင်။

ရေချိုးတာရော အဝတ်လဲတာပါ ဆယ်မိနစ်။

"ပြီးပြီ ... "

"ဟင် မျက်နှာဘာမှ မလိမ်းဘူးလား"

"မလိမ်းတော့ဘူး သွားမယ်"

တိမ်မည်းညို အခန်းပြင်သို့အရင်ထွက်ရာ ဦးနေဟိန်းက



www.burmeseclassic.com

www.burmeseclassic.com



ပင် အခန်းကို သော့ခတ်လိုက်သည်။

ချည်ထည်ခရမ်းရောင်ဝမ်းဆက်လေးဝတ်ထားတော့လည်း တိမ်မည်းညို လှနေတာပါပင်။

သည့်အခန်းမှထွက်ပြီး တစ်ဖက်ဘေးခန်းသို့ဝင်ရသည်။ ဦးနေဟိန်း အခန်းထဲမှာစားသောက်စရာတွေအသင့်။ ပူပူနွေး နွေးနှင့် မွှေးမွှေးပျံ့ပျံ့။

''ဒရိုင်ဘာရော''

''သူ အောက်မှာစားတယ်''

ဦးနေဟိန်းက တိမ်မည်းညိုအတွက် စားသောက်ရန်ပြင် ဆင်ပေးလေ၏။

''ကဲ ... စား မနက်စာနဲ့ ညစာပေါင်းစား''

ပေးထားသည့်တူတွေ၊ ခက်ရင်းတွေကိုဖယ်ပြီး တိမ်မည်း ညို လက်ဆေးစားတော့ ဦးနေဟိန်း ပြုံးလေသည်။

ပြီး ... ပြီးပေ့ါ။ သူ့ပုံစံတောင် နူတ်ခမ်းမွှေးတွေ၊ မုတ် ဆိတ်မွှေးတွေနဲ့ဟာ။ ရှည်တာလည်းမဟုတ်။ တိုနံ့နံ့နဲ့။ တိမ်မည်း ညို ဦးနေဟိန်းကို မကျေနပ်ပါ။ ရင်ထဲမှာ လိပ်ခဲတည်းလည်း။ ပုံစံမဟန်ရင်တော့ ရှာပြန်ပြေးမယ်။

တစ်ခုရှိသည်မှာ သူမကို အလွယ်တကူပြန်လွှတ်မပေးဘဲ





ချုပ်နှောင်ထားမှာ၊ နှိပ်စက်မှာတွေပါပဲ။ သို့သော် သူ့ဥပဓိက ဒီလောက်တော့ အောက်တန်းကျမနေ။ လူဆိုးရုပ်လည်း ထွက် မနေပါ။

ငါတော့ မီးစင်ကြည့်ကရတော့မှာပဲ။ လောလောဆည် ထမင်းစားလိုက်ဦးမယ်။ အလိုက်အထိုက် ကြည့်လိုက်ဦးမယ်။

မနက်ကတည်းက ဟုတ်တိပတ်တိ ဘာမှမစားရသေး သည်မို့ တိမ်မည်းညို စားပွဲပေါ်မှ အစားအစာများကို ဗိုက်ပြည့် လျှင်ပြီးရောပုံစံဖြင့် ခပ်ကြမ်းကြမ်း စားပစ်လိုက်သည်။

ဝတ်စား၊ မွတ်စားပုံစံများပေါက်သွားလေသလားမသိ။ ငါ့ကို အီသီယိုးပီးယားကလာတယ်လို့ထင်မှာပဲ။ ထင်ပါစေ။

ဖေဖေမရှိတော့ကတည်းက ထမင်းနဲ့ငါးပိနဲ့စားနေခဲ့ရ သည်မို့ တိမ်မည်းညို ပုံစံက အနည်းငယ်ပိန်မြောင်းမြောင်း။ ယခုကျ ငါးကင်တွေ၊ ပုဇွန်တုပ်တွေ၊ ကြက်သားတွေမို့ ဝတ်ခဲ့ သမျှ တိမ်မည်းညို စားပစ်လိုက်သည်။

စိတ်ပေါက်ပေါက်နှင့်ပါပဲ။ ဘယ်လိုမှ အဆင်ပြေလာမှာ မဟုတ်လောက်သည့်ဘဝအတွက် တိမ်မည်းညို စိတ်ကိုလွှတ် ပေးပစ်လိုက်သည်။

ပလုပ်ပလောင်းစားနေရင်းမှ တိမ်မည်းညို ဦးနေဟိန်းကို



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကျုံ့ကြည့်ပစ်လိုက်၏။ အင်း ... သူမကသာ ရန်လို နေတယ်။ သူကတော့ ကရုဏာသက်သည့်အကြည့်နှင့် တိမ်မည်း ညိုကို ဖွန်းခက်ရင်းတွေချပြီး ကြည့်နေလေသည်။ သူ့ရုပ်က ဖြူဖြူစင်စင်။

''စားလေ စားလို့ကောင်းလား''

''ဟုတ်''

ခပ်တည်တည်နှင့်ပင်။ တိမ်မည်းညို ဆက်စားပစ်လိုက် ၏။ ဝေသာလီပြည် ဘီလူးကျသည့်နှယ်။ ကဲ ... ဦးနေဟိန်း။ ကျွန်မကို မွေးဖို့စိတ်ပျက်သွားပြီလား။ ကလီကမာလုပ်မယ် စိတ် မကူးနဲ့နော်။

အတန်ကြာမှ သူမစားလို့ သောက်လို့ပြီးသွားသည်။ စား ပြီးသွားတော့ တိမ်မည်းညို ကိုယ့်အခန်းပြန်ဖို့ နေရာမှထရပ် သည်။

''နေဦး ... မင်းကို ဆွေးနွေးစရာတွေရှိသေးတယ်၊ ခဏထိုင်နေဦး''

ဦးနေဟိန်းစကားကြောင့် တိမ်မည်းညို နေရာမှာအီလည် လည်နှင့် ပြန်ထိုင်ရသည်။

သူစားလို့ပြီးသွားတော့ အောက်သို့အကြောင်းကြားလိုက်





သဖြင့် စားပွဲလာသိမ်းသွား၏။

''လာ ... ဒီဘက်ကိုလာထိုင် ... နားနားနေနေပေါ့''

ဦးနေဟိန်းက သူမကို ခုတင်ဘေးရှိ ဆိုဖာများမှာလာထိုင် စေရာ တိမ်မည်းညို စိတ်ကိုတင်းပြီး သွားထိုင်ရသည်။

သူမကို ဘာမှမပြောသေးဘဲ သူကသက်သောင့်သက်သာ နှင့်ပင် စီးကရက်သောက်နေလိုက်သေး၏။ ငေးမောနေလိုက် တာလည်း သည်အခန်းထဲမှာ တိမ်မည်းညို ရှိနေတာကိုပင် မေ့နေသည့်ပုံ။ တိမ်မည်းညို စိတ်မရှည်ချင်တော့ပေမယ့် ရှည် ပေးနေရသည်သာ။

အတန်ကြာမှ ဦးနေဟိန်း စကားစပြောလာခဲ့သည်။

''မင်းကို ငါ့အကြောင်းတွေ အရင်ပြောပြမယ်၊ ကျေးဇူး ပြုပြီး စိတ်ဝင်စားစွာနားထောင်ပါ၊ အခု ကိုယ့်အိမ်မှာ ပြဿနာ တွေက မိုးမီးလောင်တာထက် ဆိုးနေလို့''

သူက ဒီလိုစကားစလာခဲ့လျှင် တိမ်မည်းညို မျက်ခုံးပင့် သွား၏။ သူတို့လို လူမျိုးတွေမှာလည်း ပြဿနာတွေရှိနေသတဲ့ လား။

တိမ်မည်းညို ခေါင်းညိတ်ပြလိုက်သည်။

''ကိုယ့်ဇနီးမဆုံးခင်ကတော့ ... ကိုယ့်ဘဝဟာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပါတယ်၊ တစ်ခုပဲ ကိုယ်တို့မှာ သားသမီးမရခဲ့ဘူး''

''ဟင်''

ဒါဆို ဦးနေဟိန်းဟာ မုဆိုးဖို၊ သားသမီးမရှိ။ ဘုရားရေငါ့ကိုများ သိမ်းပိုက်မလို့ခေါ်လာတာလား။ တိမ်မည်းညို မျက်ဖြူဆိုက်ပျာယာခတ်သွားလျှင် ဦးနေဟိန်းက လက်ကာပြီး အပြုံးနှင့် နှစ်သိမ့်သည်။

''စကားကို ဆုံးအောင်နားထောင်ပါ တိမ်မည်းညို၊ အစိုးရိမ်မကြီးပါနဲ့ ... ငါ့အပေါ် မကောင်းမထင်ပါနဲ့''

သူ့နှစ်သိမ့်စကားကြောင့် တိမ်မည်းညို အနည်းငယ်စိတ်အေးသွားပုံပေါက်မှ ဦးနေဟိန်း သူ့စကားကိုရှေ့ဆက်သည်။

''နောက် ... သိမ့်ဆုံးသွားတော့လည်း ကိုယ်နေလို့အဆင်ပြေပါတယ်၊ အဲ ... တစ်နှစ်လောက်လည်းကြာရော ပြဿနာက အကြီးအကျယ်တက်လာတယ်''

တိမ်မည်းညို ဦးနေဟိန်းစကားကို နားမလည်။ မိန်းမဆုံးခါစက ပြဿနာမတက်ဘဲ တစ်နှစ်ကြာမှ ဘာလို့ပြဿနာတက်ပါလိမ့်။

''ကိုယ့်ယောက္ခမကြီးနဲ့၊ ကိုယ့်ခယ်မနဲ့အိမ်ပေါ်ရောက်လာကြပြီး ခယ်မနဲ့ဆက်ယူကြဖို့ ကြိုးစားနေကြတယ်''





''ကောင်းသားပဲ''

တိမ်မည်းညို ဝမ်းသာအားရနှင့်ထောက်ခံမိလျှင် ဦးနေဟိန်း ဒေါသထွက်လေ၏။

''ဘာကောင်းတာလဲ ... ငါ့ကိုလာပြီး လက်ဝါးကြီးအုပ်တာ ငါ့မှာကျန်တဲ့ပစ္စည်းဥစ္စာတွေကိုမက်လို့ အကြံနဲ့စီစဉ်ကြတာ''

''ဘာပဲဖြစ်ဖြစ် ဦးလေးမှာလည်း မိန်းမ မရှိတဲ့အတူတူ သူတို့စီစဉ်တာမကောင်းဘူးလား၊ ဘာလဲ ဦးလေးခယ်မက အရုပ်ဆိုးပြီး အသက်ကြီးနေလို့လား''

''ငါပြောတာသာ နားထောင်နေစမ်းပါ၊ တိမ်မည်းညို ဘာမှမသိဘဲ မင်းလျှောက်ပြောမနေစမ်းပါနဲ့''

''ကောင်းပါပြီ ... ဒါပေမဲ့ တစ်ခုလောက်တော့သိချင်လွန်းလို့မေးပါရစေနော်၊ ဦးလေးမိန်းမဆုံးဆုံးချင်းကတော့ သူတို့ဘာလို့တက်မလာကြတာလဲ''

''အဲဒီတုန်းက စိမ့်ကယောက်ျားနဲ့မကွဲသေးဘူးလေ''

''ဟာ ... ဒါဆို ဦးကတစ်ခုလပ်မို့ မယူချင်တဲ့သဘောပေါ့ ... ဘာနာစရာရှိလဲ ဦးလေးရယ်၊ ကိုယ်ကမုဆိုးဖို ... သူက တစ်ခုလပ်''

''တိမ်မည်းညို ... ''



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဟိန်း ဒေါသတကြီးနှင့် ဆောင့်အော်လိုက်လျှင် တိမ်မည်းညို ဇက်ပုသွားရ၏။

''မင်း ... တော်တော်အလိုက်ကမ်းဆိုးမသိပါလား၊ မင်းက ငါ့ကို ဘာအောက်မေ့နေသလဲ၊ ဘာမှတန်ဖိုးမရှိတဲ့ နလပိန်းတုံးကြီးမှတ်နေသလား၊ လောကကြီးအကြောင်းရော မင်းဘာနားလည်သလဲ၊ ဘာမှမသိဘဲနဲ့ ငါ့ကိုလုံးဝမဝေဖန်နဲ့''

ဦးနေဟိန်း ခြသေ့ကြီးတစ်ကောင်လို မာန်ဖီဟိန်းဟောက်နေလျှင် တိမ်မည်းညို ငြိမ်ကုတ်နေရပါ၏။ ဟုတ်တာပဲလေ။ သူ့အရည်အချင်းတွေကို ဘာမှလည်း မမြင်ရသေးဘဲနဲ့ ငါစကားပြောတာရမ်းသွားတယ်။ ဖောင်းဖြစ်သွားတယ်။

ဘာစကားမျှ မပြောရဲတော့ဘဲ တိမ်မည်းညို မျက်နှာငယ်လေးနှင့်ရှိနေတော့မှ ဦးနေဟိန်း သူ့စိတ်သူ့ပြေလျော့လေသည်။

အခန်းထဲမှာ အထူးတိတ်ဆိတ်နေလေဆဲ။ အတန်ကြာမှ ဦးနေဟိန်း စကားဆက်၏။

''လောကကြီးထဲမှာ ပညတ်ချက်တွေ အများကြီးပဲ တစ်ခုလပ်၊ အပျိုစင်၊ မုဆိုးမ ဆိုတာတွေထက် ကိုယ်ပိုင်အရည်အချင်းတွေက ပိုပြီးအရေးပါတယ် ... စိမ့်က သိမ့်လိုမဟုတ်ဘူး၊ သိမ့်က ဣန္ဒြေရှိတယ်၊ အိမ်ထောင်မှုနားလည်တယ်၊ အသုံးနဲ့





အဖြုန်းကို နားလည်တယ်၊ အကောင်းဆုံးအချက်က လင်သားအပေါ် သစ္စာရှိတာပဲ''

ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေသလား။ လွတ်တဲ့ငါး ကြီးပြနေသည့် ဦးနေဟိန်းအား တိမ်မည်းညို အသာခိုးကြည့်နေရပါ၏။ ရဲရဲတောင်မကြည့်ဝံ့။ တည်ကြည်လေးနက်လှသည့် ဒီလူကြီးဟာ သူမအပေါ်လည်း မတရားတော့လုပ်မည်မထင်။

''ငါ့ခယ်မ စိမ့်ကျတော့ ဒီလိုမဟုတ်ဘူး ... အပျိုထဲက ဆတ်စလူး၊ ဆိုရှယ်ကျတယ်၊ ငွေသုံးကြီးတယ်၊ အခုယောကျ်ားရတော့လည်း ဆေးစွဲတဲ့ကောင်နဲ့၊ ကွဲတယ်ဆိုတာလည်း ဟုတ်ချင်မှဟုတ်မှာ၊ ဟုတ်လည်း ဒီလိုမိန်းကလေးမျိုးကို ငါ့စည်းစိမ်ပုံမအပ်နိုင်ဘူး၊ တစ်မိသားစုနဲ့တစ်မိသား လက်ထပ်ကြတယ်ဆိုတာ လွယ်တာမှတ်လို့ ... ခြတစ်ကောင်လို ကြိုးစားရှာဖွေခဲ့ရတဲ့ စည်းစိမ်ဥစ္စာတွေကို ကိုယ်မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ရဲ့လက်မှာ အကုန်ခံမခံနိုင်ဘူး''

''ဦးလေးရယ် ကိုယ်မနှစ်သက်လည်း မယူရုံပေါ့၊ ဘာခက်တာလိုက်လို့ ... ''

တိမ်မည်းညို မနေနိုင် မထိုင်နိုင် တစ်ခွန်းဝင်ထောက်မိပြန်၏။ ဟုတ်တယ်လေ။ ကိုယ်ကယောကျ်ားပဲ။ ဘယ်မိန်းမက



www.burmeseclassic.com

www.burmeseclassic.com



အတင်းဖက်တက်မှာတဲ့လဲ။

သို့သော် ဦးနေဟိန်းက မသက်မသာနှင့် ခေါင်းကိုဖြည်းညင်းစွာခါယမ်းနေခဲ့သည်။

"မင်းမသိပါဘူး တိမ်မည်းညို့ရယ်၊ သူတို့က ပရိယာယ်တွေ၊ မာယာတွေနဲ့ ငါ့ကိုတိုက်ကွက်ဆင်နေကြတာ၊ အတင်းနှင်ချရအောင်လည်း သေဆုံးသွားတဲ့ သိမ့်ရဲ့မျက်နှာက ရှိသေးတယ်၊ ဒါကြောင့် ငါမင်းကိုခေါ်လာခဲ့တာ ..."

"ဘာဆိုင်လို့လဲ"

တိမ်မည်းညို့ အလန့်တကြားမေးခွန်းထုတ်လေလျှင် ဦးနေဟိန်း သူထိုင်နေသည့်ဆိုဖာ နောက်မှီပေါ်သို့ ခေါင်းမှီကာ မျက်စိမှိတ်ထားလေ၏။ တော်တော်နှင့်မျက်စိဖွင့်မလာ။ တိမ်မည်းညို့ အဖြေကို မတွေးရဲ။

အတန်ကြာမှ ဦးနေဟိန်းထံမှ စကားသံထွက်လာခဲ့သည်။ သူ့အသံတွေ တုန်ယင်အက်ကွဲနေတာ စိတ်ထိခိုက်လို့လည်း ဖြစ်မည်။

"ကမ္ဘာမီးလောင်လို့သားကောင်ချနင်းတယ်လို့တော့မပြောပါနဲ့ကွယ်၊ ငါ တကယ်ပဲစိတ်မကောင်းပါဘူး၊ မင်းကို ဖြူဖြူစင်စင်နဲ့ပဲ မြေတောင်မြှောက်ပေးဖို့ကောင်းတာပါ ... ဒါပေမဲ့"





ရှေ့သို့စကားမဆက်နိုင်သလို ဦးနေဟိန်း ငြိမ်သက်သွားပြန်သည်။ တိမ်မည်းညို့ သေမိန့်ချခံရတော့မည့် တရားခံကို ဆောက်တည်ရာမဲ့မျှ။

ပြောစရာရှိလည်း မြန်မြန်ပြော။ ဘာဆက်လုပ်ရမလဲလို့ ကျွန်မစဉ်းစားရဦးမယ်။ ဦးနေဟိန်းထံမှ စကားသံအားတင်းလျှက် ထွက်ပေါ်လာပြန်၏။

"ကြောင်ရုပ်နဲ့ကြွက်သေ သဘောမျိုးပါပဲ တိမ်မည်းညို့ရယ် ... ငါ စိမ့်ကိုလုံးဝ လက်မထပ်နိုင်ဘူး၊ သူတို့က အတင်းအကြပ်မလုပ်ပေမယ့် သိတယ်မလား၊ အိမ်ပေါ်မှာတက်နေပြီး အပိုင်ကြံနေပြီလေ၊ သူတို့ကျွမ်းပါတယ်၊ နည်းလမ်းတွေကိုများလွန်းလို့ ငါဘယ်လိုနည်းနဲ့ကျဆုံးလိုက်မှန်းတောင် သိမှာမဟုတ်တော့ဘူး"

"မိန်းမတစ်ယောက်ယောက်ကို ဖျတ်ခနဲကောက်ယူလိုက်ရင် သူတို့လက်ကလွတ်မှာသိပေမယ့်၊ ကိုယ့်စိတ်က တစ်မျိုးပဲလေ၊ မိန်းမတစ်ယောက်ကို ငြီး ... ငြီးရော လက်မထပ်နိုင်ဘူး၊ ကိုယ့်ဘဝတစ်လျှောက်လုံး လက်တွဲသွားမယ့်မိန်းကလေးဟာ တစ်အချက် ကိုယ့်စိတ်ထဲက အရမ်းကိုမြတ်နိုးစုံမက်ရမယ်၊ စိတ်ကူးယဉ်ဆန်တယ်ပဲပြောပြော ကိုယ့်လိုအဖက်ဖက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေသေးမရှိ ပြည့်စုံနေတဲ့ယောကျ်ားတစ်ယောက်အတွက် အချစ်ဆိုတာ နှလုံးသားရဲ့ဆေးဖက်အဝင်ဆုံး အရာတစ်ခုပါ''

''ဒါကြောင့် စိမ့်လက်ကလည်းလွတ်အောင် ကိုယ်ချစ်မြတ်နိုးတဲ့မိန်းကလေးလည်း ချက်ချင်းမတွေ့သေးတာမို့ တိမ်မည်းညိုလို ဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ကို''

ဦးနေဟိန်း ခေတ္တအားယူလိုက်ပြီးမှ ...

''ကိုယ့်ဇနီးအဖြစ် ခေတ္တအယောင်ဆောင်ပေးဖို့ မေတ္တာရပ်ခံချင်တာပါ ... ''

''ရှင် ... ''

တွေးထင်ထားမိပေမယ့် တကယ်ကြားလိုက်ရသည့်အခါ တိမ်မည်းညို၏ရင်ထဲ မိုက်ခနဲ အသက်ရှူရပ်သွားသလို ခံစားလိုက်ရပြီး သူမ၏မျက်ရည်တွေ ဘယ်နေရာ ဘယ်လိုစီးကျလာလိုက်မှန်းပင်မသိ။ သူမသိလိုက်တော့ သူမ၏မျက်ရည်တွေက တသွင်သွင် စီးကျလို့။

သူမအဖြစ်က မရှူနိုင်၊ မရှိုက်နိုင်။

''ဦးလေး ရက်စက်တယ်၊ ဦးလေး ... သမီးချင်းမစာဘူး၊ အဲလို အယောင်ဆောင်ဖို့ဆို ... လည်လည်ဝယ်ဝယ် မိန်းကလေးတွေကိုပြည့်လို့ ... ''





ရှိုက်သံ ပလုံးပထွေးနှင့် အရူးမီးဝိုင်းဖြစ်နေသည့် ကောင်မလေးကိုကြည့်ပြီး ဦးနေဟိန်း ရင်ထဲနင့်ခနဲ ခံစားလိုက်ရပြီး၊ သူမှားသွားပြီလားလို့ပင် နောင်တရချင်၏။

''မိန်းမလည်တွေဆို ကိုယ့်ကိုအပိုင်ချသွားမှာပေါ့ တိမ်မည်းညိုရယ် ... ပစ္စည်းရော လူရော အပိုင်စီးသွားမှာပေါ့၊ စိမ့်တို့ခွာသွားအောင် ကိုယ်က လက်ထပ်စာချုပ်ပြရမှာလေ၊ အခြားမိန်းမတွေဆို ကိုယ့်ကိုဘယ်အလွတ်ပေးတော့မလဲကွယ်၊

ကိုယ် မတရားဘူးလို့မပြောလိုက်ပါနဲ့နော် ... မင်းကို စာရွက်ပေါ်မှာပဲ လက်ထပ်ပြီး ကိုယ့်အိမ်မှာ ကိုယ့်တူမ၊ ညီမတစ်ယောက်လို ထားမှာပါ၊ မင်းရဲ့ဘဝ အဆင်ပြေအခြေကျတဲ့အထိ ကိုယ်တာဝန်ယူသွားမှာပါ ... မင်းနေလို့ ထိုင်လို့ရအောင် နေစရာနဲ့လုပ်ငန်းတစ်ခုခုလည်း ကိုယ်ထူထောင်ပေးသွားမှာပါ''

ဦးနေဟိန်း၏စကားတွေကို တိမ်မည်းညို မကြားတစ်ချက် ကြားတစ်ချက် ဘာပဲဖြစ်ဖြစ် သူမလိုရိုးသားဖြူစင်နုနယ်သူလေး အတွက် ဒီစကားတွေက သတ္တဝါနဲ့လက်နက်နဲ့မမျှ။

နံ့ပြီစုတ် အမြှောက်နဲ့ချိန်။

သူမ၏ နှလုံးသားလေးခမျာ စုတ်ပြတ်လုလု။ ဒဏ်ရာက ကြီးမားလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ... ဒီလို ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျွန်မတို့ကို မလိမ့်တပတ်လုပ်တာတော့ မကောင်းပါဘူး၊ ဦးလေး ရက်စက်တယ် ... ရက်စက်တယ် ... အီး ကျွန်မကို ကျွန်မကို ရွာပဲ ပြန်ပို့ပေးပါတော့၊ ကျွန်မဘာသာ ရွာမှာဆင်းဆင်းရဲရဲနေရ နေရ အီး ... "

ကလေးသာသာ အရွယ်လေးမှ ကလေးရုပ်မပျောက်သေးသည့် မိန်းမချောလေး၏ မာယာကင်းစင်သည့် သောကပရိဒေဝတွေက မျက်ရည်တစ်ပက်၊ နှပ်တစ်ဖက်။

ဦးနေဟိန်း၏ စက္ကူဖြူစိမ်ကိန်းတွေပင် လွင့်ပျောက်လုလု။ တကယ့် အရိုင်းသက်သက်၊ ဖြူစင်နုနယ်သူလေးပါလား။

သူ ဝမ်းနည်းလွန်းလို့ ဆောက်တည်ရာမရ တုန်လှုပ်ငိုကြွေးနေသည့်ကောင်မလေးအား ကြင်နာစွာဖေးမချင်သဖြင့် သူမ၏အနားရှိ ဆိုဖာသို့ သွားထိုင်လိုက်သည်။

တိမ်မည်းညို၏ ပခုံးလေးကို ယုယစွာဖေးမပြီး ဦးနေဟိန်း နှစ်သိမ့်လိုက်သည်။

"တိတ်ပါ ကလေးရယ် ... ကိုယ်မှားပါတယ်၊ ကိုယ့်အဖြစ်နဲ့ကိုယ်ပဲရှိပါစေတော့၊ မင်းအကူအညီမပါဘဲ ကိုယ့်ဘာသာကိုယ့်ပြဿနာကို ဖြေရှင်းပါတော့မယ်"





"တစ်ခုတော့ရှိတယ်နော်၊ ကိုယ့်အိမ်ကိုမင်းသခင်မအဖြစ်နဲ့ဝင်ချင်ဝင် မဝင်ရင်တော့ မင်း စိမ့်တို့အုပ်စုရဲ့လက်အောက်မှာ အရမ်းစိတ်ဆင်းရဲရလိမ့်မယ်"

"အို ... ဦးလေး သူ့ကိုမယူနဲ့ပေါ့၊ တခြားတစ်ယောက်ယောက်ကို အမြန်ဆုံးရှာယူ"

သူကလေး၏ ငိုရင်း ရှိုက်ရင်းမှ ကလေးဆန်ဆန်ရန်တွေ့သံကြောင့် ဦးနေဟိန်း မချိပြုံး ပြုံးရင်း သူမ၏ခေါင်းလေးကို ညင်သာစွာ ပွတ်လိုက်သည်။

"အေးပါကွယ် ... အေးပါ ကြည့်လုပ်ကြတာပေါ့ ... ကဲ ... ကဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေတော့နော်၊ ကိုယ့်ကို မကူညီနိုင်ရင်လည်းနေပါ၊ မင်းကို အဆင်ပြေအောင် ကိုယ်လုပ်ပေးပါ့မယ်၊ ဥပမာ ... ကိုယ့်အိမ်မှာနေလို့ အဆင်မပြေရင်လည်း အဆောင်မှာထားပေးမယ်၊ ကိုယ်တာဝန်ယူပါ့မယ်"

သူ့အိမ်မှာ စိမ့်တို့အုပ်စုဟာ တော်တော်ပဲအခြေအနေဆိုးနေလို့လား။ ဘာပဲဖြစ်ဖြစ် သူ့စကားတွေကြောင့် တိမ်မည်းညို၏နုနယ်သည့် နှလုံးသားလေးခမျာ ဟုန်းခနဲရင့်ကျက်ကြီးပြင်းလာတော့သယောင်။

ဘဝဆိုတာ အကွေ့အကောက်တွေများလိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဘဝဆိုတာ တကယ်မလွယ်ပါလား။

ဦးနေဟိန်းအနားမှ သူမထရပ်လိုက်ပါသည်။

"ကျွန်မ ခေါင်းတွေအရမ်းနောက်သွားပြီ ... ကျွန်မဘဝ၊ ကျွန်မအသက်အရွယ်နဲ့စာရင် ဦးလေးတင်ပြလာတဲ့ ပြဿနာက ကြီးလွန်းအားကြီးနေတယ်၊ ကျွန်မကို နားခွင့်ပြုပါတော့"

"ကောင်းပါပြီကွယ် ... ကိုယ်ပေးနိုင်တဲ့ကတိကတော့ ကိုယ် တိမ်မည်းညို့ကို အတတ်နိုင်ဆုံး စောင့်ရှောက်မယ်၊ စိတ်ချမ်းသာစေရမယ်ဆိုတာပါပဲ ... ကိုယ့်ကြောင့် မင်းဘယ်တော့မှ ဒုက္ခမရောက်စေရပါဘူးလေ"

"ကျေးဇူးတင်ပါတယ် ဦးလေး ..."

တိမ်မည်းညို့ ဦးနေဟိန်း အခန်းမှ ထွက်လာခဲ့ပြီး ကိုယ့်အခန်းကိုယ်ပြန်ရောက်သည်နှင့် မျက်ရည်များ စိတ်ဒဏ်ရာများကြားမှာ မောပန်းအိပ်ပျော်သွားခဲ့လေသည်။



နောက်တစ်နေ့ နံနက်(၇)နာရီမှာ တိမ်မည်းညို့ ခရီးထွက်ဖို့ အဆင်သင့်။

ဘာပဲပြောပြော လောလောဆယ် ဦးနေဟိန်းသာ သူမအတွက် အားထားစရာ။ သူ ကတိပေးထားသည်မဟုတ်ပါလား။ သူမ၏ဘဝအခြေကျသည်အထိ တာဝန်ယူစောင့်ရှောက်ပါမည်လို့လေ။

သူမ၏ဘဝသည် ဖြစ်စဉ်ဖြစ်လေ့အတိုင်း သမားရိုးကျမဟုတ်ပေမယ့် တိမ်မည်းညို့ လိမ္မာပါးနပ်စွာ ဘဝကိုသက်ခိုးလိုက်ပြီး ရှူတတ်ရပေတော့မည်။

ဇနီးယောင်ဆောင်ရမတဲ့။ ကြုံကြုံဖန်ဖန် စာရွက်ပေါ်မှာပဲလက်ထပ်တယ်ဆိုပေမယ့် တော်ကြာ တကယ်ယူနေရလျှင်မခက်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။

အို ... တိမ်မည်းညို အိမ်ထောင်မကျချင်ပါဘူး။ တိမ်မည်းညို၏ ပန်းတိုင်ဟာ စိန်နားကပ်ရောင်နှင့်ပါးပြောင်ဖို့မဟုတ်။

ဒီလို ဘုမသိဘမသိနှင့် ဘဝကိုမပြီးဆုံးချင်။ ခက်လိုက်တာနော်။

အေးလေ။ ဦးလေးက သူ့စကားသူ ရုပ်သိမ်းသွားပြီပဲ။ သူ့ဥပမိကြည့်ရတာ တည်ကြည်ပြီး တရားမျှတပုံရပါတယ်။ ပြီးရောပေါ့။

တိမ်မည်းညို စဉ်းစားရင်ပူနေလေဆဲ။ သူမ၏အခန်းတံခါးကို ဦးနေဟိန်း လာခေါက်ခဲ့သည်။

''တိမ်မည်းညို''

''လာပြီ ... ဦးလေး''

သူမ တံခါးဖွင့်ပေးလိုက်လျှင် ဦးနေဟိန်းကို အခန်းရှေ့မှာ တွေ့လိုက်ရသည်။

''ဟင် ... ''

မျက်နှာမှ ထိုးထိုးထောင်ထောင်အမွေးတွေကို ရိတ်သင်ထားသဖြင့် စိမ်းဖန့်နုနယ်သွားသည့်ရုပ်က သူမထင်ထားတာထက်ပိုငယ်သွား၏။





အသက်လေးဆယ်ကျော်အရွယ်မဟုတ်တော့။ ကေန္တ ဦးလေးဟာ မျက်လှည့်ဆရာကြီးလား။

တိမ်မည်းညိုကို ရွာမှာမွေးစားဖို့လာခေါ်တုန်းကတော့ အရွယ်ရင့်နေပြီး ခုကျ အသက်ဆယ်နှစ်လောက်ငယ်သွားတော့ သလို။

''ကဲ ... လာ သွားကြစို့၊ အောက်ထပ်စားသောက်ခန်းကျမှ စားသောက်ပြီး တစ်ခါတည်း ခရီးဆက်မယ်''

''ဟုတ် ... ဟုတ်ကဲ့ပါ ဦးလေး ... ''

ယူစရာရှိတာ တစ်ခါတည်းယူခဲ့ပြီး တိမ်မည်းညို ဦးနေဟိန်းနောက်သို့ အပြေးအလွှားလိုက်ရသည်။ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်အစင်း လက်တိုဝတ်ထားသည့် ဦးနေဟိန်း၏ပုံစံက စိတ်မြန်၊ ကိုယ်မြန်။ မနေ့ကလို လူကြီးပုံစံမဟုတ်တော့။ ဖျတ်ခနဲ လူငယ်ပုံပေါက်သွား၏။

အေးလေ အသက်သုံးဆယ်ကျော်ဆိုတာလည်း အဖိုးကြီးမှ မဟုတ်သေးတာ။

သို့ပေမယ့် တိမ်မည်းညို၏ စိတ်မှာဖြူစင်လွန်းသဖြင့် ...အရောင်မှမဝင်။ သူမ စိတ်ထဲမှာ ကျောင်းဆက်တက်ဖို့ ...ဝမှာ မြင့်မြင့်မားမားနှင့် အခြေကျဖို့သာ။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်မားမားဆိုတာလည်း ဥစ္စာပစ္စည်းရှိဖို့မဟုတ်ပါ။ ဆရာဝန်မကြီးတို့ အထက်တန်းပြဆရာမကြီးတို့ ဒါမှမဟုတ် တစ်ခုခုပေါ့ ဖြစ်ချင်သည်။

အောက်ထပ်မှာ စားသောက်ပြီးစီးသွားသည်နှင့် လမ်းခရီးအတွက် လိုအပ်သည့်မုန့်များ၊ စားသောက်စရာများကို ဝယ်ယူဖြည့်တင်းပြီး သူတို့ရန်ကုန်သို့ ခရီးဆက်ခဲ့လေတော့သည်။

ဒရိုင်ဘာက ရှေ့မှမောင်းနေပြီး ကားနောက်ခန်းထဲမှာ ဦးနေဟိန်းနှင့်တိမ်မည်းညို စီးနင်းလိုက်ပါလာရသည်မှာ သက်သောင့်သက်သာ။

တိမ်မည်းညိုက ကလေးအရွယ်မို့ လမ်းခရီးများကို ငေးမောရင်း အပူအပင်ကင်းစွာ ငိုက်မြည်းလာခဲ့ပေမယ့် နေဟိန်းမှာ ရင်ထဲသောကတွေက တောင်ပုံယာပုံ။

စိမ့်နှင့်ဒေါ်ဘေမီတို့ သားအမိဟာမလွယ်။ ချစ်ဇနီးသိမ့်၏မျက်နှာကိုထောက်ထားရဦးမည်ဖြစ်သဖြင့် သူတို့ကို လာမနေနဲ့ဟု နှင်ချလို့မဖြစ်။

အကြောင်းပြချက်ကလည်း လှမှ ... လှ။ ဒေါ်အေမီရဲ့နှလုံးရောဂါကို လာကုသနေသည်ပေါ့လေ။ မော်လမြိုင်မှရန်ကုန်သို့ ဆေးလာကုနေခြင်းကို နေဟိန်း မည်သို့တားဆီးနိုင်မည်နည်း။





မိခင်ကို စိမ့်ဆိုသည့် သူ၏ခယ်မ၊ တစ်ခုလပ်မက လိုက်ပါပြုစုနေသည်။ သူတို့ရောက်တာ တစ်ပတ်လောက်ရှိတော့ နေဟိန်းမျက်ဖြူဆိုက်လာရသည်။ သူမတို့၏ အကြံအစည်ကိုလည်း ရိပ်စားမိရသည်။

ဒါကြောင့် မဟောသဓာလို အမရာဒေဝီကိုတန်းခနဲတွေ့မလားလို့ ခင်မင်ခဲ့ဖူးသည့် ဦးဘကောင်းတို့ဘက်သို့ ရှောင်ထွက်လာလိုက်သည့်အခါ သူတို့ပြောဆိုနေကြသည့် ‘‘တိမ်မည်းညို’’ ဆိုသည့် ချာတိတ်မလေးအကြောင်းကို သိလိုက်ရသည်။

သည်အခါ သူ့ခေါင်းထဲမှာအချက်ပြမီးတွေက လက်ခနဲ။

ဒီချာတိတ်မလေးကို သူ့ကိစ္စကူညီပေးလိုက်ရင် ကိုယ့်ကိစ္စလည်း အကူအညီတောင်းလိုက်မည်ဟု။

အရေးကြီးတာ အိမ်ပေါ်မှာ စိမ့်တို့သားအမိကို အနိုင်ရဖို့ပဲ မဟုတ်ပါလား။

သို့ပေမယ့် မုန်းချက်နှင့်နှမ်းထွက်မကိုက်ဆိုသလို ချာတိတ်မက နားလည်မှုတွေ မပေးနိုင်ခဲ့သည့်အခါ။

နေဟိန်း သက်ပြင်းချလိုက်မိစဉ် ငိုက်နေရင်းမှ သူ့ပခုံးပေါ်သို့ ယိုင်ကျလာသည့် တိမ်မည်းညိုကြောင့် သူမျက်မှောင်ကျုံ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာ တောစံပယ်လေးပါလေ။

ငါ့ပြဿနာကို ငါ့ဘာသာ အခြားနည်းနဲ့ဖြေရှင်းပြီး သူ့ကို အကောင်းဆုံးကူညီစောင့်ရှောက်ပေးလိုက်ပါတော့မယ်။

စိတ်ကို ဒုံးဒုံးချလိုက်မှ နေဟိန်းလည်း သက်သောင့်သက်သာနှင့် ခရီးဆက်နိုင်ပေတော့သည်။



နားနားနေနေနှင့် မောင်းသွားသဖြင့် သူတို့ရန်ကုန်သို့ ရောက်တော့ ညနေ ငါးနာရီ။

တောသားနန်းတော်ထဲရောက်သလို ရန်ကုန်မြို့၏အလှကို ပါးစပ်လေးဟခါ အံ့သြကြည့်ရှုလာသည့် တိမ်မည်းညိုအား နေဟိန်း ပြုံး၍ကြည့်မိသည်။

ခုတော့ ပျော်ထားဦးပေါ့လေ။ စိမ့်တို့သားအမိနဲ့မတွေ့ခင် ပျော်ထားဦးပေါ့။

"တီ ... တီ"

ခမ်းနားလှပသည့် ခြံဝန်းတစ်ခုရှေ့မှာ ကားဟွန်းနှိပ်လိုက်တော့ ခြံဝမှာ စိမ့်ရောက်လာပြီး တံခါးဖွင့်ပေးခဲ့သည်။

"ကြာလိုက်တာ ကိုကိုကြီးရယ် ... ကိုကိုကြီးမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



စိမ့်တို့သားအမိ အားငယ်လိုက်တာ''

အသားက စက္ကူတစ်ရွက်နီးပါး ဖြူနုနေပြီး ကိုယ်လုံးလုံး သလောက် ဝတ်ထားလိုက်တာကလည်း ရက်စက်သည်။

သူမကိုယ်သူမ နိုင်ငံခြားရောက်နေသည်မှတ်နေလား မသိ။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် တစ်ခုလပ်ဆိုတာမေ့သွားပြီး အပျိုပေါက်ကလေးတစ်ယောက်လို ဝတ်စားကြည့်တာပဲဖြစ်မည်။

ရှော့ပင်အနက်ရောင်လေးက ပေါင်လယ်ထိသာရောက်ပြီး အပေါ်မှဝတ်ထားသည့်အင်္ကျီကလည်း ကြိုးလက်တစ်လုံးနှင့်။

လှပဝင်းမွတ်သည့်အသားစိုင်တွေ အကုန်ပေါ်ထွက်နေပြီး လှပသည့် မျက်နှာလေးကလည်း ရောင်စုံပန်းတွေ ဖူးပွင့်နေသည့် ပမာ။

ဟာ ဒါကြောင့် ဦးနေဟိန်း ထွက်ပြေးနေတာကိုး။ ခရာ လိုက်တာ ... တာလိုက်တာကလည်း တကယ့်ဆယ်နှစ်သမီး လေးနှယ်။

သူမဘက်မှ ကားတံခါးဖွင့်လိုက်ပြီး နေဟိန်းကို ယုယစွာ ကြိုဆို၊ လက်မောင်းကိုဆွဲဖက်ပြီး ပခုံးပေါ်ခေါင်းမှီရင်း ချွဲနွဲ့နေ သည့်ပုံက ဘေးမှမြင်ရသည့် တိမ်မည်းညိုပင် ကြက်သီးထရ သည်။ အသက်နှစ်ဆယ်ကျော်အရွယ်ပေမယ့် တကယ့်ဆယ်





ကျော်သက်လေးပမာ။ တကယ့်ကို မလွယ်ကြောပါလားလေ။

ငါဘယ်လိုဝင်ရပ်ရမလဲ။ ငါဘယ်လိုဆုံးဖြတ်ရမလဲ။

ဒီအတိုင်းဆို ဦးလေးတော့ ကျဆုံးမှာပဲ။ ငါလည်းသွား မှာပဲ။

ဒီတော့ ငါ့အပေါ် သက်ညှာတဲ့၊ စာနာထောက်ထားတဲ့ ဦးလေးကိုကူညီရာလည်းရောက်၊ ငါလည်းနေလို့ရအောင် ငါ သရုပ်ဆောင်ရတော့မှာပဲ။

ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်တဲ့။

စိမ့်က တွတ်တီးတွတ်တာ စကားတွေဆိုရင်း နေဟိန်းကို ခန္ဓာကိုယ်ချင်း ပွတ်သပ် ချွဲနွဲ့နေလျှင် နေဟိန်းစိတ်ညစ်၊ စိတ် အိုက်နေရာမှ ကားထဲသို့ တစ်ချက်လှည့်ကြည့်သည်။

ရှေ့ခရီးကို ဘယ်လိုဆက်ရမှန်းပင်မသိတော့။ အိမ်မှာရှိ သည့် အလုပ်သမားနှစ်ယောက်က ကားထဲမှာပါသောအထုပ် အပိုးများကို သယ်ဆောင်သွားကြလေသည်။

''လာလေ ကိုကိုရဲ့ ဘာတွေနောက်ဆံတင်းနေတာလဲ၊ ကားထဲမှာ ဘယ်သူကျန်သေးလို့လဲ ... ''

နေဟိန်းကို ခါးဖက်ပြီး အိမ်ဘက်သို့ဆွဲခေါ်သွားမည်ပြင် စဉ် တိမ်မည်းညို တစ်ဖက်တံခါးကိုဖွင့်ဆင်းပြီး မျက်နှာကြော



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းနှင့် လှမ်းပြောလိုက်သည်။

ရင်ထဲမှာတော့ ကြောက်ဒူးတွေတုန်လျှက်။

"ဦးလေး ... ဦးလေးပြောတော့ ဦးလေးမှာ မိန်းမ မရှိဘူးဆို၊ ညို့ကို ညာယူလာတာလား ..."

"ဘာ ..."

တိမ်မည်းညို၏ လမင်းလို ထွန်းသစ်လင်းလက်သည့် အလှနှင့် ခပ်တင်းတင်းစကားသံကိုကြားလိုက်ရလျှင် နေဟိန်းကို ဖက်တွယ်ထားသည့် စိမ့်၏လက်တွေ လန့်ပြီးကွာကျသွားသလို အလန့်တကြားအသံကလည်း ကြောက်ခမန်းလိလိ ထွက်ပေါ်လာခဲ့သည်။

"ကို ... ကိုကိုကြီး သူ ... သူက ဘယ်သူလဲ"

ငိုတော့မည့်ရုပ်နှင့် စိမ့်မှာ အလျှော့ပေးပုံတော့မရပေ။ အခြေအနေကိုကြည့်ပြီး နေဟိန်းကို လုလို့ရလျှင် လုယူမည့်ပုံ။ အိမ်ထဲသို့လည်း လှမ်းအော်လိုက်သေး၏။

"မာမီ ... မာမီရေ ... လာပါဦး ဒီမှာအရေးကြီးနေပြီ"

နှလုံးရောဂါသည်ပါဆိုသည့် ဒေါ်အေမီကလည်း သူ့အသက် ငါးဆယ်ကျော်နှင့်မမျှ။ ပြင်ဆင်ထားလိုက်သည်မှာ ဆေးဆိုးပန်းရိုက်သည်နှယ်။





ဂါဝန်ရှည်ကြီးကိုလည်းဝတ်လို့။ ကြဲကြဲဖန်ဖန် ပိန်ပိန်ပါးပါး ကိုယ်ခန္ဓာကတော့ ကိုယ်လုံးအလှကို တမင်ထိန်းထားတာပဲ ဖြစ်မည်။

"ဘာလဲ သမီး ... ဘာလဲ"

"ဒီမှာ ကိုကိုကြီးရယ် ... အဟင့် ဟင့် ... တောကို ကိစ္စရှိလို့သွားတာ ဘယ်ကအလေနတောမိန်းမကို ခေါ်လာတယ် မသိဘူး"

မျက်ရည်များနှင့် မူနွဲ့၊ စူကောက်နေပြီး နေဟိန်းကို ထုရိုက်နေလျှင် တိမ်မည်းညို ဘာတွေဆက်ပြီးလုပ်ရမှန်း၊ ပြောရမှန်းမသိတော့ချေ။

သူတို့က ကိုယ့်ထက်ပိုလည်သည့် ချကြိုးကဝေပညာသည်ကြီးတွေ မဟုတ်ပါလား။

သူမအဖြစ်က ပျားအုံတုတ်နဲ့ထိုးမိတာလား၊ မရဲဘဲ ကျွဲလှည်းစီးမိတာလား။

ဦးနေဟိန်းကိုသာ သူမ မော့ကြည့်နေမိလေတော့သည်။

နေဟိန်း ဘာဆက်လုပ်ရမယ်၊ ဘယ်လိုသရုပ်ဆောင်ရမယ်ဆိုတာ ရိပ်စားမိပေပြီ။ စိမ့်တို့သားအမိနှင့်သူတို့နှစ်ယောက် ပညာချင်းပြိုင်ရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပိုင်ပိုင်နိုင်နိုင် ဆွဲဖက်၊ ထုရိုက်နေသည့်စိမ့်ကိုဖယ်ကာ နေဟိန်း တိမ်မည်းညို၏အနားသို့ လျှောက်လာခဲ့သည်။ တိမ်မည်းညို၏ တုန်ယင်နေသည့်ကိုယ်လေးကို ယုတ္တိရှိအောင် ယုယစွာ ဆွဲဖက်ထားပြီးမှ ...

''အဲဒါ ကိုယ့်မိန်းမ မဟုတ်ပါဘူးညိုရယ်၊ ညို့ကိုရှင်းပြခဲ့သားပဲ ... အဲဒါ စိမ့်လေ၊ ကိုယ့်အရင်ဇနီးရဲ့ညီမလေ၊ ကိုယ့်ညီမလေးပဲပေါ့ကွာ၊ ညို့ကို ကိုယ်မညာပါဘူး ... ကဲ လာ အိမ်ထဲကျမှရှင်းပြမယ် ... ညိုလည်း ခရီးပန်းနေပြီ၊ သွားကြစို့''

တကယ့်ကို လှပခမ်းနားလှသည့် နှစ်ထပ်တိုက်လှလှကြီးကို တိမ်မည်းညို ရင်ထဲမှ အံ့ဩမိသလို အပြင်ဘက်မှလည်း ပါးစပ်အဟောင်းသား။

ဦးနေဟိန်းဟာ တော်တော်ချမ်းသာပါလား။ ဒါကြောင့် စိမ့်ကလက်မလွှတ်ချင်တာဖြစ်မယ်။ ငါကတော့ ဒီဥစ္စာပစ္စည်းတွေကို မမက်မောပါဘူးလေ။ သူ့ကို ကူညီချင်တာသက်သက်ပါ။

ဒီလို ပုံ့တန်တန်၊ နန့်တန့်တန့် မိန်းမတစ်ယောက်နဲ့လည်း ဦးလေးနဲ့မတန်ပါဘူး။ ဦးနေဟိန်းလို အစစအရာရာပြည့်စုံပြီး တည်ကြည်ခန့်ညားသည့် ယောကျ်ားတစ်ဦးဟာ ဣန္ဒြေရှိပြီး ချောမောလှပသည့် အပြစ်ကင်းစင်သည့် အမျိုးသမီးတစ်ယောက်





ကိုသာ ရွေးချယ်သင့်ပေသည်။

ဦးနေဟိန်း ပခုံးကိုဖက်ခေါ်လာသည့်အတိုင်း တိမ်မည်းညို အလိုက်သင့်လိုက်ပါလာရရင်း ဧည့်ခန်း၏ခမ်းနားလှပပုံကို မျက်လုံးထဲ မြင်နေရပြန်သည်။

ခမ်းနားလိုက်တာ။ ရုပ်ရှင်ထဲကအတိုင်းပဲ။ ကော်ဇောကြီးတွေ၊ ဆိုဖာတွေကလည်း လှမှလှ။ ဟိုတယ်က အခန်းထက်တောင် ကောင်းသေးတယ်။

ဆိုဖာတစ်ခုမှာ နှစ်ယောက်အတူယှဉ်ထိုင်ကြရာဝယ် ဦးနေဟိန်းက သူမကို ပခုံးဖက်ထားတော့ တိမ်မည်းညို မနေတတ်မထိုင်တတ်ဖြင့် ယောင်ပြီးရုန်းဖယ်မိ၏။

''ရှူး ... ယုတ္တိရှိအောင် သရုပ်ဆောင်နေတာလေ၊ သူတို့ကို လျှော့မတွက်နဲ့ လွတ်ထွက်သွားတဲ့ အိုက်တင်တစ်ကွက်အတွက် ကိုယ်တို့ တော်တော်ပေးဆပ်ရဦးမယ်''

သူမတို့နောက်မှာ စိမ့်နှင့်ဒေါ်အေမီတို့ ချက်ချင်းပါမလာ။ သူတို့သားအမိချင်းလည်း စည်းဝါးတိုက်ကြဦးမည်။ တိုက်ကွက်တွေဆင်ကြဦးမည်ထင်ပါသည်။

''ဘာတွေလွတ်ထွက်သွားခဲ့လို့လဲဟင်''

''ညိုက အစကတည်းက ကိုယ်ပြောတဲ့အတိုင်းသဘောမတူခဲ့တော့ ကိုယ့်ခေါင်းထဲမှာ အစီအစဉ်မရှိတော့ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကားပေါ်ကဆင်းကတည်းက မင်းကိုလက်ဆွဲဆင်းခဲ့ရမှာ၊ အခုကျ ... ကိုယ်က အရပ်ကြီးလို သူပြုသမျှနုနေရတဲ့ ဘဝကျမှ မင်းကကောက်ပြီးသရုပ်ဆောင်လိုက်တော့ တစ်ကွက်ဟာသွားခဲ့ရပြီ ... ''

''ဟင် ... ဒါ ... ဒါဆို ကျွန်မ သရုပ်ဆောင်တာအပိုဖြစ်သွားပြီလားဟင် ... ''

''မဖြစ်ပါဘူးကွယ်၊ ရှေ့ဆက်ပြီး တင်ရတော့မှာပေါ့၊ ကိုယ်ဆိုလိုတာက သူတို့သံသယရှိသွားနိုင်တာကြောင့် နည်းနည်းခက်ခဲနိုင်တယ်လို့ဆိုလိုတာပါ၊ စမိမှတော့ဖြစ်အောင်လုပ်ကြရုံပဲပေါ့ကွာ၊ မပူပါနဲ့ ... အဲ ဒါထက်ကိုယ့်ကို ဦးလေးလို့ချည်းစွတ်ခေါ်မနေနဲ့လေ ... ယုတ္တိရှိအောင် ကိုကိုတွေ၊ မောင်မောင်တွေ ခေါ်ပါဦး ... ကွယ်ရာကျမှ မင်းခေါ်ချင်သလိုခေါ်ပါ''

''အာ ... ဒါတော့ ... ''

သည်စဉ် ဒေါ်အေမီနှင့်စိမ့်မှာလည်း တိုက်ရှေ့ပန်းပင်များအနီးတွင် အရေးပေါ်တိုင်ပင်ဆွေးနွေးနေရပါချေ၏။

''မာမီ ဘယ်လိုလုပ်ကြမလဲ ... သမီးမှာ မာမီပြောလို့ ကိုဇော်ကိုကွဲပြီး သူ့ကိုဆွဲဆောင်လိုက်ရတာ ခုကျ ... ဟိုက ဖျတ်ဆို မိန်းမတစ်ယောက်ကောက်ယူလာခဲ့ပြီ''

''အို ... ဒီလို လွယ်လွယ်လုပ်လို့ဘယ်ရမလဲ သမီးရယ်၊





ဒီကောင်မကြည့်ရတာ အူတူတူ အတတပါ၊ တကယ်လက်ထပ်လာတဲ့ပုံလည်းမပေါ်ပါဘူး ... ကြည့်ပါလား လင်မယားပုံစံမှမထွက်တာ ... ယုတ္တိမရှိဘူး၊ နေဟိန်း လူလည်ကျတာပဲ ဖြစ်ရမယ်''

ဒေါ်အေမီမှာလည်း ဒေါသတွေအလိပ်လိုက်ထွက်နေရ၏။ ဒီလောက်ပြည့်စုံသည့် သမက်ကိုလက်လွှတ်မခံချင်။ အပိုင်တွက်ပြီး အိမ်ပေါ်ရောက်နေပြီးခါမှ ဒီလိုလုပ်လို့ရရိုးလား။

''မာမီကလည်း သူတို့က ခုမှလက်ထပ်ခါစဆိုတော့ ဘယ်လိုလုပ်ပြီး လင်မယားပုံစံထွက်ဦးမလဲ၊ ညတောင်အိပ်ချင်မှ အိပ်ခဲ့ရဦးမှာ''

''အိုအေ ... ညည်းမသိပါဘူး၊ လင်မယားပုံစံဆိုတာ တစ်ယောက်နဲ့တစ်ယောက်ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းတွေနဲ့ကြည့်ပြီး ရှက်ကိုးရှက်ကန်းနဲ့ အသက်ဝင်နေရမှာ၊ အခု သူတို့ပုံစံက အသက်မဝင်ဘူး၊ ရုပ်သေကြီးတွေနဲ့''

''အို ... ဒါကတော့ ချစ်လို့ယူလာတာမဟုတ်ဘဲ ကြွေးသိမ်းလာတာတို့၊ စိမ့်ကိုမယူချင်လို့ ပြီးပြီးရော ကောက်ယူလာတာတို့လည်း ဖြစ်နိုင်တာပဲ၊ အီး ... သမီးသေချင်တယ်၊ ရှက်လည်းရှက်တယ်၊ မာမီ ... မာမီ ကယ်ပါဦး''

''အားမလျှော့ပါနဲ့ သမီးရယ် ... မာမီလက်မလျှော့



www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး၊ သူတို့ပုံစံကိုကြည့်ပြီး မာမီရှေ့ဆက်လှုပ်ရှားမယ်၊ အယောင်ဆောင်တွေကို ဆွဲဖယ်ပြလိုက်မယ်၊ သင်း ... ငါ့သမီး နဲ့ပဲ လက်ထပ်စေရမယ် ... ''

''မာမီရယ် ... စိမ့်က တစ်ခုလပ်ဆိုတော့ ကိုကိုက တန်ဖိုးမထားတာနေမှာပေါ့ ... သမီး အားငယ်ပါတယ်''

မျက်ရည်များနှင့် စိမ့်ငိုရှိုက်နေလျှင် ဒေါ်အေမိ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။

''တောက် ... သင်းကရော မုဆိုးဖိုပဲ၊ ဘာနာစရာရှိသလဲ၊ ငါ့သမီးက ကြွေရုပ်ကလေးလို၊ နတ်ဒေဝီလေးလို ဒီလောက်ချော နေတာ သင်းမျက်စိကန်းနေသလား၊ သင်းနဲ့တန်တောင်မတန် ဘူး ...

ဟင်း ... သင်း အခုခေါ်လာတဲ့ကောင်မကမှ တောပုံ ကြီး လှလည်းမလှဘူး၊ လူပုံစံက ဝတတနဲ့ ... ဝတ်ပုံစားပုံက လည်း စုတ်ပြတ်နေတာပဲ၊ ဆံပင်တွေကလည်း အုန်းဆီတွေနဲ့ရွှဲ လို့ သနပ်ခါးဘဲကြားနဲ့ ကောက်စိုက်မကိုများ ... ''

''ဒါပေမဲ့ မာမီရယ် ... သမီးက တစ်ခုလပ်၊ ဟိုက အပျိုနုနုထွတ်ထွတ်လေ ... ''

''တော် ... တော် ကိုယ့်ကိုယ်ကိုယ် ဒီလောက်အားမငယ် စမ်းပါနဲ့ သမီးရယ် ... ငါ့သမီးအလှကို မျက်စိရှိတဲ့လူတိုင်းမြင်





တယ်၊ လာ ... သွားကြစို့၊ သင်းတို့ဘာပြောမလဲ၊ ဘာလုပ်မလဲ ကြည့်ရအောင်၊ အို ... နောက်ဆုံး တကယ်လက်ထပ်ခဲ့တာပင် ဖြစ်ဦးတော့ ရအောင်ခွဲပြီး ဒီကောင်မကိုတောပြန်လွှတ်လိုက်မယ်၊ မာမီလုပ်ပြမယ် ကြည့်နေ''

စိမ့်နှင့်ဒေါ်အေမိတို့ ဧည့်ခန်းထဲသို့ဝင်လာကြလျှင် ဆိုဖာ တစ်ခုတည်းမှာ နှစ်ယောက်အတူတွဲထိုင်နေကြသည့် နေဟိန်းနှင့် တိမ်မည်းညိုကို တွေ့ကြရသည်။

သို့သော် ဒေါ်အေမိ ပြောသလိုပါပင်။ သူတို့ရုပ်တွေက အသက်ဝင်မနေ။ တစ်ယောက်နှင့်တစ်ယောက် နွေးနွေးထွေး ထွေးမရှိဘဲ ခြောက်ကပ်ကပ်နှင့်။

အဲ ... ဟုတ်သားပဲ။ ကိုကိုဟာ ကားပေါ်ကဆင်းတုန်းက အမူအရာတစ်မျိုး။ ဟိုကောင်မလေးက နောက်မှလှမ်းပြောလိုက် တော့ သူ့ရုပ်က အံ့အားသင့်သွားတဲ့ပုံကြီး။

သေချာပါတယ်။ ဒါ ညာနေတာပါ။ သိကြသေးတာပေါ့။ အလိမ်တွေဖြည်ပစ်လိုက်မယ် ကြည့်နေ။

ဒေါ်အေမိနှင့် စိမ့်တို့သားအမိ သူတို့နှင့်မျက်နှာချင်းဆိုင် ဆိုဖာရှည်ကြီးမှာ ဝင်ထိုင်လိုက်ကြပြီး တစ်ဖက်နှင့်တစ်ဖက် အကဲ ခတ်နေကြလေ၏။

တိမ်မည်းညို ဒေါ်အေမိနှင့်စိမ့်ကို ပြူးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပုံစံက ငိုထားတာ အသိသာကြီး။ အသက်နှစ်ဆယ်ကျော် အရွယ်ပေမယ့် ၁၃-၁၄ နှစ်သမီးလေးလို ပြင်ဆင်ထားလိုက်တာ။ ချောလည်းချော၊ လှလည်းလှပါတယ်။

စိမ့်ကလည်း တိမ်မည်းညိုကို အသေအချာကိုစိုက်ကြည့်နေလေသည်။

မာမီပြောသလို မဟုတ်ပါဘူး။ လှပါတယ်။ မြင့်မားတဲ့ အရပ်မှာ မိန်းမတစ်ယောက်ရှိသင့်ရှိထိုက်တဲ့ပစ္စည်းတွေ အကုန်ပြည့်စုံတယ်။ လှပတဲ့ကိုယ်လုံးလေးနဲ့၊ ရိုးသားဖြူစင်သည့်အလှက တောမဆန်ဘဲ နန်းဆန်နေပါသည်။

မာမီကတော့ မုန်းမုန်းနှင့် မှိုချိုးမျှစ်ချိုးပြောမှာပေါ့။သို့သော် တိမ်မည်းညို တော်တော်လှပါသည်။

မျက်လုံးတောက်တောက်လဲ့လဲ့လေးတွေနှင့် ဝင်းပသည့် အလှနတ်သမီးလေးပါပဲ။

''ကဲ ... မောင်နေဟိန်း၊ မာမီဟာ မင်းယောက္ခမဆိုပေမယ့် မင်းကိုသားတစ်ယောက်လို သဘောထားခဲ့တာ မင်းအသိပဲ၊ ဘာဖြစ်လို့ ဘဝအတွက်အရေးကြီးဆုံးကိစ္စကို မာမို့ မတိုင်ပင်ဘဲလုပ်ရမှာလဲ၊ မာမို့ကို အကျိုးအကြောင်းတွေပြောစမ်းပါဦး၊ ဒီကောင်မလေးကို ဘယ်လိုတွေ့ပြီး၊ ဘာဖြစ်လို့ချက်ချင်းခေါ်လာခဲ့ရတာလဲ၊ မာမီသဘောမတူနိုင်ဘူးနော်''





ဒေါ်အေမိက ခပ်တင်းတင်းဖြင့် ပိုင်ပိုင်နိုင်နိုင်ဆိုလျှင် နေဟိန်း တိမ်မည်းညို၏လက်ကလေးများကို ဆုပ်ကိုင်ယူရင်း ထုချေလွှာတင်ရသည်။

''ဒီလိုပါ မာမီ၊ ကျွန်တော်နဲ့ညိုဟာ ကြိုက်နေတာကြာပါပြီ ... အဲ ... ''

စကားမှားသွားသည်မို့ နေဟိန်းပါးစပ်ပြသွားစဉ် ဒေါ်အေမိက သူ့စကားအမှားအပေါ် နင်းလိုက်တော့၏။

''ဘာကွဲ့ ... ကြိုက်နေတာကြာရအောင် ဒီကောင်မက အသက်ဘယ်လောက်ရှိသေးလို့လဲ၊ ခုမှ ၁၆နှစ် သမီးလောက်ကို ၁၀နှစ်သမီးကတည်းက မင်းတို့ကြိုက်ခဲ့တာလား၊ ယုတ္တိရှိအောင်ပြောစမ်း မောင်နေဟိန်း၊ မင်းရဲ့ဆင်လုံး၊ ထွင်လုံးတွေကို ရပ်တန်းကရပ်ပေတော့၊ ငါသည်းမခံနိုင်တော့ဘူး''

ဒေါ်အေမိ့စကားအတွက် တိမ်မည်းညို ဘယ်လိုသရုပ်ဆောင်ရမှန်းမသိ။ ကိုယ်ကတကယ်မဟုတ်သည်မို့ မခံစားတတ်။

နေဟိန်း စိတ်အိုက်အိုက်နှင့်ပင် တစ်ယောက်တည်း ဆက်ကျဲနေရလေသည်။

''မဟုတ်ဘူး မာမီ ... ကြာပြီဆိုတာ မနှစ်ကလေ၊ မနှစ်က ကျွန်တော် သူတို့ရွာကိုသွားတော့ သူ့ကိုတွေ့ခဲ့တယ်၊ အဲဒီမှာ သူနဲ့ကျွန်တော်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာကွဲ ... မနှစ်က ဟုတ်လား''

ဒေါ်အေမီ ဝုန်းခနဲထရပ်ပြီး စိတ်တွေတအားဆိုးနေလျှင် နေဟိန်း စိတ်ထဲမှ ကိုယ့်နဖူးကိုယ်ရိုက်မိလေ၏။

မှားပြန်ပြီ။ မှားပြန်ပြီ။ မနှစ်ကဆိုတော့ သိမ့်ဆုံးခါစက ပေါ့။ အဲ ... မဆုံးခင်လား။

''မင်း ... မင်း ငါ့သမီးသိမ့်မဆုံးခင်ကတည်းက ဒီကောင်မနဲ့ ဖောက်ပြန်နေတယ်ပေါ့လေ ဟုတ်လား ... ကြည့်စမ်း ဒါကြောင့် ငါ့သမီး သင်းစိတ်နဲ့မြန်မြန်ဆုံးသွားရတာ၊ တောက် မင်းတို့နှစ်ယောက် ငါ့မျက်စိအောက်ကထွက်သွားကြစမ်း ... သွား ... ထွက်သွား ... ''

ဒေါ်အေမီ ဤမျှပြောဆိုလာခဲ့လျှင် နေဟိန်း မနည်းသည်းခံနေရ၏။ သိမ့်၏မျက်နှာကြောင့် သည်းခံနေရပေမယ့် တရားလွန်လာပေပြီ။

''မဟုတ်ဘူး မာမီ၊ သိမ့်ဆုံးပြီး တစ်လကျော်တဲ့အထိ၊ ကျွန်တော် မစားနိုင်၊ မအိပ်နိုင်နဲ့ ဘယ်လိုမှ နေမရ၊ ထိုင်မရလို့ ကားတစ်စီးနဲ့လျှောက်သွားရင်း သူနဲ့တွေ့ခဲ့ရတာပါ၊ သူက ဦးလေးသားချင်းတစ်ယောက်လို ပြုစုယုယခဲ့တော့ ကျွန်တော် နည်းနည်းခံသာရာ ရခဲ့ပါတယ်''

''တော် ... တော် မာမီကတော့ သနားလိုက်ရတာ၊ ငါ့





သမက်လေးမနေတတ်၊ မထိုင်တတ်ဖြစ်နေရှာပြီဆိုပြီး ... လာလာ ပြုစုလိုက်ရတာ၊ မင်းကတော့ ငါ့သမီးဆုံးစကတည်းက ဖောက်ပြန်နေခဲ့တယ်ပေါ့လေ''

''မဟုတ်ပါဘူး မာမီရဲ့၊ အဲဒီတုန်းက မကြိုက်သေးပါဘူး၊ ဘယ်လိုပြောမလဲ ... ''

''ဘယ်လိုမှမပြောနဲ့ဟေ့ လိမ်ရင်လည်းပိပိရိရိလိမ်၊ အေမီကို ဘယ်လိုမိန်းမစားမျိုးမှတ်နေသလဲ ... မှေးဖုံးနောက်ပေါ် မလုပ်နဲ့၊ ရှေ့စကား၊ နောက်စကား မညီတော့ဘူး၊ မင်း ဒီကောင်မလေးကို ဟန်ဆောင်ဖို့ခေါ်လာတာမဟုတ်လား ... ဒီလောက် နုံအနေတဲ့ကောင်မလေးကို ငှားလာခဲ့တော့ မင်းအလိမ်တွေ ဗူးပေါ်သလို ပေါ်လာတာပေါ့ ... ''

ဒေါ်အေမီ မဲ့ကာ၊ ရွဲ့ကာနှင့် အောင်ပွဲခံနေလျှင် တိမ်မည်းညို မနေသာတော့ချေ။ ငုတ်တုတ်ကြီးလည်စင်းခံနေရမှာထက်စာလျှင် တတ်သရွေ့၊ မှတ်သရွေ့တော့ဝင်ပြီး မန်းရ၊ မှုတ်ရပေတော့မည်။

''အန်တီ စကားပြောတာ ကြည့်ပြောပါ၊ အန်တို့မှာလည်း သမီးတွေနဲ့ပဲ၊ သမီးချင်းစာနာပါ၊ သူနဲ့ကျွန်မက အဲဒီတုန်းက မကြိုက်ခဲ့ပေမယ့် တစ်ယောက်နဲ့တစ်ယောက် သနားကြင်နာခဲ့ကြတယ်၊ အခုတစ်ခေါက် သူလည်းရွာကိုလာရော ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖေဖေဆုံးပြီးတစ်ယောက်တည်း အားကိုးရာမဲ့ဖြစ်နေတော့''

''ဟုတ်တယ် ညီပြောတဲ့အတိုင်းပဲ၊ အစကကြိုက်တယ်ဆိုပေမယ့် ရင်ထဲမှာကြိုက်တာ၊ အခုတစ်ခေါက်ကျမှ ညီ့ခမျာအားကိုးရာမဲ့နေတာနဲ့ တစ်ခါတည်း ခေါ်လာခဲ့တာ''

''ဒါဆို မင်းတို့လက်မထပ်ရသေးဘူးပေါ့၊ အမလေး မာမီက အရမ်းအစိုးရိမ်ကြီးသွားတာ ငါ့သမက်ကို ဒီလိုပေါက်လွှတ်ပဲစား ကလေကဝ တွေ့ကရာမိန်းမနဲ့တော့ ဘယ်ရေတိမ်အနစ်ခံနိုင်မလဲ၊ ထိုက်ထိုက်တန်တန်မိန်းကလေးမျိုး၊ ပွဲလယ်တင့်မယ့်မိန်းမမျိုးနဲ့မှ ပေးစားနိုင်မှာပေါ့၊ တော်ပါသေးရဲ့ကွယ်''

ဒေါ်အေမီ၏မျက်နှာကြီး ပြုံးရွှင်ကြည်နူးသွားပြီး ရင်ဘတ်ပေါ်လက်ဝါးတင်ရင်း ပွဲသိမ်းသွားခဲ့လျှင် နေဟိန်း ကမန်းကတန်းပင် ဖြေရှင်းချက်ထုတ်ရလေ၏။

''မဟုတ်ဘူး မာမီ ... ညီနဲ့ကျွန်တော် ဟို ပြည်မှာညားခဲ့ပြီးပြီ ... ညက ပြည်မှာ ညအိပ်ခဲ့ကြတယ်၊ မရတော့ဘူး မာမီ ... မနက်ဖြန် တရားရုံးမှာသွားပြီး လက်ထပ်ရမယ်ဒါမှမဟုတ် ကျွန်တော့်သူငယ်ချင်းရှေ့နေနဲ့ လက်ထပ်စာချုပ်လုပ်မယ် ... ''

ဘယ်လိုပင်ပြောပြော သက်မထပ်ခဲ့ရသေးတာ သေချ





သွားသဖြင့် ဒေါ်အေမီ မမူတော့ချေပြီ။

သူမ ခပ်ဟက်ဟက်ပင်ရယ်မောလိုက်တော့သည်။

''တော်ပြီ ... မောင်နေဟိန်း၊ မင်းမာနတွေတက်မနေနဲ့မင်းအခုကြီးပွားနေတဲ့ပစ္စည်းတွေက ငါ့သမီး သိမ့်နဲ့တစ်ဝက်တိတိဆိုင်တယ်ဆိုတာလည်း သတိရဦး၊ မင်းက ငါ့တို့ကိုနုလပိန်းတုံးတွေမှတ်နေသလား၊ ငါခွင့်မပြုနိုင်ဘူး ... မင်းဘာသာတစ်ညပဲညားညား၊ ငါအသိအမှတ်မပြုဘူး ... လာ သမီး ... သွားကြစို့''

ဒေါ်အေမီ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေလျှင် စိမ့်ပါသူမာမီနောက်သို့ ခပ်မော့မော့အမူအရာနှင့်လိုက်ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းထဲမှာကျန်ခဲ့တာ နေဟိန်းနှင့်တိမ်မည်းညို။

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ တိမ်မည်းညိုခမျာ ငိုမဲ့မဲ့။

မပိုင်ဘဲကမိသည့်ဇာတ်ကို နောက်ဆုတ်ရမှာလား။ ရှေ့ဆက်ရမှာလား။ သူမ မသိ။ ဦးနေဟိန်း၏ သဘောအတိုင်းသာ။

သို့သော် ကျားမြီး၊ မြွေမြီးကိုသွားဆွဲမိသည့်သူလို သူမတို့ ရှေ့သို့တိုးရတော့ပေမည်။

''ကဲ ... တိမ်မည်းညို ခုညတွင်းချင်းပဲ ကိုယ်တို့လက်ထပ်စာချုပ်လုပ်ကြမှဖြစ်မယ်၊ မဟုတ်ရင် ဒေါ်အေမီရဲ့လှည့်ကွက်မှာ ကိုယ်တို့မျောလွင့်သွားကြလိမ့်မယ်၊ သူ့သမီးနဲ့ကိုယ့်ကို အတင်းပဲ ကြိုးစည်လိမ့်မယ်''





ဦးနေဟိန်း၏ တွေးတွေးဆဆ စကားကို တိမ်မည်းညို လက်ခံရမလို။ လက်မခံရမလို။

အေးလေ ငါ့ကိုစောစောကတည်းက ပြောခဲ့သားပဲ ...။ စာရွက်ပေါ်မှာ လက်ထပ်ပြီး အဲဒီစာချုပ်ပြလိုက်ရင် သူတို့နောက်ဆုတ်သွားကြမှာပါ။

ဦးနေဟိန်းကို တိမ်မည်းညို မရွံ့မရဲအမူအရာလေးနှင့် အကဲခတ်မိ၏။

''ဦး ... ဦးလေးက ညို့ကိုစာရွက်ပေါ်မှာ လက်ထပ်ရုံပဲနော်၊ လူချင်းတော့ ဘာမှမဖြစ်ရဘူးမဟုတ်လား''

''ဩော် ... ညိုရယ် ကိုယ်ကတိပေးပါတယ်ကွာ၊ စာရွက်ပေါ်မှာ လက်ထပ်ပေးရုံပါ ... ပြီးရင် ခလုတ်မထိ၊ ဆူးမငြိဘဲနဲ့ ညို ကိုယ့်လမ်းကိုယ်လျှောက်ရုံပါ''

တိမ်မည်းညို အတန်ကြာငေးမောတွေဝေနေမိစဉ် ... နေဟိန်းကတော့ သူ့မိတ်ဆွေရှေ့နေကြီး အောင်ဇော်ထွန်းနှင့် လှမ်းပြီး ညှိနှိုင်းဆွေးနွေးနေလေ၏။

''ဘယ်လိုဖြစ်တာလဲ ကိုဟိန်းရဲ့ မနက်ကျမှလက်ထပ်လို့ မဖြစ်ဘူးလား ... တရားရုံးမှာ လက်ထပ်ကြလေကွာ''

''ဟာ ... မဖြစ်ဘူး သူငယ်ချင်းရဲ့၊ ငါ့ယောက္ခမကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးနဲ့အတင်းစီစဉ်ချင်နေတော့ ငါ့ကိုအမျိုးမျိုးအနှောင့်အယှက်တွေပေးနေကြတယ်၊ အခုအိမ်ပေါ်မှာ၊ လက်ထပ်စာချုပ်ပဲကွာ ရှေ့နေနဲ့သက်သေတွေနဲ့နိုင်လုံအောင် စာချုပ်လည်းဖြစ်တယ်မဟုတ်လား''

''ဖြစ်တာတော့ဖြစ်ပါတယ် ... ဒါပေမဲ့''

''ဖြစ်ရင်ပြီးရောကွာ ... ဒါပေမဲ့တွေ ဘာတွေငါမကြားချင်ဘူး၊ ည ၈နာရီမှာ စီစဉ်ထားလိုက် ... ငါတို့ထွက်လာခဲ့မယ် ဒါပဲ''

''ကောင်းပါပြီဗျာ၊ သူဌေးမင်းရဲ့အမိန့်ဆိုတော့လည်း ကျွန်တော်ကျိုး မလွန်ဆန်ရဲတော့ပါဘူး''

ဖုန်းထဲမှ ရယ်မောသံများ စီးမျောလာခဲ့၏။ တိမ်မည်းညို့ ခမျာတော့ ယခုထိ နေဟိန်းအနီး ဆိုဖာဘေးမှာ မတ်တတ်လေး ရပ်လျှက်။

သူမ မောပန်းလှပါပြီ။ အနားယူချင်ပေမယ့် နန်းတော်တမျှကြီးမားသည့် တိုက်လှလှကြီးထဲမှာ ဘယ်နေရာသွားပြီး ဘယ်လိုနေရမှန်း သူမ မသိပါ။

ဖုန်းပြောပြီး နေဟိန်း သူ့ဖုန်းကို ပိတ်လိုက်၏။

''ညို့ ... လာ အနားယူရအောင်၊ ညို့အတွက် အခန်း





စီစဉ်ပေးမယ်''

နေဟိန်း၏နောက်သို့ သူမ မရွံ့မရဲနှင့်လိုက်ပါသွားရသည်။ နေဟိန်း သူနှင့်မျက်နှာချင်းဆိုင်ရှိ အခန်းလွတ်မှာ သူမကိုထားဖို့ ပြင်စဉ် အပေါ်ထပ်ရှိ သူ့အခန်းအနီးမှာနေသည့် ဒေါ်အေမီနှင့် စိမ့်တို့သားအမိ သူတို့အခန်းဝမှရပ်ကြည့်နေကြသည်ကို တွေ့လိုက်ရ၏။

''ဒီအနေကို အကဲခတ်နေကြတာပေါ့။ မနေဟိန်းနှင့် တိမ်မည်းညို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး နေဟိန်း သူမကို ကိုယ့်အခန်းသို့သာ ဆွဲခေါ်ခဲ့ရလေ၏။

... အခန်းတံခါးကို မမေ့မလျော့ ပိတ်ရသည်။

ညို့ ... ကိုယ့်ကိုတစ်မျိုးမထင်နဲ့နော်၊ ဒေါ်အေမီက ကိုယ့်ကိုအကဲခတ်နေတာ မြင်တယ်မဟုတ်လား''

''ဟုတ် ... ဟုတ်ကဲ့''

''ဘာပဲဖြစ်ဖြစ် ပွဲစမိမှတော့ နိုင်အောင်လုပ်ကြဖို့ပဲရှိတယ်၊ ဒီပွဲက ညို့စတဲ့ပွဲနော်''

နေဟိန်း တိမ်မည်းညို့ကို လေးနက်စွာသတိပေးလျှင် တိမ်မည်းညို့မျက်ရည်တွေ ကျလာခဲ့လေသည်။

''ညို့ ကြောက်တယ် ဦးလေးရယ်၊ ညို့ ဘာမှမဖြစ်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပျက်မှာလည်းစိုးတယ် ... လူ''

တိမ်မည်းညို၏ နှုတ်ခမ်းလှလှ နုနုလေးကို နေဟိန်း ကြင်နာစွာ ပိတ်လိုက်သည်။

''မကြောက်ပါနဲ့ ကလေးရယ် ... ကိုယ်လူယုတ်မာ မဟုတ်ပါဘူး၊ မင်းကို မလှည့်စားပါဘူး ... ဟိုသားအမိပြဿနာ ရှင်းသွားရင် ကိုယ်တို့သရုပ်ဆောင်တာပြီးသွားပါပြီ၊ ညို စိတ်ချမ်းသာ လက်ချမ်းသာနေရမှာပါ''

''ဒါဆိုလည်း ဦးလေးစီစဉ်တာ ကျွန်မလိုက်နာပါ့မယ်''

''ကောင်းပြီ ... ဒါဆို ပထမဆုံးအခေါ်အဝေါ်ပြင်ပေးပါဦး၊ ဦးလေးဆိုတော့ ယုတ္တိမရှိဘူး ဖြစ်နေတယ်''

''ဒါဆို ဘယ်လိုခေါ်ရမလဲ''

နေဟိန်း ခေတ္တစဉ်းစားနေမိ၏။ ဘယ်လိုဆိုရင် ကောင်းမလဲ။

''ကိုကိုဆိုရင်ရော ... ''

''အာ ... ဟိုမိန်းမခေါ်နေတာကြီး မခေါ်ချင်ပါဘူး''

''ဒါဆို မောင်ပေါ့ ... ''

''အမယ် ရွယ်တူချင်းလည်း မဟုတ်ဘဲနဲ့''

တိမ်မည်းညို အရှက်မျက်နှာလေးရဲတွတ်လျှက် ဂျီးတူ





နေလျှင် နေဟိန်းအော်ရယ်မိသည်။

''ဒါ ... ဟန်ဆောင်နေတာ သရုပ်ဆောင်နေတာနော်၊ တစ်သက်လုံးခေါ်သွားရမှာကျနေတာပဲ၊ အခိုက်အတန့်ပါကွာ၊ အခိုက်အတန့်''

''ဟို ... မမသိမ့်တုန်းကရော ဘယ်လိုခေါ်လဲဟင်''

''သူကတော့ ကိုလို့ခေါ်တယ် ... အရမ်းနားထောင်လို့ကောင်းတာပဲ၊ ဒါပေမဲ့လေ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်မြတ်နိုးကြလို့ ယူခဲ့ကြတာပဲ၊ ချစ်မြတ်နိုးလို့ ယူခဲ့ကြရတဲ့အိမ်ထောင်ရေးဟာ တကယ့်ဘဝရဲ့သုခပါပဲကွာ၊ ဘုရားသိကြားမလို့ ကိုယ့်ဘဝမှာ နောက်တစ်ကြိမ်အချစ်နဲ့တွေ့ဆုံရပါစေ၊ ဘဝရဲ့သုခကို ရပါစေ''

နှစ်ယောက်လုံး မောပန်းနွမ်းနယ်နေကြပေမယ့် နှစ်ယောက်အိပ်ခုတင်ကြီးကိုကြည့်ပြီး အနားမယူရဲကြပေ။

နေဟိန်းက သူ့အခန်းမို့ သိပ်ကိစ္စမရှိပေမယ့် တိမ်မည်းညိုခမျာ ခုတင်ကြီးကို ရဲရဲပင်မကြည့်ဝံ့ရှာ။

ဒီပုံနဲ့ ဘယ်လိုရှေ့ဆက်ကြရမှာလဲ။ အခန်းထဲမှာနေဟိန်းက ခုတင်ပေါ်ပစ်လှဲလိုက်ပေမယ့် တိမ်မည်းညိုကတော့ နေရာမှာပင်ရပ်လျှက်။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်း သူမကို ဆိုဖာလေးနားသို့ လက်ညှိုးညွှန်လိုက်၏။

''အဲဒီမှာထိုင် ... ကိုယ်တော့ ခဏအိပ်လိုက်ဦးမယ်၊ ၈နာရီမှာ လက်ထပ်ဖို့သွားရမယ်''

''ကျွန်မတို့ ထမင်းမစားရတော့ဘူးလားဟင်၊ ညစာမစားရတော့ဘူးလား''

ယခုပင် (၇)နာရီခန့်ရှိပြီမို့ တိမ်မည်းညို ပူပူပင်ပင်မေးလေမှ နေဟိန်း ပြုံးမိ၏။

''ဟုတ်သားပဲ ... ကဲ အချိန်မရှိတော့ဘူး၊ ရေချိုးကြမယ် ကိုယ်အရင်ချိုးမယ်နော်၊ ပြီးရင် မင်းချိုး ... ပြီးရင် ထမင်းစားမယ်၊ လက်ထပ်ဖို့သွားကြမယ်''

နေဟိန်း ပေါ့ပေါ့ပါးပါးနှင့်ပြောနေပေမယ့် တိမ်မည်းညို ခမျာ လိပ်ပြာလွင့်ချင်သည့်စိတ်ကို မနည်းဟန်လုပ်နေရရှာပါသည်။

ကြံ့ကြံ့ဖန်ဖန် ယောကျာ်းကြီးတစ်ယောက်နဲ့ တစ်ခန်းထဲနေပြီး ရေချိုးရ၊ အဝတ်လဲရဦးမတဲ့၊ ဒုက္ခမှ အကြီးအကျယ်ဒုက္ခ။

သူမမှာ ထိတ်လန့်လွန်းသဖြင့် မျက်ရည်ပင်လည်ချင်ချင်။

နေဟိန်း ရေချိုးခန်းထဲသို့ ဝတ်စုံပြည့်နှင့်ပင် ဝင်သွား





လေ၏။ အထဲရောက်မှချွတ်ပြီး ရေချိုးရသည်။

တိမ်မည်းညိုလည်း သည်တော့မှ သူ့လိုပင်ဝတ်စုံပြည့်နှင့်ဝင်သွား၊ ရေချိုးဖို့စိတ်ကူးရလေသည်။

''အဲ ... ''

သူကတော့ ရေချိုးပြီးထွက်လာပုံမှာ မျက်နှာသုတ်စောင်ကြီးခါးပတ်လျှက်။ အပေါ်ပိုင်းကဗလာ။ စိုဝင်းနေသည့်အသားမှာ ကြွက်သားတွေ၊ မာဆယ်တွေနှင့် ဗလကခပ်လှလှ။ ကိုရီးယားမင်းသား စပိုင်လိုလို၊ ဘာလိုလို။

''ကဲ ... ညို မင်းသွားချိုးလေ၊ အချိန်မရှိတော့ဘူး''

''ဟုတ် ... ဟုတ်ကဲ့''

သူမ ဝတ်စုံပြည့်နှင့်ပင် ရေချိုးခန်းထဲသို့ဝင်ရရင်း ဒေါ်အေမီတို့သားအမိကို မေတ္တာပို့မိသည်။ စိတ်ကောင်းမရှိတဲ့သားအမိ။ သင်းတို့ကြောင့် ငါဒုက္ခလှလှရောက်ရတယ်။

ရေချိုးပြီးတော့ သူမ ဝတ်လက်စအဝတ်များကို ပြန်ဝတ်လို့မရ။ သည်တော့ တိမ်မည်းညို အပြင်သို့ဘယ်လိုထွက်လာရမှန်းမသိ။ ရေချိုးခန်းထဲမှာ တိမ်မည်းညို အခက်တွေ့နေစဉ် အပြင်မှ ဦးနေဟိန်း တံခါးခေါက်လိုက်သည်။

''ညို ... ရော့ မျက်နှာသုတ်စောင်''



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းတံခါးဟပြီး သူမမျက်နှာသုတ်စောင်ကိုယူရသည်။ တော်တော်အလိုက်သိတတ်သည့်လူကြီးပါပဲ။

မျက်နှာသုတ်စောင်ကြီးကို တစ်ကိုယ်လုံးပတ်ပြီး သူမအပြင်သို့ မရဲတရဲထွက်လာရင်း ဦးနေဟိန်းကို လှမ်းတောင်းပန်ရသည်။

"ဦးလေး အပြင်ခဏထွက်ပေးနော်၊ ညို အဝတ်လဲမလို့"

"ယုတ္တိမရှိဘူးနော် ... တော်ကြာ ... "

"ဟာ ... မရှိ ... ရှိ ... ရှိ ပရိယာယ်သုံးပေါ့ ဦးလေးရဲ့"

"ဒီအခေါ်အဝေါ်ကလည်း ခုထိမပြောင်းသေးဘူး"

နေဟိန်း အပြင်ထွက်သွားလေမှ သူမအဝတ်အစားလဲရသည်။ သည့်တစ်ခါ မုဒ့်ထည်ပန်းခရမ်းရောင် ဝမ်းဆက်လေးကို ဝတ်လိုက်သည်။ ဒါပဲ ကုန်ပြီ။ အဝတ်အစားက အကောင်းဆိုလို့ သုံးစုံပဲပါသည်။

နောက် မျက်နှာမှာ ဘာမှလိမ်းစရာမရှိလို့ သည်အတိုင်းထားလိုက်စဉ် ဦးနေဟိန်းအခန်းထဲသို့ ပြန်ဝင်လာ၏။

"တစ်ဖက်ခန်းက သိမ့်ရဲ့အခန်းမှာတော့ သူ့အဝတ်အစားတွေ၊ အလှပြင်ပစ္စည်းရှိတယ်၊ ယူဝတ်မလား"





"ဟင့်အင်း၊ ဒါထက် ဦးလေးတို့က ဘာဖြစ်လို့ခွဲနေကြတာလဲဟင်"

ကလေးသာသာမို့ မေးရမှန်းမသိ၊ မမေးရမှန်းမသိ တိမ်မည်းညို မော့မော့လေးမေးလိုက်လျှင် နေဟိန်းအဖြေရကျပ်သွား၏။

အတန်ကြာမှ သူခပ်တိုးတိုးပြောခဲ့သည်။

"သိမ့်မှာ အတူနေလို့မရတဲ့ရောဂါရှိလို့ပေါ့ကွယ်"

တိမ်မည်းညို ဆက်မမေးရဲတော့ပါ။ ကိုယ်မှနားမလည်တာ။ ဒါပေမဲ့ သူမအတွေးတစ်ချက်ရသွားသဖြင့် နေဟိန်းထံအကြံပေးလိုက်သည်။

"ဒါဆို ဦးလေး သူတို့ကိုပြောလိုက်လေ၊ ညို့မှာလည်း အတူနေလို့မရတဲ့ရောဂါရှိတယ်ဆိုပြီး ညို့ကိုတစ်ခန်းပေးပေါ့"

သူမ၏ ဘာမသိ၊ ညာမသိအပြောလေးကြောင့် နေဟိန်း စိတ်ညစ်တာတွေပင်ပျောက်ပြီး တသိမ့်သိမ့်ရယ်မောရလေသည်။

"ဘာရယ်တာလဲ ဦးလေးရဲ့ ... ညိုပြောတာ မဟုတ်လို့လား"

နေဟိန်း ညို့နဖူးလေးကို ချစ်စနိုးထုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုတ္တိရှိမလားကွယ် ... တော်စမ်းပါညီ့ရယ်၊ ဘာမှ မသိလည်း မသိသလိုနေစမ်းပါ၊ ဆရာကြီးလေသံနဲ့ပြောမနေစမ်း ပါနဲ့ ... ကဲ လာ အပြင်သွားကြမယ်၊ ကိုယ်တို့လက်ဦးမှုဖြစ် မယ်၊ ညစာကိုအပြင်မှာစားကြမယ် ... မငတ်စေရဘူး စိတ်ချ၊ ကိုယ့်သတို့သာမီးကို အူဟောင်းလောင်းမထားဘူး"

"ဒို ... ဦးလေး စာရွက်ပေါ်က သတို့သမီးနော် ... စာ ရွက်ပေါ်က သတို့သမီး"

"ဟုတ်ပါပြီကွာ ... ကိုယ်နားလည်ပါတယ်"

နေဟိန်းနှင့်တိမ်မည်းညိုတို့ အခန်းပြင်သို့ထွက်ခဲ့ကြတော့ ဒေါ်အေမီနှင့်စိမ့်ကိုပါ ဝတ်စားပြင်ဆင်လျှက် တွေ့လိုက်ကြရ သည်။

နေဟိန်း တော်တော်ရင်ပူသွားရ၏။ ဘုရားရေ ဘာတွေ များ ကြံစည်ဖျက်ဆီးကြမလို့လဲ။

"ဟော ... မောင်နေဟိန်း ဘယ်သွားကြမလို့လဲ၊ မာမီ တို့လည်း အပြင်ထွက်စရာရှိတာနဲ့ အတော်ပဲကွယ်၊ အတူသွား ကြတာပေါ့"

နေဟိန်း အဖြေရကျပ်သွားပေမယ့် တိမ်မည်းညို အခါ အဖြတ်ပေးလိုက်သည်။





"အန်တီတို့လိုက်လို့မရဘူး၊ အရေးတကြီးကိစ္စရှိနေလို့ပါ"

"အောင်မယ် ... ညည်းကဘာကောင်မမို့ ဝင်ပြီးဆုံးဖြတ် ရဲတာလဲ၊ ဘာလဲ ငါ့သမက်နဲ့တစ်ညအိပ်ပြီးသားဆိုပြီး မဏ္ဍပ် တိုင် ဖက်တက်ပြတာလား၊ ဒီမှာ မအငှာ အဲဒီလို တစ်ညအိပ် တိုင်းသာ ငါ့သမက်ကိုပိုင်ဆိုင်ကြေးဆို မောင်နေဟိန်းကို ပိုင်ဆိုင် တဲ့သူတွေ ရထားတစ်စီးစာလောက်ရှိမယ်"

"ဟာ ... မာမီ"

ဒေါ်အေမီပြောပုံကြီးက ကိုယ်ပင် ဒီကိစ္စတွေလိုက်စားသူ ဖြစ်နေလေသဖြင့် နေဟိန်းအလန့်တကြား ကန့်ကွက်ရ၏။ တော် ကြာ တိမ်မည်းညို အထင်လွဲသွားပြီး စာရွက်ပေါ်က သတို့သမီး မလုပ်လျှင် ဒုက္ခ။

"ဟုတ်တယ်လေ၊ ဒီတော့ ဒီမှာမဟုတ်ာ၊ နင်ဒီအိမ်ပေါ် က အမြန်ဆုံးဆင်းသွားပါ၊ နစ်နာကြေး ဘယ်လောက်ပေးရမလဲ ပြော ... ညည်းလို အဆင့်အတန်းကြီးကို မပေးစားနိုင်ပါဘူး၊ ညည်းကိုညည်းများ ဘာအောက်မေ့နေသလဲ ... မလောက်လေး မလောက်စားနဲ့ လက်တောက်မကများ၊ ဒီမှာ မောင်နေဟိန်းရဲ့ မင်းကရော ဘာဖြစ်နေတာလဲ၊ အိမ်ထောင်ရေးဆိုတာကို ဘာ အောက်မေ့သလဲ ... ဒီလိုမိန်းမမျိုးက မင်းအတွက် ပွဲလယ်တင်



www.burmeseclassic.com

www.burmeseclassic.com



မှာလား ... အလကား အိပ်ရာထဲလောက် အသုံးဝင်မယ့်ကောင်မ''

''အင် ... ''

ဒီလောက် ချိုးချိုးဖွဲ့ဖွဲ့ကြီးပြောနေတော့ တိမ်မည်းညို သည်းမခံနိုင်တော့ချေ။ စိတ်တွေအရမ်းဆိုးပြီး ဘာလုပ်ရမှန်းမသိတော့။ ဦးနေဟိန်းကိုသာ တဗုန်းဗုန်းထုရိုက်မိ၏။

''ဟာ ... ဟ ... ညို ... ညို ... ''

သည်တော့ နေဟိန်း ကိုယ့်ကိုအထုရိုက်မခံနိုင်သည်မို့ တိမ်မည်းညို၏လက်ကလေးနှစ်ဖက်ကို ဆွဲစုချုပ်ကိုင်ပြီး အားကုန်ပေါက်ကွဲနေသည့် သူမအား ရင်ခွင်ထဲတင်းကျပ်စွာဖက်ထားရတော့သည်။

''လွှတ် ... လွှတ် ... ဦးလေးကိုမုန်းတယ် ... ဒီအိမ်သားတွေ အကုန်လုံးကိုမုန်းတယ်''

ကလေးပီပီ အော်ဟစ်ငိုယို ပေါက်ကွဲနေတော့ နေဟိန်း ဘာဆက်လုပ်လို့မှမရ။ အောင်ဇော်ထွန်းတော့ စောင့်နေမှာပဲ။ သတို့သမီးက ရုပ်ပျက်ဆင်းပျက်ဆိုလျှင် ဒီကောင်တစ်မျိုးထင်တော့မည်။

အရေးထဲ ဒေါ်အေမီတို့သားအမိကလည်း သူ့ကိုအလွှတ်





မပေး။ သူတို့အလွှတ်မပေးတာကကိစ္စမရှိပေမယ့် တိမ်မည်းညို၏အငိုမျက်နှာကို အောင်ဇော်ထွန်းတို့ သံသယဝင်သွားပေလိမ့်မည်။

တော်ကြာ အသက်မပြည့်သေးသည့် မိန်းကလေးကို ဖြားယောင်းသွေးဆောင်လာတယ်ထင်လျှင် သူတို့လုပ်ပေးကြမှာမဟုတ်တော့။

နေဟိန်း သက်ပြင်းချပြီး ညို့ကို ကိုယ့်အခန်းထဲသို့ပဲ ပြန်ခေါ်လာရသည်။

''အပြင်မသွားတော့ဘူး မာမီရေ ... ညိုအရမ်းငိုနေလို့ မသွားဖြစ်တော့ဘူး''

နေဟိန်း အခန်းတံခါးပိတ်လိုက်သည့်အခါ တိမ်မည်းညို ငိုပြီးပေါက်ကွဲနေလေ၏။ သည်အခါ နေဟိန်း သူမကို ခပ်တိုးတိုး ဖျောင်းဖျရသည်။

''ညို ... သူပြောတာကို ဘာလို့ဒီလောက်နာနေတာလဲ၊ ညိုနဲ့ကိုယ် တကယ်လက်ထပ်ကြတာမှမဟုတ်ဘဲ၊ အယောင်ဆောင်လက်ထပ်ကြတာလေ၊ စာချုပ်ကို သူတို့ပြပြီး သူတို့အိမ်ပေါ်ကဆင်းသွားရင် ပွဲကပြီးသွားမှာပဲမဟုတ်လား၊ ညို့ဘာသာ ဒီအိမ်မှာ ကိုယ့်ညီမ၊ တူမတစ်ယောက်လို အေးချမ်းစွာနေလို့



www.burmeseclassic.com

www.burmeseclassic.com



ရမယ်လေ''

သူ သတိပေးလိုက်တော့မှ တိမ်မည်းညို အငိုရပ်သွားခဲ့၏။ ဟုတ်သားပဲ။ သဘောမတူဘူးပြောလည်း ဘာနာစရာရှိလဲ။ ကိုယ်တကယ်ယူရတာမှ မဟုတ်တာ။

''ဒါပေမဲ့ သူက မှိုချိုးမျှစ်ချိုးပြောနေတော့ ညိုစိတ်ဆိုးတာပေါ့''

''အေးပါ ... ညို သရုပ်ဆောင်တာ တော်ပါတယ်၊ နေဦး ကိုယ် ... အောင်ဇော်ထွန်းဆီ လှမ်းဖုန်းဆက်ဦးမယ်၊ မနက်ဖြန်ကျမှ လက်ထပ်ဖို့စီစဉ်တော့မယ်''

နေဟိန်း အောင်ဇော်ထွန်းထံ ဖုန်းဆက်နေစဉ် တိမ်မည်းညို ရှေ့ခရီးအတွက် စဉ်းစားနေရပါ၏။

ဒီည ငါဘယ်မှာအိပ်ရမလဲ။ ဒေါ်အေမီတို့သားအမိကြောင့် ခက်ပါတယ်။ ခုထိ ထမင်းလည်း မစားရသေးဘူး။

သည့်စဉ် နေဟိန်း ဖုန်းဆက်လို့ပြီးသွားပြီး အိမ်တွင်းဖုန်းနှင့်အောက်ထပ်သို့ လှမ်းညွှန်ကြားလေ၏။

''ဒေါ်ခင်မိုး ညစာအတွက် အပေါ်ထပ် ကျွန်တော့်အခန်းကိုသယ်ခဲ့ပါ''

ဖုန်းချပြီး နေဟိန်း တိမ်မည်းညိုကို ရှင်းပြနေသည်။





''အိမ်မှာ အလုပ်သမား နှစ်ယောက်ပဲထားတယ်၊ ဒေါ်ခင်မိုးနဲ့ သူ့သမီးစိုးငယ်၊ အိမ်မှာ ဒရိုင်ဘာတွေ၊ မာလီတွေမထားဘူး၊ ခြံထဲမှာအားတဲ့အချိန် ကိုယ်ကိုယ်တိုင် ပြုပြင်စိုက်ပျိုးတယ်၊ ညို့ကိုလည်း ကားမောင်းသင်ပေးရမယ်၊ အိမ်မှာကားနှစ်စီးရှိတယ်၊ သိမ့်ရှိတုန်းက မောင်းတဲ့ကားပေါ့ ... ''

တိမ်မည်းညို ဘာမှပြန်မပြောပါ။ နေဟိန်းပြောတာကို စိတ်မဝင်စား။ နေဟိန်းစဉ်းစားနေမိသည်။ ညိုဟာရိုးသားဖြူစင်လွန်းသည်။ လောဘလည်းမရှိ။ သူမ ဘာကိုမှသဘောပ်မက်မောပုံမရ။ ဒေါ်အေမီတို့သားအမိမှာတော့ လောဘသက္ကာယတွေများလိုက်တာ။

မော်လမြိုင်မှာ တိုက်နှင့်ကားနှင့်နေရပေမယ့် သူ့ထံမှ ဥစ္စာပစ္စည်းတွေကိုလည်း လက်ဝါးကြီးအုပ်ချင်သေး၏။

သည့်စဉ် အခန်းတံခါးခေါက်သံကြားရသဖြင့် နေဟိန်းသွားဖွင့်ပေးလိုက်သည်။

ဒေါ်ခင်မိုးတို့သားအမိ ညစာသယ်လာခြင်းပါပေ။

''ထားခဲ့ ဒေါ်ခင်မိုး ... ရပြီ''

ဒေါ်ခင်မိုးက ညစာကို စားပွဲပေါ်တင်ခဲ့ပြီး တိမ်မည်းညိုကို အကဲခတ်ကာ အပြင်သို့ပြန်ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးမှာ အသက်ငါးဆယ်ကျော်အရွယ် ဖြူဖြူဝဝဖြစ်ပြီး စိုးငယ်ကတော့ အသက် ၁၅နှစ်အရွယ်။ ရုပ်က ရွက်ကြမ်းရေကျို။ အသားဖြူဖြူ။

''လာ ... ညို စားကြစို့၊ မနက်ဖြန်မှ ကိုယ်စားချင်တာချက်နိုင်း''

''ဒီလောက်အခြေအနေမကောင်းနိုင်ပါဘူးနော်''

''အဲဒါ မင်းအပေါ်မှာပဲ မူတည်တယ်လေ၊ ကိုယ်ကသူတို့ထက်ပါဝါပိုပြနိုင်ရမှာပေါ့''

''သူတို့ကို ကျားမြီးဆွဲရတာထက်ပိုကြောက်ပါတယ်ရှင်''

အခန်းထဲမှာ အနည်းငယ်ရယ်မောမိကြသည်။



ထမင်းစားပြီး အနားယူကြရန်အတွက် တိမ်မည်းညိုအခက်တွေ့နေရသည်။ နေဟိန်း အပြင်ဘက်သို့ချောင်းကြည့်တော့ ဒေါ်အေမီတို့သားအမိ အပေါ်ထပ်ဝရန်တာမှာ ချက်ကစားနေကြ၏။

ဒါ ... သူတို့အခန်းကို စောင့်ကြည့်နေသည့်သဘော။ သူနှင့်တိမ်မည်းညို အယောင်ဆောင်လား၊ တကယ်လားလို့ တစ်ညလုံးစောင့်ကြည့်နေတော့မည်ထင်သည်။

နေဟိန်း တိမ်မည်းညိုကို အရမ်းအားနာမိပါ၏။ အပျိုလေးအရွယ်လေး။ ခမျာ စိတ်အရမ်းကျဉ်းကျပ်ရှာမှာပဲ။

ည ၉နာရီကျော်ပြီး ၁၀နာရီပင် ထိုးတော့မည်မို့ သူလည်း အနားယူချင်လှပါပြီ။ အပြင်ဘက်မှာ ဂူမ္ဘာန်နှင့်ယက္ခ သားအမိစောင့်နေသဖြင့် တိမ်မည်းညိုကို အပြင်မထုတ်ရဲသေး။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးခမျာလည်း မျက်လုံးလေးအပြူးသားနှင့် အခြေအနေတွေကို စောင့်ကြည့်နေရှာ၏။ နေဟိန်း မနေသာတော့ပါ။

''ကဲ ... ညီ့ရေ ငါတို့နှစ်ယောက်လုံးအနားယူဖို့ သင့်တော်နေတာအမှန်ပဲ၊ ဒီလိုလုပ် ... ကိုယ့်ကို ဦးလေးတစ်ယောက်လိုသာ သဘောထား၊ မင်းခုတင်ပေါ်မှာအိပ်၊ ငါက အခန်းကြမ်းပြင်မှာ အိပ်မယ် ... ''

''ဟာ ... ဦးလေးကလည်း မေမေမသေခင်ကဆုံးမခဲ့တယ်၊ သူစိမ်းယောကျ်ားတစ်ဦးကို ဘယ်တော့မှမယုံကြည်နဲ့တဲ့၊ ဦးလေးနဲ့အတူ တစ်ခန်းထဲ မနေရဲပါဘူး၊ ကြိုစမ်းပါဦး၊ ညီ့အတွက် အခန်းတစ်ခန်းလောက်စီစဉ်ပေးပါ၊ အဲ တစ်ဖက်ခန်းက ဦးလေးဇနီးရဲ့အခန်းမှာ နေလို့မရဘူးလား၊ အဲဒီအခန်းကိုသွားလို့မရဘူးလား''

တိမ်မည်းညို့ ပူဆာနေလျှင် နေဟိန်း စဉ်းစားရသည်။ တချို့ မိန်းကလေးများသည် လူသေထားသည့်အခန်းမှာ မနေရဲကြပေ။

''ညို့ နေရဲလို့လား ... တော်ကြာ ... ''

''အို ... နေရဲပါတယ် ညို့မကြောက်တတ်ပါဘူး၊ ဒီအထဲမှာနေရတာထက်စာရင် တစ်ဖက်ခန်းမှာနေရတာက တော်သေး





တာပေ့ါ''

နေဟိန်း တိမ်မည်းညို့ကိုကြည့်ပြီး ခေတ္တစဉ်းစားရသည်။

''တစ်ခုတော့ရှိတယ်နော်၊ သိမ့်အခန်းနဲ့ကိုယ့်အခန်းကြားထဲမှာ တံခါးရှိတယ်၊ သော့မရှိဘူး၊ လင်မယားဆိုတော့လေ''

''ဂျက်ထိုးလို့တော့ရတယ် မဟုတ်လား''

''ဘယ်ရမလဲ ... လင်မယားပါဆိုနေမှ''

''ရတယ် ... နောက်နေ့တွေက သော့တပ်ပေး ဒီနေ့တော့ရှိပါစေ''

ပြောပြီး တိမ်မည်းညို့ တစ်ဖက်ခန်းသို့ အတွင်းတံခါးမှ ကူးသွားခဲ့သည်။ နေဟိန်း သူမကို စိတ်မချ။ ဘာပဲဖြစ်ဖြစ်သူ့မှာတာဝန်ရှိသလို ခံစားရပါသည်။

''အကူအညီလိုရင် ခေါ်လိုက်နော်၊ တံခါးဂျက်မရှိပေမယ့် မကြောက်ပါနဲ့ ဘာ ... ကိုယ့်ကိုစိတ်ချပါ''

နေဟိန်းစကားကို မတုန့်ပြန်တော့ဘဲ တိမ်မည်းညို့ သိမ့်အခန်းထဲသို့ရောက်သွားခဲ့သည်။

သူ့ဌေးကယော်၏ အခန်းပေမို့ ခမ်းနားလှသည့်အခန်းကို ကြည့်ပြီး တိမ်မည်းညို့ အားနာရပြန်သည်။

ခုတင်၊ မွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံး၊ အိပ်ရာဖုံးတွေ၊ စောင်တွေအားလုံးဟာ သူမ မမြင်ဘူးခဲ့သည့်အသုံးအဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်လက်လှမ်းမမီသည့် အကောင်းစား၊ အပျံစားတွေ။

နောက် နံရံကပ်ဗီရိုကြီးတစ်လုံး၊ စားပွဲနှင့်ဆိုဖာဆက်တီတစ်စုံ။ အခန်းကကောင်းလွန်းအားကြီးနေသဖြင့် တိမ်မည်းညို နေဟိန်းအခန်းသို့ ပြန်လာခဲ့ပြန်သည်။

"ဦးလေး ..."

သူမ၏အသံပျော့လေးကြောင့် နေဟိန်း ခုတင်ပေါ်မှာလှဲနေရာမှ ရုတ်ခနဲ ထထိုင်ရ၏။

"ဘာလဲ ... ညို မနေရဲလို့လား"

"နေတာက နေရဲပါတယ် ... ဒါပေမဲ့လေ ပစ္စည်းတွေက ကောင်းလွန်းအားကြီးတော့ ကျွန်မ မသိတတ်သလိုဖြစ်သွားတယ်၊ အားလည်း အရမ်းနာမိတယ်"

"ညိုကလည်းကွာ ဒါအားနာစရာမှမဟုတ်တာ၊ ကဲ သွားအိပ်၊ သွားအိပ်၊ မနက်ကျ တရားရုံးသွားစရာရှိသေးတယ်"

နေဟိန်းထံမှ ထပ်ခံခွင့်ပြုချက်ရလေမှ တိမ်မည်းညို သိမ့်အခန်းမှာ စိတ်ချလက်ချ အိပ်ဖြစ်သည်။



ဒေါ်အေးမိနှင့် စိမ့်တို့မှာလည်း နေဟိန်းလုပ်ကိုင်လာပုံအတွက် ဆွေ့ဆွေ့ခုန်မျှ ဒေါသထွက်နေကြသဖြင့် မည်သို့ တုံ့ပြန်ရမလဲဟု သားအမိနှစ်ယောက် တိုင်ပင်အကြံထုတ်နေကြသည်။

"ဒီကောင် မိန်းမတစ်ယောက်ကို ဖျတ်ခနဲတော့ ကောက်ယူလာမှာမဟုတ်လောက်ဘူး ... ဒါ ငါ့သမီးကိုမယူချင်လို့ ဉာဏ်များတာပဲဖြစ်ရမယ်"

"မာမီကလည်း ဘာပဲဖြစ်ဖြစ် သူမှစိမ့်ကိုမယူချင်တာနေပါစေတော့၊ ရသင့်ရထိုက်တာတောင်းပြီး မော်လမြိုင်ပြန်ကြတာပဲ ကောင်းပါတယ်"

"ဩော် ... သမီးရယ် တရားဥပဒေအရ မာမီတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတောင်းပိုင်ခွင့်မရှိဘူးလေ၊ သိမ့်နဲ့က ကလေးလည်းမကျန်ခဲ့ဘူး၊ မယားပစ္စည်းလင်ပိုင်တာပဲ၊ ပြီး ... ဒီပစ္စည်းတွေက သူ့အရည်အချင်းနဲ့ရတဲ့ပစ္စည်းတွေ''

''မာမီ သူတို့ကို ဘာမှမထောက်ပံ့ခဲ့လို့လား၊ မမသိမ့်အိမ်ထောင်ကျတော့ အမွေခွဲမပေးလိုက်ဘူးလား''

''မပေးလိုက်ပါဘူးသမီးရယ် ... သူ့ကိုယ်မှာဝတ်ထားတဲ့လက်ဝတ်လက်စားတောင် နေဟိန်းနဲ့သဘောမတူလို့ ချွတ်ယူထားလိုက်မိသေးတယ်၊ ညည်းကျတော့သာ ငါကူညီထောက်ပံ့နေရတာ''

သားအမိနှစ်ယောက် စိတ်ပျက် လက်ပျက်နှင့်အကြံထုတ်နေကြရသည်။ လောဘမီးကြောင့် မအိပ်နိုင်ကြချေ။

''တောက် ... သိမ့်ကလည်း အသေစောလိုက်တာ၊ငါ့မှာသမီးတစ်ယောက်လုံး ဆုံးရှုံးရပြီး ဘာပစ္စည်းမှမရလိုက်ဘူး၊ တရားဥပဒေကလည်း မတရားပါဘူး၊ မိဘသေတော့သာ သားသမီးတွေက အမွေရတယ်၊ သားသမီးသေတော့ မိဘအမွေမရဘူး''

''မာမီကလည်း ကြံကြံဖန်ဖန်တွေ စဉ်းစားနေပြန်ပြီ၊ စိမ့်တို့တတ်နိုင်တာသာ စဉ်းစားစမ်းပါ''





''အင်း ... ပထမဆုံး သူတို့နှစ်ယောက်ဟာ အယောင်ဆောင်နေတာလား၊ အစစ်အမှန်လားဆိုတာ အရင်စုံစမ်းဖော်ထုတ်ရမယ်၊ ငါတို့ဒီအိမ်က မပြန်သေးဘူး ... ရောဂါကိုအကြောင်းပြပြီး ဆက်နေရမယ်''

''ဒီအခြေအနေကျမှ ဘာထူးမှာလဲ မာမီရယ် ... စိမ့်တော့စိတ်ဓာတ်ကျချင်ပြီ''

''အို ... မကျနဲ့ မကျနဲ့ ခုမှပွဲကစမှာ၊ တကယ်လို့ သူလက်ထပ်ခဲ့တာမှန်ရင်လည်း ကောင်မလေးက ဘာမသိ၊ ညာမသိလေးပါ၊ ငါတို့သူ့ကိုလွင့်ထွက်သွားအောင်လုပ်ရမယ်၊ သမီးကလည်း မောင်နေဟိန်းကို ဂရုစိုက်၊ မာယာသုံး၊ သူ့ပစ္စည်းတွေက မနည်းဘူးအေ့၊ ညည်းမြင်တဲ့ယာမဟုတ်လား၊ ဒီတိုက်နဲ့ကားနှစ်စီးကတင် နည်းသလား၊ နောက် ... သူ့စက်ရုံနဲ့အရောင်းဆိုင်ခန်းမ ... ''

''အဲဒါတွေက ရှုပ်ယှက်တွေလည်းပါမယ်ထင်တယ်''

''ဘာပဲဖြစ်ဖြစ် ညည်းယောကျ်ားဆေးသမားနဲ့တော့ တစ်ခြားစီပဲ''

''အို ... မာမီ မောင့်ကိုထည့်မပြောနဲ့နော် ... စိမ့်မခံဘူး၊ မောင်ကမှ တကယ့်သူဌေးသား၊ သူ့မိဘတွေသေရင် အမွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမှာ''

''အဲဒါပဲ ညည်းစောင့်နေ ... သားသမီးက သူတစ်ယောက်ထဲမဟုတ်ဘူး (၃)ယောက်တောင်၊ သူ့မိဘတွေကလည်း သေဖို့အဝေးကြီး၊ ကဲပါ မာမီခိုင်းသလိုသာလုပ်စမ်းပါ၊ နေဦး သူတို့ အတူအိပ် မအိပ် ငါသွားပြီး စုံစမ်းဦးမယ်''

ပြောရင်းမှပင် ဒေါ်အေမီ နာရီကြည့်လိုက်သည်။ ည ၁၂နာရီ။

''သွား ... စိမ့် မာမီအသက်ရှူကြပ်ပြီး မောနေလို့ဆိုပြီး နေဟိန်းအခန်းကို သွားခေါက်''

''ဟာ ... မာမီကလည်း''

''သွားဆိုသွား ... ပြီး သူတို့အနေအထားကို အကဲခတ်''

ဒေါ်အေမီခိုင်းတော့လည်း စိမ့် အခန်းတံခါးဖွင့်ခါ နေဟိန်းအခန်းသို့သွားရသည်။

''ဒေါက် ... ဒေါက် ... ''

သုံးခါလောက်ခေါက်မှ နေဟိန်းနိုးလာပုံရ၏။ တံခါးဖွင့်ပေးပုံက မကြည်မသာ။ စိမ့်၏မျက်လုံးများက သူ့နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ။

''ဘာကိစ္စရှိလို့လဲ ... စိမ့် ... ''





''ဟို ... မာမီ နေမကောင်းလို့ပါ''

''အဲဒီတော့ ငါဘာလုပ်ပေးရမလဲ၊ ဆေးရုံတင်ပေးရမလား''

''ဒီထိတော့မလိုဘူးလေ၊ ဒါပေမဲ့ ... ကိုကို့ကို အားကိုးတကြီးနဲ့လာခေါ်တဲ့ဟာ ဘာဖြစ်လို့ဒီလောက်ဟောက်နေရတာလဲ ဘာလဲ နှောင့်ယှက်တယ်ထင်လို့လား''

''မထင်ပါဘူး ... ကဲ ရှေ့ကသွား၊ ငါလိုက်ကြည့်ပေးမယ်''

စိမ့်၏ညအိပ်ဝတ်စုံက ပါးလွန်းလှသဖြင့် တကယ့် ရောမကျောက်ရုပ်ဖြစ်နေ၏။ အရှိကိုအရှိအတိုင်း။

မီးရောင်အောက်မှာ ကပိုကရို။ တောက် ... တကယ့်ကို မာရ်နတ်ရဲ့သမီးပျိုတွေ။

စိမ့်ကို နေဟိန်းဒေါသထွက်နေရသည်။ သို့ပေမယ့် ယောက္ခမကြီး နေမကောင်းဘူးဆိုတော့လည်း နေဟိန်းမနေသာ။

သူတို့အခန်းထဲဝင်လိုက်တော့ ဒေါ်အေမီကို မတွေ့ရချေ။

''လူမမာ ဘယ်ရောက်သွားပြီလဲ ... စိမ့်နော် နင်တို့ငါ့စေတနာကို အလွဲသုံးစားမလုပ်ကြနဲ့၊ ငါလက်ထပ်ပြီးပြီ''

''စောစောကတော့ ခုတင်ပေါ်မှာလူးလိမ့်ကျန်ခဲ့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်ခန်းများဝင်နေသလားမသိဘူး၊ ဒါထက် ကိုကိုတို့နှစ်ယောက်က ဘာလို့အတူမအိပ်ကြတာလဲ၊ ခုမှမိုးလာ၊ ခေါ်လာပြီး အတူမနေကြဘူးလား၊ စိမ့်မျက်စိမှားတာထင်တယ်''

''အတူအိပ်သားပဲ၊ နင်ဝင်လာတော့ သူသန့်စင်ခန်းဝင်သွားတယ်၊ သူ ရှက်နေတယ်လေ''

''ဟုတ်ရော ဟုတ်ရဲ့လား''

''ဘာလို့မဟုတ်ရမှာလဲ၊ ငါတို့က ဘာဖြစ်လို့ခွဲနေရမှာလဲ၊ ဒီအချိန်က ကြားလေတောင်အသွေးမခံနိုင်တဲ့အချိန် ... ကဲ မာမီမရှိလည်း ငါပြန်မယ်၊ နေမကောင်းဖြစ်လည်း ဆေးတိုက်ထား၊ မနက်ကျ ဆေးခန်းသွားပေါ့''

''နေပါဦး ကိုကို ... သိပ်စိမ်းကားတာပဲ စိမ့် ... စိမ့်အပေါ် နည်းနည်းမှမငဲ့ညှာဘူးနော် ... စိမ့်ကဖြင့် ကိုကို့ကိုမျှော်လင့်လိုက်ရတာ ကိုကိုရက်စက်တယ်''

ပြောရင်း မျက်ရည်တွေကျလာပြီး စိမ့် နေဟိန်း၏ ခါးကိုဖက်လိုက်သည်။

တောက် ... စောစောကတည်းက ဒီလိုကြံစည်ခဲ့ရမှာ၊ သူ့ကိုလျှော့တွက်ပြီး ဣန္ဒြေတွေ ... သိက္ခာတွေဆည်နေမိတယ်။

♥ ရွှေစကားစာပေ ♥



''စိမ့် ... စိမ့် နင်ဘယ်လိုလုပ်လိုက်တာလဲ ငါ့မိန်းမမြင်သွားရင် ... ''

နေဟိန်း ရှေ့ဆက်စကားပြောခွင့်မရ၊ စိမ့်မှာ သရဲပူးနေသည့်အလား သူ့ကိုအတင်းပင် ခုတင်ပေါ်သို့တွန်းလှဲပြီး လုံးလားထွေးလား။

နေဟိန်း ခေါင်းနပန်းကြီးသွား၏။ ဒါထောင်ချောက်ပဲ။ သန်စွမ်းနေသည့်စိမ့်ကို အတင်းတွန်းပစ်ပြီး သူ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်၏။

စိမ့်အသွင်ကတော့ တကယ့်ကိုမြင်လို့မကောင်းတော့။

သည်စဉ် အခန်းဝမှာပေါ်လာသည်က ဒေါ်အေးမိနှင့်တိမ်မည်းညို။

''ကဲ ... မြင်ပြီလား မိန်းကလေး၊ မောင်နေဟိန်းနဲ့ငါ့သမီးက ညားပြီးသားပါ၊ ညည်းကို သူညာပြီးခေါ်လာတာ၊ ကြားထဲက ညည်းဒုက္ခမရောက်ချင်ပါနဲ့၊ မနက်ကျရင်ပြန်ပါ၊ ညည်းအတွက် နစ်နာကြေးအဖြစ် ငါငွေငါးသိန်းပေးလိုက်မယ်''

တိမ်မည်းညို အံ့အားသင့်လွန်းသဖြင့် ပါးစပ်အဟောင်းသား။ ဖြူဖွေးဝင်းနုစ်နေသည့် စိမ့်နှင့်ဦးနေဟိန်းတို့အသွင်ကတကယ့်ကို ဖနီးမောင်နံ့တွေနှယ်။

♥ ရွှေစကားစာပေ ♥

www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာပင် မျက်စိရှက်ပါ၏။ ဦးနေဟိန်း၏ညဝတ်အင်္ကျီ
ကလည်းပြေလုလု။ စိမ့်၏အင်္ကျီကတော့ ကြိုးပြေနေပြီး ခန္ဓာကိုယ်
က သဘာဝအတိုင်းနီးပါး။

ယခုမှ ခုတင်ပေါ်က လူးလဲထလာသည့်ပုံ။

"ဦးလေး ... ညို ... ညို့ကို ညာတယ်"

သူ့ဘာသာအဆင်ပြေနေသည့်ဇာတ်လမ်းထဲမှာ သူမက
ကယ်တင်ရှင်ကြီးဝင်လုပ်နေရပါလား။

သူမဘာသာ သိမ့်အခန်းထဲအိပ်နေတုန်း ဒေါ်အေမိရော
လာပြီး အတင်းနှိုး၊ အတင်းဆွဲခေါ်သွားသဖြင့် ဘာမသိ၊ ဘာမသိ
နှင့်လိုက်လာခဲ့ရသည်။

အလိမ်တွေ၊ အညာတွေပေါ်ကုန်ပါပြီဟု မျက်စိမျက်နှာ
ပျက်နေဆဲ သည်မြင်ကွင်းကိုမြင်လိုက်ရလျှင် တိမ်မည်းညို လုံး
သည်းမခံနိုင်တော့။

ဘာလဲ ... ဘာလို့ လူကို အရူးလုပ်တာလဲ။ ရင်ထဲမှ
မကျေနပ်မှုကြောင့် တိမ်မည်းညို မျက်ရည်တွေကျ၊ ဒေါသတွေ
ဖြစ်လာပြီး အဖြစ်မှန်ကိုပြောပစ်လိုက်မည်ကြံစဉ် ဦးနေဟိန်း
သူမ အနီးသို့ဖျတ်ခနဲ ရောက်လာလေ၏။

"ညို ... မောင်ရှင်းပြမယ်၊ ဒါတွေ ထောင်ချောက်တွေ





ပါ ... လာ ... လာ"

အတင်းပင် သူမကို ဆွဲခနဲပွေ့ချီလိုက်ပြီး နေဟိန်းကိုယ့်
အခန်းကိုယ် အပြေးဝင်ရပါ၏။

ပြီးမှ တံခါးကိုသော့ချလိုက်ကာ သူခုတင်ပေါ်ခြေပစ်၊
လက်ပစ် ထိုင်ချမိသည်။

ညို့ကိုသူ သေသေချာချာရှင်းပြဖို့ ကြိုးစားရသည်။

"အဲဒီဆိုဖာမှာထိုင် ... ညို သူတို့လုပ်ကွက်ထဲမပါပါ
နဲ့ကွာ ... စောစောက စိမ့် ကိုယ့်အခန်းကို တံခါးလာခေါက်ပြီး
သူမာမီနေမကောင်းလို့ လိုက်ခဲ့ပါခေါ်သွားတယ် — အခန်းထဲကျ
တော့ ကိုယ့်ကိုအတင်းကြံစည်တော့တာပဲ"

တိမ်မည်းညို သူညွှန်ပြသည့် ဆိုဖာမှာမထိုင်နိုင်ပါ။ နေရာ
မှာပင် မတ်တတ်ရပ်ရင်း လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်
ထားမိ၏။

"ယုတ္တိမရှိဘူး၊ မိန်းမက ယောကျ်ားကိုအတင်းကြံစည်
တယ်ဆိုတာ မကြားဖူးဘူး၊ ဦးလေးဘာသာ အဆင်ပြေနေတဲ့
ဟာ၊ ညို့ကိုဘာဖြစ်လို့ လက်ထပ်ချင်ယောင်ဆောင်နေရမှာလဲ၊
ဘာလဲ ... ညို့ကို ... "

နေဟိန်း သူမ၏ပါးစပ်ကို ဒေါသနှင့်ပျတ်ခနဲ လုမ်းပိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

''လူကိုမစော်ကားနဲ့ တိမ်မည်းညို၊ နင့်ကိုယ်နင် ဘာအောက်မေ့နေသလဲ၊ ဒီဇာတ်လမ်းက ငါစတာမဟုတ်ဘူး၊ နင့်ဘာသာစပြီးတော့မှ ငါ့ကိုမစွပ်စွဲနဲ့၊ ကိုယ့်ကိုယ်ကိုယ်ချောလှပြီ၊ လှလှပြီဆိုပြီး ဘဝင်မြင့်မနေနဲ့ တိမ်မည်းညို၊ လောကကြီးထဲမှာ နင့်ထက်ချောတဲ့လှတဲ့ မိန်းကလေးတွေကိုပြည့်လို့၊ နင့်ကိုရှိုးသားဖြူစင်တယ်၊ စာချုပ်ပေါ်မှာလက်ထပ်ရလည်း ငါ့ကိုအကျပ်မကိုင်လောက်ဘူး၊ အပိုင်မစီးလောက်ဘူးဆိုပြီး အကူအညီတောင်းမိတာ''

သူမကို ဒီလောက်ထိ ရင့်ရင့်သီးသီးတွေပြောနေတော့ တိမ်မည်းညို အံ့အားသင့်ရ၊ မခံမရပ်နိုင်ဖြစ်ရပြီး မျက်ရည်တွေကျလာမိပြန်၏။

နေဟိန်းကတော့ သူမအပေါ် ဒေါသတွေပေါက်ကွဲလိုက်၊ ဟိုသားအမိပေါ် ဒေါသတွေ ပေါက်ကွဲလိုက်။

''အစကတည်းက အခြေအနေတွေရှင်းပြထားရဲ့နဲ့ သူတို့သားအမိက ငါ့ပစ္စည်းတွေကိုမက်မောပြီး အတင်းလက်ထပ်ဖို့ကြိုးစားနေပါတယ်ဆိုတာ၊ ဘာလဲ မယုံဘူးလား၊ နင်မြင်ဖူးတဲ့၊ ကြုံဖူးတဲ့လောက,က ရိုးရိုးစင်းစင်းပါ၊ အခု ငါကြုံနေရတဲ့ လောက





ကြီးက ကောက်ကွေ့၊ ယုတ်မာလွန်းလှတယ်၊ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး၊ သိမ့်နဲ့ပတ်သက်ခဲ့တာကြောင့် သူတို့ကိုနှင်ချလို့လည်းမတော်ဘူး၊ ထန်းပင်ပေါ်ကတစ္ဆေတွေ''

''ကဲပါ ငိုမနေနဲ့၊ သူတို့ဘာပဲလုပ်ပြနေနေ ... ညို မယုံနဲ့၊ မနက်ဖြန် လက်ထပ်ကြဖို့သာစဉ်းစား၊ ကဲ သွားအိပ်တော့''

နေဟိန်း သူမကို သိမ့်အခန်းသို့လိုက်ပို့လိုက်သည်။ မျက်ရည်တွေနှင့် ကောင်မလေးကို သူ မချော့မိ။

မိန်းမဆိုတာ မြွေလိုပဲ။ ကြီးကြီး ငယ်ငယ် အန္တရာယ်ရှိတယ်။ သူတို့ကိုဦးစားပေးရင် ငါ့ခေါင်းကို ကိုက်သွားလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

မနက်ကျတော့ ဒေါ်အေမီတို့သားအမိမနီးခင် နေဟိန်းနှင့် တိမ်မည်းညိုတို့ အိမ်မှ တိတ်တဆိတ်ထွက်ခဲ့ရသည်။ ဒါတောင် ဘယ်လိုအနှောင့်အယှက်မျိုးတွေ ပေးဦးမည်မသိ။

တရားရုံးမဖွင့်သေးသည်မို့ တိမ်မည်းညိုကို သူ့မိတ်ဆွေ တစ်ယောက်ထံထားခဲ့ပြီး သူကုမ္ပဏီသို့သွားဖို့ စိတ်ကူးလိုက်သေး၏။ နောက်မှ ဒေါ်အေမီနှင့်စိမ့်တို့၏ မမျှော်မှန်းနိုင်သည့် လည်ဝယ်မှုကို သတိရလိုက်သဖြင့် နေဟိန်း ညို့ကို အောင်ဇော်ထွန်း ထံခေါ်သွားခဲ့သည်။

အောင်ဇော်ထွန်းအား နေဟိန်း ညကအဖြစ်အပျက်များကို ရှင်းပြလိုက်သည်။ ခေါင်းတညိတ်ညိတ်နှင့်နားထောင်ရင်း အောင်ဇော်ထွန်း သူ့ကိုအကြံပေး၏။





''စိမ့် တော်တော်မလွယ်ပါလားကွာ၊ သူတို့စိတ်ထဲမှာ မင်းပစ္စည်းတွေကို လက်မလွှတ်ချင်တဲ့သဘောပဲ၊ ဒီတော့ မင်းတို့ကို သူအနီးကပ်အနှောင့်အယှက်တွေပေးနေမယ်ဆိုတာ ကြိုသိထားဖို့လိုတယ်၊ မင်းကောင်မလေးကို သေသေချာချာသဘောပေါက်အောင် ရှင်းပြဖို့တော့လိုလိမ့်မယ်နော်''

''အေးကွာ ... ငါလည်း စိတ်တော်တော်ညစ်နေရတယ်၊ ငါ့ကို အကြံပေးစမ်းပါဦး''

''သူတို့ကိုတော့ အိမ်ပေါ်က နှင်ချလို့မရတာသေချာတယ် နော်''

''သွားလေသူ ချစ်ဇနီးရဲ့မျက်နှာက ရှိသေးတယ်လေကွာ၊ ပြင်အကြံပဲပေးပါ''

''အင်း ... စိမ့်ကတော့ မင်းလက်ထပ်ပြီးလည်း နောက်ဆုတ်မှာမဟုတ်ဘူး၊ မင်းတို့လို ပစ္စည်းရှိတဲ့လူတွေဆိုတာ ပျိုးထိုင်းကြိုက်တဲ့နှင်းဆီနိုင်ကြီးတွေ မဟုတ်လား၊ ဒီတော့ သူတို့ဆင်းရင် ကိုယ်ဆင်းလိုက်ပေါ့ကွာ၊ သူတို့ကို အဲဒီအိမ်ပေါ်မှာထားခဲ့ပြီး မင်းတို့နှစ်ယောက်က တစ်အိမ်နေလိုက်ပေါ့''

''ဟာ ... ဒါလည်းမဟုတ်သေးပါဘူး၊ အိမ်ရှင်ကဆင်းပြေးပြီး ညှော်သည်က အခန့်သားအိမ်ပေါ်နေရမယ်လို့''



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုလည်း သူပေးမယ့်ဒုက္ခတွေကို မောင်ရင်တို့နှစ်ယောက် ခါးစည်းခံကြပေတော့၊ ကဲ ... ကဲ သွားကြစို့၊ တရားရုံးမှာ လက်ထပ်ကြဖို့၊ စီစဉ်ရဦးမယ်''

သူတို့သုံးယောက် တရားရုံးသို့ ရောက်သွားချိန်အထိ ဒေါ်အေမီနှင့်စိမ့်တို့၏ အနှောင့်အယှက်ကို လုံးဝမတွေ့ကြရပါချေ။

ရင်တထိတ်ထိတ်နှင့်ပင် နေဟိန်းနှင့် တိမ်မည်းညိုတို့ တရားသူကြီးရှေ့မှောက်မှာ တရားဝင်လက်ထပ်ဖြစ်ခဲ့ကြလေသည်။



## အပိုင်း ( ၂ )

ကားအဖြူလေးကို ကိုယ်တိုင်မောင်းပြီး ခမ်းနားလှပသည့် ခြံဝင်းထဲသို့ တိမ်မည်းညိုဝင်လာခဲ့၏။

ခေတ်မီလှပသည့် နှစ်ထပ်တိုက်နှင့်မြက်ခင်း၊ ပန်းခင်းတို့က မြင်ရသူတိုင်းကို ရင်အေးသဖွယ်။

ကားကိုတိုက်ရှေ့မှာရပ်လိုက်တော့ အထဲမှာစိုးငယ်တံခါးအသင့်ဖွင့်ပေးလာခဲ့သည်။

''မမညို ဒီနေ့အန်ကယ့်ထက်စောတယ်၊ ခါတိုင်းဆို အန်ကယ်အရင်ရောက်နေကျ''

ပြုံးလိုက်ရယ်လိုက်တော့လည်း စိုးငယ်၏ဝဝစိုစို၊ ညိုညိုရုပ်လေးက ချစ်စဖွယ်။ အသက် ၁၅နှစ်ဆိုတာလည်း သွေးစွန်း



www.burmeseclassic.com

www.burmeseclassic.com



သည့်အရွယ်မို့ ရှေးလူကြီးတွေပြောသလို ဘီလူးမတောင် လုသည့် အရွယ်။

စိုးငယ်ကို ကျောပိုးအိတ်ပေးလိုက်ပြီး တိမ်မည်းညို ဧည့်ခန်းထဲတွင် ဆိုဖာအပြာလေးတစ်ခုပေါ်ထိုင်ချရင်း လက်က ရီမုဖြင့် တီဗွီလှမ်းဖွင့်လိုက်သည်။

မိုက်ကယ်ဂျက်ဆင်ရဲ့ သီချင်းတစ်ပုဒ်က ဆူညံမြူးကြွစွာ ထွက်ပေါ်လျှက်။

''ဒီနေ့ညစာ ဘာနဲ့စားရမလဲစိုးငယ်၊ နင့်အမေ ဘာတွေ ချက်နေလဲ''

သည်အိမ်မှာ အလုပ်သမားက စိုးငယ်နှင့်သူ့အမေ ဒေါ်ခင်မိုးတို့နှစ်ယောက်သာ။

ဒေါ်ခင်မိုးက မီးဖိုတာဝန်ယူပြီး စိုးငယ်ကတော့ အိမ်သန့်ရှင်းရေးပေါ့။ တိမ်မည်းညိုလည်း ဝင်ကူသည်ပါပဲ။ အဝတ်လျှော်တာနှင့် မီးပူတိုက်တာပေါ့။

အဝတ်က စက်နှင့်လျှော်ပြီး မီးပူတိုက်တာပဲ တာဝန်နည်းနည်းကြီး၏။ အိမ်သားကလည်း ဦးလေးနှင့်တိမ်မည်းညိုနှစ်ယောက်တည်းပဲလေ။

''ဒီနေ့ညစာ ဧည့်သည်ပါလာမှာမို့ မေမေတော့ ဖွယ်ဖွယ်





ရာရာတွေချက်နေတယ်''

''ဧည့်သည် ဘယ်ကလဲ … ဦးလေးကလည်းလေ သိပ်ဧည့်ထူတာပဲ … သူ့ကိုဆို ကြိုက်လိုက်ချင်ကြတဲ့မိန်းမတွေ ရိုက်သတ်လို့တောင်ကုန်မှာ မဟုတ်ဘူး''

''ဟာ … မမကလည်း အန်ကယ်ကချောတယ်လေ၊ မင်းသားကျနေတာပဲကို၊ မိန်းမတွေကြိုက်တယ်ဆိုတာလည်း အန်ကယ်က သူ့ဒွေးကိုး''

''နင်ကလည်းဟာ ဦးလေးကို အန်ကယ်၊ အန်ကယ်နဲ့ ဘာဖြစ်လဲ ဦးလေးပဲခေါ်ပါ''

''ဟာ … မရဘူး မမရဲ့၊ အန်ကယ်က ဒီလောက်ခေတ်မီ ချောမောနေတာ၊ ဦးလေးဆိုတဲ့ အခေါ်အဝေါ်ကြီးက တုံးပါတယ်''

''အမယ် … နင်ပြောပုံကြီးက''

''ဟုတ်တယ်လေ … မမညိုကလွဲလို့ ဘယ်သူခေါ်တာမှ ဦးလေး … အဲလေ အန်ကယ်က မကြိုက်ဘူး''

''ကဲ … ကဲ ပြီးရော သွား … ငါ့အိတ်ကို ငါ့အခန်းထဲ သွားထားချည်၊ ငါ … ခဏလောက် နပ်လိုက်ဦးမယ်''

ဆိုဖာအရှည်ပေါ်မှာ လဲလျောင်းပြီး မိုက်ကယ်ဂျက်ဆင်၏ ပါးစပ်ကို သူမ လှမ်းပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး စာသင်ခဲ့ရသည့် အီကိုကျောင်းသူကြီး တိမ်မည်းညို ခဏချင်းပင် မှေးခနဲ အိပ်ပျော်သွားတော့သည်။



''ဟာ ... ဒီကောင်မလေးတော့ ခက်နေပြီ''

တိမ်မည်းညို အိပ်ပျော်သွားစဉ် ဦးနေဟိန်း၏ကား ပြန်ရောက်လာခဲ့သည်။ ညွှဲသည်သားအဖ ပါလာသည့်မို့ ညှော်ခန်းထဲမှာအိပ်ပျော်နေသည့် ညို့ကိုကြည့်ပြီး ဦးနေဟိန်း ပြုံးနေရသည်။

ကြည့်ပါဦး။ ကလေးသဖွယ်။ ဆိုဖာရှည်ပေါ်မှာ လက်က လေးပိုက်ပြီး လဲလျောင်းနေလိုက်တာ။

ခေတ်လူငယ်ဆိုပေမယ့် တောမှလာခဲ့သူပေမို့ ညို့ဝတ်ပုံစားပုံသည် ဘယ်တော့မှ မလွန်ကဲ။

အကွဲတွေ၊ အပြဲတွေ၊ အဖော် အဟိုက်တွေ သူမ ဘယ်တော့မှမဝတ်။ ဒါ တစ်ခုတော့ နေဟိန်း စိတ်ချမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အင်္ကျီက အဝါရောင်ရယ်ဒီမိတ်လှလှလေး ပုံဆန်းပေမယ့် ဘယ်နေရာမှမဟိုက်။ အောက်မှစကတ်ကလည် အရှည်။ စင်ဒရဲလားလေး ဆိုဖာပေါ်နေရာမှားပြီး ရောက်နေသည့် နှယ်။

"အားနာစရာဗျာ၊ ဒီဟာလေးကတော့ ဒီလိုပဲ ... ခု ကျောင်းကပြန်လာတာဖြစ်ရမယ်"

"ရပါတယ် နေရာတွေအများကြီးရှိသေးတာပဲ ကျွန်တော် တို့ထိုင်လို့ရပါတယ်"

"ဒါ ... ကိုဟိန်းတူမလေးလား၊ အချောလေးပဲ"

နေဟိန်းနှင့်အတူပါလာသည့် စီးပွားရေးမိတ်ဆွေ ဦးတ ဆွေက ရယ်ရယ်မောမောနှင့် ဆိုဖာတစ်ခုမှာ ဝင်ထိုင်သည်။

ရဲရင့်ဆွေကတော့ ဆိုဖာထက်မှာအိပ်ပျော်နေသည့် မနု ဖြူလေးကို မျက်တောင်မခတ် ငေးကြည့်ရင်း သူ့ဖေဖေအနားမှ ထိုင်လိုက်၏။

"ကျွန်တော့် မွေးစားသမီးပါ ... သမီးက နည်းနည်း တယ် ... ဖေဖေခေါ်နိုင်းလို့မရဘူး"

"ဟော့ ... သမီး ထ ... ထစမ်း၊ ဒီမှာ ဧည့်သည် ပါလာတယ်၊ ဒေါ်မိုးဆီသွားပြီး ဧည့်ခံစရာတစ်ခုခုယူလာခဲ့"





တိမ်မည်းညိုကိုဆွဲထူပြီး ဦးနေဟိန်းထိုင်လိုက်တော့ သူမ ပုံစံက အိပ်ချင်မူးတူး။

"အင် ... ဦးလေး၊ ဟင် ... ဧည့်သည်တွေပါလာတယ်၊ ဟုတ်လား"

နေရာမှ ရှက်ကိုးရှက်ကန်းနှင့် ထပြေးတော့။ ဦးတင့်ဆွေ တို့သားအဖနှင့် နေဟိန်းတို့ ရယ်မောကြရသည်။

"နေပါစေဗျာ... ကလေးပဲ ကျွန်တော်တို့မှာလည်း သမီး တစ်ယောက်ရှိတယ် ... ဘွဲ့ရပြီး အသက်နှစ်ဆယ်ကျော်နေပေ မယ့် ခုထိ ချွဲတုန်း ... နွဲ့တုန်းပဲ"

"ရဲရင့်ဆွေထက် အငယ်လား"

"ဟုတ်တယ် ... ရဲရင့်ဆွေကအကြီး၊ မောင်နှမနှစ်ယောက် သုံးနှစ်စီကွာတယ်"

ဧည့်ခန်းထဲမှာ သူတို့စကားပြောနေကြစဉ် အပေါ်ထပ် အိပ်အခန်း၊ ယခုသူမပိုင်ဆိုင်သည့်အခန်းထဲမှာ တိမ်မည်းညို ရင်တွေခုန်နေမိသည်။

သူ ဘယ်သူလဲ။ သူမလန့်နိုးသွားတော့ သူမကိုကြည့်နေ သည့်သူဟာ ဦးလေးရဲ့ဧည့်သည်လား။

ကရုဏာအပြုံးနှင့် လမင်းကြီးလို ရွှန်းလဲ့နူးညံ့နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကချောလိုက်တာ။ ကိုရီးယားမင်းသား စပိုင်နဲ့ဆင်သလိုလို။

စပိုင်ကတည်တယ်။ ထန်တယ်။ သူက နူးညံ့တယ်။

တိမ်မည်းညို ရှက်ကိုးရှက်ကန်းနှင့် ထပြေးလာတော့ နောက်မှာ သူရယ်ကျန်ခဲ့သည်။

ဟင်း ... မုန်းစရာ။ အို မမုန်းပါဘူး။

အင်း ... သူတို့ဟာ ဦးလေးဧည့်သည်တွေဆိုတော့ ဒီမှာ တည်းခိုကြမှာလား။

သည်စဉ် သူမ၏အခန်းဝသို့ စိုးငယ်ရောက်လာခဲ့၏။

"မမ ရေချိုး၊ အဝတ်အစားလဲပြီး အန်ကယ်က ဆင်းခဲ့ပါတဲ့၊ ဧည့်သည်တွေနဲ့အတူ ခြောက်နာရီမှာ ညစာစားရမယ်တဲ့"

"အို ... အခုမှ ငါးနာရီခွဲရှိသေးတယ်၊ အေး ... အေး ချိုးမယ်၊ ပြီးရင် ... ငါ နင်တို့ကိုလာကူမယ်"

"ဟုတ်ကဲ့ မမ"

စိုးငယ် လှစ်ခနဲပြန်ဆင်းသွားတော့ တိမ်မည်းညို ရေချိုးဖို့ပြင်ရ ဆင်ရသည်။

ယခုအခါ သူမမှာ အဝတ်အစား၊ အသုံးအဆောင်တွေ အများကြီးပါ၊ သိမ့်၏အဝတ်အစား၊ အသုံးအဆောင်တွေကို စိမ့်





ပို့ပေးပစ်လိုက်ပြီးပေပြီ။

စိမ့်အကြောင်းတွေးမိတော့ တိမ်မည်းညို ယခုထိပင်လန့်ပါသည်။ တောက်တဲ့လိုကပ်ပြီး မြွေခွေးလိုကောက်ကျစ်သည့် စိမ့်တို့သားအမိကို သူမတို့နှစ်ယောက် တော်တော်လေးတိုက်ခိုက်ခဲ့ရသည်မဟုတ်ပါလား။

အခန်းတံခါးပိတ်လိုက်ပြီး တိမ်မည်းညို ရေချိုးခန်းဝင်သည်။ နောက် ... မှန်တင်ခုံရှေ့မှာထိုင်ပြီး မိတ်ကပ်ပါးပါးလိမ်း၊ နှုတ်ခမ်းနီဆိုးတော့ စိတ်ထဲမှာ မလုံမလဲ။

ခါတိုင်းက အိမ်နေရင်း သူမဘယ်တော့မှ အလှမပြင်။ ယခု ဘာဖြစ်လို့ အလှပြင်ချင်စိတ်တွေ ပေါက်နေမိပါလိမ့်။

အိုလေ ... ဧည့်သည်တွေရှိနေလို့ပါ။ သူ့ကြောင့် သက်သက်မဟုတ်ပါဘူး။

မျက်နှာအလှပြင်ပြီး အဝတ်အစားဝတ်ရာမှာလည်း တိမ်မည်းညို ခါတိုင်းလို ဂါဝန်တစ်ထည်ထည်ဆွဲမဝတ်ဖြစ်။

လှပသည့် ဂျင်းစကတ်ရှည်နှင့်ကိုယ်ကျပ်အဖြူလှလှလေးကို ဝတ်မိသည်။ သူမအရုပ်ကလေးလို လှပသွားခဲ့သည်။

တင်ပါးထိရောက်သည့် ဆံနွယ်တွေကိုတော့ ခေါင်းစည်းကြိုးလှလှတစ်ခုနှင့် စည်းထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီထိုးတော့မှာမို့ တိမ်မည်းညို့အောက်ထပ်သို့ မြန်မြန်ဆင်းလာမိစဉ် လှေကားမှာ ချောခနဲဖြစ်သွား၏။

"အမေ့ ... အို ..."

သူမကို လျှင်မြန်စွာ ဆီးထိန်းပွေ့ထားတာ ကိုညွှန့်သည်။ တိမ်မည်းညို့ သူ့ရင်ခွင်ပူနွေးနွေးမှာ ရင်တွေခုန်နေမိပါ၏။

"ဆောရီး ... ညို့"

သူက ညို့ပခုံးတွေကို ခပ်ညှစ်ညှစ်ဆုပ်ကိုင်ရင်း လွှတ်ပေးခဲ့သည်။ စိမ့် ရှေ့မှာဟန်ဆောင်ရင်း ဦးလေးရဲ့အပွေ့အဖက် အယုအယတွေကိုခံခဲ့ရစဉ်နှင့် ခံစားချက်ချင်း လုံးဝမတူ။

သူလွှတ်ပေးလိုက်လို့ အောက်ဆက်ဆင်းလာရပေမယ့် တိမ်မည်းညို့ ခြေမခိုင်ချင်တော့။ ကိုယ့်ကိုယ်ကိုယ်ထိန်းပြီး မီး ဘက်၊ ထမင်းစားခန်းဘက်သို့လျှောက်လာရပေမယ့် ထမင်းစား မှာ သူမ ထိုင်ချလိုက်ရသည်။

ဒေါ်ခင်မိုးနှင့်စိုးငယ်မှာ ယခုထိ ထမင်းပွဲပြင်မပြီးသေး သည်မို့ ဗျာဆိုက်နေ၏။ သူမဝင်လာသည်နှင့် စိုးငယ်က ဝမ်းသ အားရလှမ်းအော်လေသည်။

"လာ ... မမ ခြောက်နာရီထိုးတော့မယ်၊ အန်ကယ် လာတော့မယ်"





"အေးပါ ... ငါရင်တုန်လို့ ခဏနားပါရစေဦး"

"ဟာ ... မမကလည်း အပေါ်နဲ့အောက်ဆင်းလာရုံလေး နဲ့ ဘာမောစရာရှိသလဲ၊ ကျွန်ု ..."

"ရှူး ... တိုးတိုး နင် အဲဒီကသာ ပန်းကန်တွေသယ် လာစမ်းပါ၊ ငါ ဒီမှာ နေရာချထားပေးပါ့မယ်"

"ဒါဆိုလည်း ပြီးရော"

စိုးငယ်က ဟင်းပန်းကန်တွေသယ်လာပြီး တိမ်မည်းညို့ စားပွဲမှာ နေရာချထားသည်။ ဒါတောင် သူမလက်တွေတုန်ချင် ချင်။

ကိုယ့်ကိုယ်ကိုယ်တောင် မကျေနပ်။ ငါ ဘာဖြစ်တာလဲ။ အသက်အရွယ် ၁၉နှစ်အထိ ဘယ်သူ့ကိုမှ ရင်မခုန်၊ ရင်မတုန် အဖြူထည်စိတ်နဲ့ နေလာခဲ့သမျှ နာမည်တောင်မသိရသေး သည့်လူတစ်ယောက်နှင့်ကျမှ။

မိန်းမသိက္ခာကျလိုက်တာ။

ဒါ ... ငါ အရွယ်ရောက်လာလို့လား၊ မိန်းမတစ်ယောက် ယောက်ျားတစ်ယောက်ကို စတင်စိတ်ဝင်စားတာ၊ မရိုးသား တာလား၊ အချစ်ဆိုတာ ဒါကြီးလား။

စီးပွားရေးတက္ကသိုလ်မှာ ဒုတိယနှစ်ကျောင်းသူကြီးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူမစိတ်က ဖြူစင်ခဲ့ပါသည်။

ဆန့်ကျင်ဘက်သို့အပေါ် မည်သည့်ခံစားချက်မှမရှိ။ ယုတ်စွအဆုံး စိမ့်ပယောဂကြောင့် ဦးလေးနှင့်ဖနီးမောင်နှံယော ဆောင်ခဲ့ရတုန်းကတောင် စိတ်ညစ်တာ၊ စိတ်ဆင်းရဲတာပဲရှိ သည်။

မည်သည့်အခါကမှ ရင်တုန်မှု၊ ရင်ခုန်မှု၊ သာယာမှုမ ခဲ့ပါ။ အင်း ... ယခုကျမှ ...

စိုးငယ်နှင့်သူမတို့ ထမင်းပွဲပြင်ပြီးချိန်လောက်တွင် ဦးလေ နှင့်သူ့ညှော်သည်နှစ်ယောက်တို့ ထမင်းစားခန်းထဲသို့ဝင်လာခဲ့ကြ သည်။

ရေချိုး၊ အဝတ်အစားလဲထားသဖြင့် သူ့အသားအရေ လင်းလက်လတ်ဆတ်နေ၏။ ဖျတ်ခနဲ မျက်လုံးချင်းဆုံမိ ရင်ခုန်သံက တဒိုင်းဒိုင်း။

ဆုံလည်စားပွဲဝိုင်းမှာ နေရာယူကြတော့ ညိုနှင့်သူ အမှတ်မထင် မျက်နှာချင်းဆိုင်။

ဦးလေးကတော့ သူ့ညှော်သည်တွေနှင့် တိမ်မည်းညို မိတ်ဆက်ပေးနေခဲ့သည်။

''သမီး နာမည်တော့ ခင်ဗျားတို့သိပြီးသားနော်''





''သိပါတယ်ဗျာ ... ခင်ဗျားပြော ... ပြောနေတတ်တာ ပဲ''

''သမီး ... ဒါက ဦးတင့်ဆွေ မန္တလေးကပဲ၊ ဒါက ဦးတင့်ဆွေရဲ့သားတော်မောင် မောင်ရဲရင့်ဆွေတဲ့၊ စီးပွားရေးကိစ္စ ချင်းအဆက်အစပ်ရှိကြတယ်၊ ဒီအိမ်မှာ တည်းမှာမို့ သမီးက တတ်နိုင်သမျှ ဂရုစိုက်နော်''

''ဟုတ်ကဲ့ပါ ဦးလေး''

''ရပါတယ်ဗျာ ... သမီးက ကျောင်းတက်နေရတာပဲ၊ ကျွန်တော်တို့ နေတတ်ပါတယ်''

''ရပါတယ် အန်ကယ်၊ ညိုတို့ ကျောင်းသုံးရက်ပိတ်ဦး မှာ၊ ဪ ... ဦးလေး၊ သူငယ်ချင်းတွေစုပြီး ချောင်းသာသွား ကြမလို့၊ ညိုတို့ မိန်းကလေးတွေချည်းပဲ၊ ရှစ်ယောက်စုပြီး သွား ကြမှာ''

တိမ်မည်းညို၏စကားကြောင့် ဦးနေဟိန်း မျက်ခုံးပင့်သွား ရသည်။ သည်အရွယ်တွေဟာ အုပ်ထိန်းသူတွေကို ညာတတ် ကြတာပဲ၊ မိန်းကလေးတွေချည်းပဲသွားမယ်ဆိုပြီး ယောကျ်ားလေး သူငယ်ချင်းတွေ၊ ချစ်သူရည်းစားတွေပါချင်ပါမည်။

အို ပါကိုပါလိမ့်မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူ ... တိမ်မည်းညိုကို ဘယ်လိုကိုင်တွယ်ရမှန်းမသိ။

စကတည်းက ယဉ်သကိုဆိုသလို သူတို့နှစ်ယောက်၏ အဖြစ်က ကျီးမဟုတ်၊ ကြက်မဟုတ်ဘဝ။

သူဟာ မွေးစားဖခင်လည်းမဟုတ်၊ ခင်ပွန်းလည်းမဟုတ်၊ တိမ်မည်းညိုက သူ့ကိုမလေးစားပါ။

ဘာပဲဖြစ်ဖြစ် စိမ့်ရဲ့အန္တရာယ်ကြောင့် သူ တိမ်မည်းညိုကို စာရွက်ပေါ်က သတို့သမီးလုပ်နိုင်းထားခဲ့မိသည် မဟုတ်ပါလား။

သည်တော့ တိမ်မည်းညိုသည် သူ့ကိုမွေးစားဖခင်တစ်ယောက်ရယ်လို့ မလေးစားခဲ့။

ရှိပါစေတော့လေ။ အရာရာဟာ သူ့သဘောသူဆောင်ခဲ့ပြီပဲ။

နေဟိန်းကတော့ တိမ်မည်းညိုကို ဘယ်လိုသဘောထားရမှန်းမသိပေမယ့် သံယောဇဉ်ရှိတာအမှန်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ဥယျာဉ်မှူးတစ်ယောက်လို သဘောထားပြီး သူကလေးရဲ့သွားရာလမ်းကို အန္တရာယ်ကင်းဘေးရှင်းစေလိုသည်။

ခေတ်ကြီးက အရမ်းတိုးတက်ဆန်းပြားခဲ့ လော်လီပူ





ကောက်ကျစ်မှုတွေလည်း မထင်မှတ်နိုင်အောင်များပြားနေသည်မို့ သည်ခရီးလို ညအိပ်ညနေခရီးမျိုးကို သူ မလွှတ်ချင်ပါ။

သို့သော် ဇော်ကန့်လန့်မလေးက လက်ခံမှာတဲ့လား။

ပြောပုံကိုက ခွင့်တောင်းတာမဟုတ်။ အသိပေးရုံသက်သက်။ တိမ်မည်းညိုဟာ ဆရာမနိုင်၊ နှစ်ဆောင်ပြိုင်မလေး မဟုတ်ပေမယ့် သူ့ကိုအုပ်ထိန်းသူလို့သတ်မှတ်ပုံမရ။

နယ်မှကျောင်းလာတက်နေသည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေလို ကိုယ့်သဘောကိုယ်ဆောင်ကာ လွတ်လွတ်လပ်လပ်ပင်ကိုယ်ဗိုဇလေးကောင်းလို့သာ မိမိကိုယ်မိမိ ထိန်းသိမ်းနေခြင်းဖြစ်သည်။

နေဟိန်း အကဲခတ်တတ်ပါသည်။ သူမမှာ ယခုထိ ရည်းစားရှိပုံမရသေး။ တိမ်မည်းညို၏ပုံစံက အပျံသင်စငှက်ကလေးနှယ် နုပျိုဖျတ်လတ်ပြီး အစွမ်းကုန်သန့်စင်လျှက်။

''ဘယ်သူတွေပါမှာလဲ''

''အို ... ဦးလေးကလည်း ပြောတော့ရော ဦးလေးသိမှာတဲ့လား''

ဦးတင့်ဆွေတို့သားအဖကတော့ ဦးနေဟိန်းနှင့်တိမ်မည်းညိုတို့၏ ဆက်ဆံရေးကို မသိမသာအကဲခတ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ဘယ်သူကားမောင်းမှာလဲ၊ ခရီးဝေးသွားတယ်ဆိုတာ ယောက်ျားလေးတစ်ယောက် နှစ်ယောက်တော့ ပါမှပေါ့၊ ဒါမှ အရေးကြုံရင် အားကိုးရမှာ''

တကယ်က ဦးနေဟိန်း ဖမ်းအစ်လိုက်ခြင်းသာ။ တိမ်မည်းညိုကလည်း တက္ကသိုလ်ကျောင်းသူကြီးမို့ အထာပေါက်ပြီးသား။

''ဦးလေးရယ် ... ခေတ်ကြီးက ဒီလောက်တိုးတက်နေတာ၊ ဘာအရေးမှလည်း ကြုံစရာမရှိဘူး၊ ကားကို ညိုမောင်းမှာလေ၊ သီရိလည်းမောင်းမယ်၊ သီရိကို ဦးလေးသိပါတယ်၊ ဦးလေးကုမ္ပဏီက ဝန်ထမ်းဦးလေးကြီးရဲ့သမီးလေ''

''ဩော် ... ဟို ယောက်ျားရှာမလေးလား''

''လုပ်ပြီ ... ဦးလေးကလည်း သူများသားသမီးကို သူက ကျားကျားယားယားရှိတာပါ''

နေဟိန်းမှာ ဘာဆက်ပြောရမှန်းပင် မသိတော့ချေ။ အသွားမတော်တစ်လှမ်းဆိုသလို တိမ်မည်းညို တစ်ခုခုဖြစ်မှာစိုး၏။

သည်စဉ် ဦးတင့်ဆွေက စကားတစ်ခွန်း ဝင်ပြောလေသည်။

''ဒီလိုလုပ်ပါလား သမီးရဲ့ ... သားလည်းချောင်းသာကို





မရောက်ဘူးသေးတော့ အားကိုး ... အဲ ... နိုင်းချင်တာလည်း နိုင်းရအောင် သားကိုခေါ်သွားလိုက်ပါလား''

သည်အခါ နေဟိန်း အီလည်လည်နှင့်ခေါင်းညိတ်ရသည်။ ဘာပဲဖြစ်ဖြစ် အထိန်းတော့ရမှာပေါ့။

တော်ကြာ သူခိုးရှိရာ ဥစ္စာထုပ်နှင့်လာဆိုသလို ရဲရင့်ဆွေကရော စိတ်ချရလို့လား။

နေဟိန်း မသိမသာ သက်ပြင်းတစ်ချက်ခိုးချရ၏။ ငါ့စိတ်တွေ ဘယ်လိုဖြစ်နေပါလိမ့်။ ရိုးမှရိုးသားရဲ့လား။

ညိုဟာ ငါ့ဇနီးမှမဟုတ်ဘဲ။ သူ့ကို လွတ်လပ်ခွင့်ပေးရမှာပေါ့။

''ကောင်းပါတယ်လေ၊ မောင်ရဲရင့်ဆွေကားမောင်းကျွမ်းတယ် မဟုတ်လားကွဲ့''

''ဟုတ်ကဲ့ပါ အန်ကယ် ... မောင်းတတ်ပါတယ်''

အပျက်အပျက်နှင့်ပင် ချောင်းသာခရီးမှာ ရဲရင့်ဆွေပါဝင်ခွင့်ရသွားခဲ့ပေသည်။

တိမ်မည်းညို ရင်ထဲဖိုလှိုက်ပျော်ရွှင်မိသလိုလို။

''ဘယ်တော့သွားမှာလဲ သမီး''

''မနက်ဖြန် မနက်ပဲ ဦးလေး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါများကွယ် ... စောစောက ကြိုမပြောဘူး"

"ကြိုပြောတော့ရော ဦးလေးက ဘာလုပ်ပေးနိုင်လို့လဲ"

ညိုစကားပြောပုံက မချေမငံ။ နေဟိန်း ခံစားရ ခွင့်လွှတ်ရပါသည်။

"ဩော် ... ချောင်းသာမှာ ဦးလေးအသိအကျွမ်းတွေရှိတာပဲကွယ် ... ဘန်ဂလိုငှားပေးဖို့ ဟိုတယ်မှာအခန်းငှားပေးလို့ရတာပေါ့ ... ကဲပါ အခုလည်း ဖုန်းလှမ်းဆက်ပေးပါ့မယ်"

"ရတယ် ဦးလေး ... ဘာမှလုပ်မပေးနဲ့တော့၊ ညိုတို့က သူငယ်ချင်းတွေစုပြီး ဘဝရဲ့အရသာကိုခံစားချင်ကြတာ၊ ဒီလိုပဲ တိုးတိုးခွေ့ ပခွ့နဲ့ဖြစ်သလို၊ ကြုံသလိုနေကြမှာ၊ ဒါပဲနော် ... သုံးရက်အပြည့်နေ့မှာ မိုးချုပ်မှပြန်ဝင်မယ်"

"သဘောပါဗျာ သဘောပါ၊ ကိုယ့်သမီးကိုယ်ဘယ်တုန်းကနိုင်တာမှတ်လို့"

ထမင်းပွဲမှာ ရယ်သံတွေစီညံသွားပေမယ့် ရယ်သံတွေက အသက်မပါ။ အထူးသဖြင့် ထိုရယ်သံတွေထဲမှာ နေဟိန်းအသံမပါချေ။



မည်သို့ပင်ဖြစ်စေ ... တိမ်မည်းညိုသွားမည့်ခရီးအတွက် ပန်းခင်းသောလမ်းဖြစ်အောင် ဦးနေဟိန်း ဆောင်ရွက်ပေးခဲ့သည်သာ။

ကားကအစ လူများများဆန့်အောင် ညို့ကားနှင့်မသွားစေဘဲ သူ့ပါဂျဲရိုးကိုပေးလိုက်သည်။ ဒရိုင်ဘာအဖြစ် သူ့ကုမ္ပဏီမှ ယာဉ်မောင်းဦးမြထူးကို ထည့်လိုက်သေး၏။

ဒါတောင် ညိုက သူ့ကို ခနဲ့ခဲ့သေးသည်။

"ဦးလေးက ဦးမြထူးကို စပိုင်ထည့်လိုက်တာလား"

"စပိုင်ထည့်ရအောင် ညည်းတို့က ဘာမဟုတ်တာတွေ လျှောက်လုပ်မှာမို့လဲ၊ ဒါ ... သူငယ်ချင်းတွေစုပြီး ရိုးရိုးသားသား အပျော်ခရီးထွက်တာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့မှ တိမ်မည်းညို ဇက်ပု လျှာထုတ်ပြခဲ့သည်။

ကားပေါ်မှာ စားသောက်စရာတွေက ခြင်းကြီးနှစ်ခြင်းအပြည့်။

ဇောင်းထဲမှထွက်သည့်မြင်းလို တိမ်မည်းညို တက်ကြွလန်းဆန်းနေတော့ ကိုယ်ပင်အလုပ်တွေပစ်ပြီး သူတို့နောက်နေဟိန်း လိုက်သွားချင်မိ၏။

မရတော့ပါဘူးလေ။ လူငယ်ဘဝကကုန်ခဲ့ပြီ။ သူကသာနောက်မှငေးမောကျန်ခဲ့ပေမယ့် တိမ်မည်းညိုတို့အဖွဲ့ကတော့ပျော်ရွှင်ကြည်နူးစွာဖြင့် လေမုန်တိုင်းတိုက်သလို ဝုန်းဒိုင်းကြဲကာထွက်ခွာသွားကြပါလေပြီ။

လိုက်မည့်သူများက သီရိတို့အိမ်မှာစုရပ်လုပ်ပြီး စောင့်နေကြသဖြင့် တိမ်မည်းညိုတို့ သီရိအိမ်ကို ဝင်ခေါ်ကြရသည်။

ဦးနေဟိန်း ထင်သလိုပါပဲ။ မိန်းကလေး ရှစ်ယောက်လို့ပြောပေမယ့် တကယ်ကျတော့ မိန်းကလေးခြောက်ယောက်။ ယောက်ျားလေးက နှစ်ယောက်။

ရဲရင့်ဆွေ၊ ဦးမြထူးနှင့်ဆိုတော့ သူတို့အဖွဲ့မှာ ယောက်ျားလေးယောက်၊ မိန်းကလေးခြောက်ယောက်၊ အားလုံးပေါင်းဆယ်ယောက်။





ကားရှေ့ခန်းမှာ ဦးမြထူးကမောင်းပြီး ရဲရင့်ဆွေနှင့်တိမ်မည်းညိုက ဘေးမှာထိုင်ကြသည်။

နောက်ခန်းမှ လူခုနစ်ယောက်ကလည်း တကယ့်ကိုဆူညံနောက်ပြောင်လျှက်။ တိမ်မည်းညိုနှင့် ယခုမှတွေ့ရသည့် ရဲရင့်ဆွေကို အပိုင်နောက်နေကြ၏။

“ဒီခရီးက ဟန်းနီးမွန်းလား၊ ဟန်းနီးမွန်းအကြိုလား ညို”

“ညိုတို့က ရိုးတယ် ... ရိုးတယ်နဲ့ အခုမှ မိတော့တယ်၊ သူက ဘယ်ရင်ခုန်တော့မလဲ၊ ရင်ခုန်စရာအသည်းကရှိနေပြီးသားကို: ... ”

“ကိုရဲရင့်ဆွေ ညို့ကိုလွှတ်မထားနဲ့နော်၊ သူကသိပ်စွံတာ၊ ရောက်လေရာအရပ်မှာ စန်းပွင့်တယ်”

“တော်ကြစမ်းပါဟာ နင်တို့ဘာသာပျော်ပျော်ရွှင်ရွှင်နေကြစမ်းပါ၊ ငါတို့ကိုလာနောက်မနေစမ်းပါနဲ့”

တိမ်မည်းညို အသည်းအသန်ဟောက်တော့မှ နည်းနည်းတော်သွားသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရင်ထဲမှ နှစ်သက်နေမိသည်ဖြစ်စေ ညိုတို့မြန်မာမိန်းကလေးတွေပါ။ ဣန္ဒြေဆယ်ရမည်မဟုတ်ပါ။

ကားရှေ့ခန်းမှာ ပီတိပြုံးလေးနှင့် လမ်းခရီးရှုခင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ညို ရင်ခုန်နေရတာတော့အမှန်။

ကားထဲမှ သူတို့နှစ်ယောက်ပေါင်ချင်း၊ ပခုံးချင်း၊ ထိစပ် လို့မဟုတ်ပါလား။

နောက်မှ အဖွဲ့၏အဩွရာယ်ကင်းဝေးသွားသည့်အခါ တိမ် မည်းညိုနှင့်ရဲရင့်ဆွေတို့ စကားကြည်သာပြောဖြစ်ခဲ့ကြ၏။

''ညို ... ချောင်းသာကို ဘယ်နှစ်ခေါက်ရောက်ဖူးသလဲ''

''ဟင့်အင်း ... ခုမှ တစ်ခါပဲရောက်ဖူးတယ်၊ ကိုရဲရင့်ဆွေ ရော ... ''

''ကျွန်တော့်နာမည်ကြီးကရှည်ပါတယ်ဗျာ၊ ခပ်တိုတိုခေါ် ပါ၊ ကိုကိုဆိုလည်း စိတ်မဆိုးပါဘူး၊ ကျွန်တော် ညို့ထက် သုံးနှစ်လောက်ကြီးမှာပါ''

''သုံးနှစ်ကြီးတိုင်း ကိုကိုခေါ်လို့ဘယ်ဖြစ်မလဲရှင်၊ ကိုရဲရင့် ဆွေရဲ့သူငယ်ချင်းမတွေကရော ဘယ်လိုခေါ်လဲ''

''ကိုရဲတို့ ကိုဆွေတို့ပေါ့ဗျာ''

''ဒါဆို ... ညို ကိုဆွေလို့ခေါ်ပါ့မယ်''

''ကောင်းပါပြီဗျာ စပ်စုတယ်တော့မထင်နဲ့နော်၊ ညိုတို့ ရန်ကုန်နဲ့ချောင်းသာ နီးနီးလေးများ တစ်ခေါက်မှမရောက်ဖူးဘူး နော်၊ ကိုယ်တို့ကထားပါတော့၊ မန္တလေးသားနဲ့ပင်လယ်ကဝေး





ပါတယ်''

''နီးတယ်ဆိုပေမယ့် အကြောင်းကမညီညွတ်ဘူးလေ၊ ခုမှ ရောက်မှာ''

''ညို ... ခရီးတွေ ဘာတွေထွက်ရလား''

''မထွက်ဖူးဘူး၊ ကိုဆွေ့စကားက ဘယ်လိုကြီးလဲ၊ ထွက် ဖူးလား မမေးဘဲ ထွက်ရလားလို့ပဲ''

''ဩော် ... အန်ကယ်က မလွှတ်လို့မသွားရတာလားလို့ ပါ၊ အန်ကယ်က ညို့ကိုတော့ အလိုလိုက်သားပဲနော်''

ညို ရဲရင့်ဆွေကို မျက်ခုံးပင့်ပြီး ကြည့်မိသည်။ ဘာလို့ ဒီမေးခွန်းတွေမေးတာလဲ။ ကေန္တ ... ညိုနဲ့ဦးလေးကို မွေးစား သားအဖလို့ မယုံကြည်လို့လား။

''ဦးလေးမလွှတ်တာ မဟုတ်ပါဘူး၊ ညိုကိုယ်တိုင်သွားရ မှန်းမသိသေးတာပါ၊ ဒီတစ်ခါပဲ သူငယ်ချင်းတွေနဲ့စကားစပ်ပြီး ခရီးထွက်ဖြစ်တာ၊ ညိုလိုက်မယ်ဆိုတော့လည်း ဦးလေးက လွှတ် တာပဲလေ''

နှစ်ယောက်သား စကားမဆက်ကြတော့ဘဲ လမ်းခရီးကို သာ ငေးမောကြည့်လာခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဘက်မို့ လမ်း ဘေးရှုခင်းများက စိုစိုပြည်ပြည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးအကုန်၊ ဆောင်းဝင်လုလုမို့ ရာသီက သာတောင့်သာယာ။

အပျော်ခရီးပေမယ့်ထင့်သလောက်မပျော်မိတော့။ ကိုဆွေငွါကိုဦးလေးနဲ့ သံသယဝင်နေသလား။

ပုသိမ်ရောက်တော့ ကားခေတ္တနားပြီး သူတို့နံနက်စာစားကြသည်။

ချောင်းသာကိုရောက်ချင်လှပြီမို့ ထမင်းစားပြီးလျှင်ပြီးချင်း ဆက်ထွက်ကြပြန်သည်။ လူငယ်တွေချည်းပဲမို့ မည်သူမျှ မညည်းညူ။

လမ်းခရီး၏သာယာလှပမှုမှာ ဒေးမောရင်း ကားကွေ့တွေမှာ သူတို့အော်ဟစ်ပျော်ရွှင်ကြပြန်သည်။

သစ်စခန်းနှင့်သစ်တောအိမ်လေးများကို အထူးအဆန်းသဖွယ် ကြည့်ရှုကြ၏။

နေ့လယ် သုံးနာရီလောက်မှာ ပင်လယ်ပြာကြီးကို လှမ်းမြင်ကြရလျှင် သူမတို့အားလုံး အော်ဟစ်ပျော်ရွှင်သွားကြ၏။

လမ်းခရီးပင်ပန်းမှုတွေအားလုံး ပိန်းကြာဖတ်ပေါ်ရေမတင်။

တည်းခိုဖို့ မစဉ်းစားသေးဘဲ ကားကိုပင်လယ်ကမ်းစပ်သို့ မောင်းချသွားခဲ့ကြသည်။





ကားပေါ်မှ ရှိသမျှလူအားလုံး ဦးမြထူးမှလွဲ၍ ကမ်းစပ်သို့ ပြေးဆင်းကြ၏။

ရဲရင့်ဆွေက အားလုံးကို လှမ်းအော်တားဆီးပေမယ့် မရတော့။

"ဟေ့ ... ဟေး ... တည်းဖို့ ဘန်ဂလိုကိုအရင်သွားကြမယ်၊ ညနေစောင်းမှ ရေစိမ်ကြ"

"ကိုဆွေနဲ့ဦးမြထူး ဦးလေးလှမ်းချိတ်ထားတဲ့ ဘန်ဂလိုဆီသွားနှင့်၊ ညီမတို့ကို နောက်မှလာခေါ် ... "

အားလုံး အသက်နှစ်ဆယ်မပြည့်သေးသည့် လူငယ်လေးများပေမို့ နှစ်ဆယ်ကျော်ပြီဖြစ်သည့် ရဲရင့်ဆွေနှင့်အသက်လေးဆယ်အရွယ် ဦးမြထူးတို့ ခွင့်လွှတ်ရပေမည်။

"လာ ... ဦးလေးထူး၊ အန်ကယ်ဖုန်းဆက်ထားတဲ့ ဘန်ဂလိုဆီ သွားရအောင်"

တာဝန်ရှိသူများထံသွားမေးပြီး၊ သော့ယူကာ ရဲရင့်ဆွေနှင့် ဦးမြထူးတို့ ကိုယ်ရသည့်ဘန်ဂလိုထံ ကားကိုမောင်းခဲ့ကြ၏။

"တော်တော်ဆိုးတဲ့ ကလေးတွေပဲ"

"သကြီးနဲ့ဆို ပိုကဲကြတယ်၊ ခုလိုကြားရက်က တော်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အထဲမှာ ကျွန်တော်တို့ကလူကြီးတွေပေါ့ဗျာ"

ကားပေါ်မှ အထုပ်အပိုးများကို ဘန်ဂလိုထဲထည့်ပြီး ဦးမြထူးကား သန့်ရှင်းရေးလုပ်နေခိုက် ရဲရင့်ဆွေ ညီ့တို့အဖွဲ့ရှိရာ ကမ်းစပ်သို့ လမ်းလျှောက်ခဲ့သည်။

ပင်လယ်ကမ်းစပ်မှာ လူတွေကတော့ ပွဲတော်ရှုံးလို့ သူ့အုပ်စုနှင့်သူ ဘောကွင်းစီးကြ၊ ဘောလုံးပုတ်ကြ။

တိမ်မည်းညို့တို့အဖွဲ့က သူ့ကိုမြင်တော့ လှမ်းအော်ခေါ်ကြသည်။

"ကိုဆွေ ... လာ လှိုင်းစီးရအောင်"

"ကိုဆွေ ... ဒီလာ ကျွန်တော်တို့ဆီလာ၊ သူတို့မိန်းကလေးတွေဆီမသွားနဲ့ ... လှိုင်းရိုက်ရင် ထဘီကျွတ်မယ့်လူတွေ"

"အောင်မယ် နင့်တို့သာ ဘောင်းဘီကျွတ်မှာ"

အဖွဲ့ဝင်အားလုံး ဝတ်စုံပြည့်နှင့်ရေထဲဆင်းနေကြသည်မို့ လှိုင်းပုတ်လျှင် တဝါးဝါး၊ တဟားဟားနှင့်။

ယောကျ်ားလေးတွေပြောလည်းပြောစရာ၊ လှိုင်းကတဝုန်းဝုန်းရိုက်နေသည်မို့ လုံချည်သမားတွေမှာ မစားသာ။

ကောင်လေးနှစ်ယောက်က ရဲရင့်ဆွေကို ရေထဲအတင်းဆွဲချဖို့ပြင်လျှင် ရဲရင့်ဆွေဝေးဝေးသို့ ပြေးတော့သည်။





"ကိုယ်က ရေကြောက်တယ်ဗျ၊ အညာသားလေ အညာသား သိတယ်မလား"

"အညာသားတွေလည်း ရောဝတီမြစ်ထဲမှာ ရေကူးကြပါတယ်ဗျာ၊ ညောင်ဦးဖီးတို့ ငလုံးလဖယ်တို့ဆိုတာ အညာသားတွေမဟုတ်လား"

တဟားဟားရယ်ကြရင်း ရဲရင့်ဆွေကို ကောင်မလေးတစ်အုပ်ရေထဲအတင်းဆွဲချကြတော့ တိမ်မည်းညို့ ပြုံးကြည့်နေမိသည်။

ရေစိုကိုယ်လုံးနှင့် ညို့အလှက နတ်ဒေဝီလေးလို။ စတိုင်ပင် အနက်နှင့်တီရှပ်အဝါမို့ ညို့အသားဖြူတာ ပိုပြီးလင်းလက်နေ၏။

"ညို့ ... ကယ်ပါဦး ... အား ... ဂွိ ..."

ရေလှိုင်းတွေအောက်မှာ ရဲရင့်ဆွေခြေကားယား လက်ကားယား။

သီရိတို့အဖွဲ့က တဟားဟားရယ်ရင်း သူ့ကိုရေထဲမှာထားပစ်ခဲ့သည်မို့ တိမ်မည်းညို့ မနေသာ။

ကိုယ်ယူထားသည့် ဘောကွင်းနှင့်သူ့ထံ စစ်ကူသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



''မကြောက်နဲ့ ကိုဆွေ ... ညို့လာပြီ''

''အား ... ညို ... ညို့ရေ''

လှိုင်းလုံးတွေကလည်းအသက်ပင်မရှူနိုင်လောက်အောင်။

ညိုအနားရောက်သွားတော့ သူကညို့ကို သွေးရူးသွေး
တန်းနှင့် ကြုံးဖက်ထားခဲ့သည်။

''နေဦး ... ကိုဆွေ ဒီမှာ ညိုလှိုင်းစီးနည်းပြမယ်၊ လှိုင်း
ကို ကျောပေးထား ... ဘောကွင်းကို လှိုင်းပေါ်တင်ပေးထား''

''ဟင့်အင်း ကိုယ်ကြောက်တယ် ... မစီးရဲဘူး''

''ဟုတ်တာပေါ့ ... တစ်ခါတည်းနဲ့တော့ လှိုင်းဘယ်စီး
တတ်မလဲနော်''

ညို့ကိုဖက်လျှက် ညို့ရင်ခွင်မှာ မျက်နှာအပ်ပြီး လှိုင်း
ရှောင်နေပုံကြောင့် သူမအနေရခက်လှ၏။

''ကဲ ... လာ ကမ်းပေါ်ပြန်တက်ကြမယ်၊ ဘန်ဂလိုကျ
မှ ရေချိုးမယ်''

ရဲရင့်ဆွေ၏လက်ကို ညိုဖြုတ်ချလို့မရ။ ရေထဲမှ ကယိမ်း
ကယိုင်ဖြစ်နေသည့်သူ့ကို ဖေးမကာ သူမတို့ကမ်းစပ်သို့ပြန်ရောက်
လာ၏။

တစ်ယောက်တစ်ပေါက်နှင့် အော်ဟစ်နောက်ပြောင်မှုများ

--



ကို ရယ်မောကျော့ခိုင်းရင်း ရဲရင့်ဆွေနှင့်ညိုတို့ ဘန်ဂလိုတို့
ပြန်ခဲ့ကြသည်။

အုန်းပင်ရိပ်တွေနှင့်၊ ပင်လယ်မှဖြတ်လေကြောင့် ချောင်း
သာနေသည့်သူတို့အတွက် အေးမြနေသယောင်။ မျက်စိတဆုံး
မြင်နေရသည့်ပင်လယ်၏အပြာရောင်လှလှကလည်း အပူရှိန်
သက်သာအောင် ကုစားပေးနေသည်။

ဘန်ဂလို ဝရန်တာမှာ ဦးမြထူးကို ဘီယာတစ်ဘူးနှင့်နပ်
နေတာ တွေ့လိုက်ရ၏။ ဦးမြထူးကို တိမ်မည်းညိုမကျေနပ်ချင်။
သူဟာ ဦးလေးရဲ့စပိုင်။

အင်းလေ ငါကလည်း ဘာမဟုတ်တာလုပ်မှာလိုက်လို့။
ပြီး ... ဦးလေးနဲ့ငါကလည်း ဘာမှဆိုင်တာမှမဟုတ်တာ။ ဦးမြ
ထူးကို သရဲတစ္ဆေလို ကြောက်နေစရာမလိုပါဘူး။

ရေစိုကိုယ်လုံးနှင့်ဖွံ့ဖြိုးတစ်ရစ်နေသည့် တိမ်မည်းညိုကို
ကြည့်ပြီး ရဲရင့်ဆွေကတော့ သွေးခုန်နှုန်းတွေ ဆူပွက်နေ၏။

ညို ငါ့ကိုသဘောကျပါတယ်။ ညိုဟာတက္ကသိုလ်ကျောင်း
သူတစ်ယောက်ပါ။ ဒီလောက်မအပါဘူး။ သူ့ကိုငါအပိုင်ချည်ရ
မယ်။

တိမ်မည်းညို ဘန်ဂလိုပေါ်သို့ရေချိုးရန် ပြေးတက်သွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် ရဲရင့်ဆွေ နောက်မှခပ်တည်တည်နှင့်ကြည့်နေသည်။ ဦးမြထူးထံမှ ချောင်းဟန့်သံကြားလိုက်ရသဖြင့် ရဲရင့်ဆွေ ကျွဲမြီးတိုသွား၏။

''လာလေ မောင်ရင် ... ဘီယာသောက်ရအောင်''

ရဲရင့်ဆွေ မကျေမချမ်းနှင့်ပင် ဝရန်တာသို့တက်လာရသည်။

''ခင်ဗျားက ရင့်လှချည်လား၊ ခင်ဗျားတာဝန်က ကားမောင်းဖို့ပဲ ကားထဲမှာ သွားနေပါလား''

''ကားထဲမှာ ၂၄နာရီ ထိုင်နေရရင်တော့ သေရောပေါ့မောင်ရင်ရယ်''

''ဒါဆိုလည်း လျှောက်ကြည့်ပေါ့ဗျ ... ဘာလဲ ခင်ဗျားတာဝန်က ညို့ကိုစောင့်ကြည့်ဖို့လား၊ ခင်ဗျားကို ဦးနေဟိန်းက စပိုင်အဖြစ်ထည့်လိုက်တာလား''

''ထင်ချင်သလိုထင်နိုင်ပါတယ် မောင်ရယ် ... ဒါပေမဲ့ မောင်သိထားဖို့က ကျုပ်ဟာ မောင်တို့ရဲ့အစေအပါးမဟုတ်ဘူးနော်၊ ကူညီသူပဲ ... ကျုပ်ဒရိုင်ဘာအဆင့်မဟုတ်ဘူး၊ ကိုယ့်အလုပ်ရှင်အကူအညီတောင်းလို့ လိုက်လာတာ၊ ကျုပ်ကိုတစ်ဆင့်နှိမ့်ဖို့တွေ၊ နှစ်ဆင့်နှိမ့်ဖို့တွေ လုံးဝမစဉ်းစားနဲ့''





''ညစ်ပြီ ... ကြောက်နေရပါလား''

ရဲရင့်ဆွေ စိတ်ပျက်သွားပြီး ပခုံးတွန့်လျှင် ဦးမြထူးပြုံးလိုက်သည်။

''အမုန်အကန်သမားတွေအတွက်တော့ စိတ်မညစ်ရဘူး၊ ကျုပ်နားလည်တတ်ပါတယ်''

''ခင်ဗျားစကားက ဘာလဲဗျ''

''ဘာပဲဖြစ်ဖြစ် ကျုပ်ဟာ တိမ်မည်းညိုအတွက်တော့ မဟာရံတံတိုင်းကြီးပေါ့ဗျာ''

''ခုလို ကြိုတင်ပြီး ရှင်းရှင်းလင်းလင်းသိရတာကောင်းပါတယ်၊ ခင်ဗျားတို့ ဇာတ်ရှုပ်ကြီးထဲက ကျုပ်ဘေးထွက်ထိုင်ပါတယ်''

''ပြီးရောပေါ့''

ဝရန်တာမှ စစ်အေးတိုက်ပွဲတစ်ခုဖြစ်ထွန်းနေကြစဉ် တိမ်မည်းညို ရေချိုးပြီး အဝတ်အစားလဲကာ အပြင်သို့ထွက်လာလေသည်။

''ကိုဆွေ ရေချိုးလေ အအေးပတ်နေဦးမယ်၊ တော်ကြာ ညာသားလေး ချောင်းသာမှာဖျားပြီး ကျဆုံးကျန်ခဲ့လိမ့်မယ်''

''ဟာ .. ညိုကလည်း ဥုံဖွ မပြောကောင်း မဆိုကောင်း''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရယ်မောကြပြီး ရဲရင့်ဆွေ ရေချိုးခန်းထဲ သို့ဝင်သွားခဲ့လျှင် တိမ်မည်းညို ဦးမြထူးကို မျက်မှောင်ကျုံ့ကြည့် လိုက်၏။

"ဦးမြထူး ... အရက်သောက်နေတာလား"

"အရက်မဟုတ်ပါဘူး မမလေးရယ် ... ဘီယာပါ"

"ဘာထူးလဲ ဦးမြထူးက လူကြီးနော် ... လူငယ်တွေ သောက်ရင်တောင် ထိန်းပေးရမှာ ... "

"ဟာ ... ပြဿနာပဲ ကျွန်တော့်တာဝန်က ကားမောင်း ပေးရုံတင်ပါ၊ လူတွေကို ထိန်းဖို့မပါပါဘူး"

"သေချာလို့လား ဘာပဲဖြစ်ဖြစ်လေ ဦးမြထူးမမူးစေနဲ့ နော်"

"စိတ်ချပါ ... ကဲ ကျွန်တော် ဟိုဟိုဒီဒီလျှောက်ကြည့် လိုက်ဦးမယ်၊ ဟိုမှာ မမလေးသူငယ်ချင်းတွေ ပြန်လာကုန်ကြ ပြီ"

တိမ်မည်းညို၏အဖွဲ့ ရယ်မောသူညံ့စွာနှင့်ပြန်ရောက်လာ ကြပြီမို့ ဦးမြထူး ဘန်ဂလိုပေါ်မှဆင်းလာခဲ့လေသည်။



လူငယ်တွေချည်းမို့ အားလုံးပင် အပျော်တွေလွှမ်းကဲနေ ကြသည်။ သူမတို့အဖွဲ့ထဲမှာပါသည့် ကောင်လေးနှစ်ယောက် အမည်က ကျော်မင်းသူနှင့်ဇော်မင်းသူ။ ညီအစ်ကိုနှစ်ယောက်။ သူတို့က အဖွဲ့ထဲမှ မေသူ့အစ်ကိုဝမ်းကွဲတွေ။

မောင်နှမသုံးယောက်လုံး ဖြူဖြူချောချောတွေပါပင်။ မေသူက တိမ်မည်းညိုနှင့်တော်တော်ခင်သည်မို့ သူ့အစ်ကိုတွေ ကိုလည်း လိုက်ခွင့်ပြုရခြင်းဖြစ်သည်။

သီရိ၊ မေသူ၊ တိမ်မည်းညိုအပြင် နောက်ထပ်မိန်းကလေး သုံးယောက်မှာ သက်ထား၊ အိမ္ဗွေစင်နှင့် လင်းနေခြည်။ အားလုံး သူငယ်ချင်းတွေပါပဲ။ ခေတ်လူငယ်တွေပီပီ အားလုံးလှလှပပနှင့် ခေတ်မီမီ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းသူနှင့်ဇော်မင်းသူက သက်ထားနှင့်လင်းနေခြည်ရဲ့ ကိုယ်ရံတော်တွေ။

ရဲရင့်ဆွေ ခံပြင်းနေမိသည်။ သူ့အပေါ် တိမ်မည်းညိုက အခွင့်အရေးပေးချင်ပေမယ့် ဦးမြထူးက မျက်လုံးဒေါက်ထောက်ကြည့်နေတာ ဘာသဘောလဲ။

ဦးနေဟိန်းနှင့် တိမ်မည်းညိုဟာ သားအဖအရင်းတွေ မဟုတ်သည်မို့ သူဘယ်လိုကောက်ချက်ဆွဲရမှန်းပင်မသိ။

ဦးနေဟိန်း တိမ်မည်းညိုကို သမီးအဖြစ်နှင့်စိုးရိမ်တာလား။ ဘယ်လိုပုံစံနှင့် စိုးရိမ်တာလဲ။

ဘာပဲဖြစ်ဖြစ် ချောမောလှပပြီး ချစ်စရာကောင်းသည့် တိမ်မည်းညိုသည် သူ့အတွက် ပဒိုင်းသီးနှယ်၊ ဆုပ်လည်းစူး၊ စားလည်းရှူးပေါ့။

အလိုက်အထိုက်ပါဝင်စီးမျောနေရင်း ရဲရင့်ဆွေ တိမ်မည်းညိုကို အကဲခတ်နေမိ၏။

ညစာကို စားသောက်ဆိုင်လေးများမှာ လျှောက်စားကြပြီး သဲသောင်ပြင်မှာ သူတို့လမ်းလျှောက်ကြသည်။

လရောင်အောက်မှာ လင်းလက်လှပနေသည့် ပန်းနုရောင်မလေးသည် ကောင်းကင်ဘုံမှ နတ်သမီးလေးနှယ်။





ကျော်မင်းသူနှင့်ဇော်မင်းသူတို့က နှစ်တွဲ၊ သူနှင့်တိမ်မည်းညိုကတစ်တွဲ၊ လမ်းလျှောက်ကြသည်။ ကျန်မိန်းကလေးသုံးယောက်က တစ်တွဲပေါ့။

ဦးမြထူး ဘန်ဂလိုမှာကျန်ခဲ့သည်။ သူတို့တွေ သောင်ပြင်မှာလမ်းလျှောက်ကြပြီးနောက် သောင်ပြင်ပေါ်မှာပဲ သူ့အစုနှင့်သူထိုင်လိုက်ကြသည်။

လရောင်နှင့်ပင်လယ်က လှိုင်းရိပ်၊ လရိပ်နှင့်အစွမ်းကုန်လှပနေတော့ ရဲရင့်ဆွေတင်မက လူငယ်တို့၏ရင်ထဲမှာ တိမ်းတိမ်းမွေ့မွေ့။ သဘာဝ၏အလှက သူတို့၏နှလုံးသားကို ဖမ်းစားနေလေ၏။ ပင်ကိုယ်စိတ်တွေ ပျောက်နေပြီ။

ရဲရင့်ဆွေ သူ့အနီးမှာ ငြိမ်သက်နေသည့် ညို့လက်များကို ညင်သာစွာဆုပ်ကိုင်လိုက်သည်။

''ညို ... ကိုယ့်ရင်ထဲမှာတစ်မျိုးပဲ ငိုချင်သလိုလို၊ ရယ်ချင်သလိုလိုကြီး''

''ဒါဆို စိုးရိမ်ရတယ်၊ သရဲပူးသလား၊ ရွာသမီးနှောင့်ယှက်သလားပဲ''

''ရွာသမီးနှောင့်ယှက်တာ ဟောဒီကရွာသမီး ... အချောအလှလေးနှောင့်ယှက်တာ''



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ရဲ၊ ဇက်ရဲနှင့်ညို့ကိုပွေ့ဖက်လိုက်တော့ ညိုရှုန်းဖယ်လေ၏။

"စကားကို ကောင်းကောင်းပြောစမ်းပါ၊ ကိုဆွေ့စိတ်ထဲ ညို့ကိုအထင်သေးနေသလား"

"မဆိုင်လိုက်တာ၊ ကိုယ် ညို့ကိုချစ်နေတာမသိဘူးလား"

"ခုမှတွေ့ကြတာ ဘယ်နှစ်ရက်ရှိသေးလို့လဲ၊ ညို အပျော်ရည်းစားထားတာ ဝါသနာမပါဘူး"

ညိုဟာ သူထင်သလို မလွယ်ကူပါလား။ မွေးစားဖခင်၏ သစ္စာကိုစောင့်သိရှိသေသည့် မွေးစားသမီးတစ်ယောက်လား။

"ညို့စကားတွေ ကိုယ်နားမလည်ဘူးကွာ၊ ဘယ်သူကရော အပျော်ရည်းစားထားမှာလဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ တွေ့ဆုံချိန်တိုတောင်းပါသေးတယ်၊ မနက်က ရေထဲမှာကူညီခဲ့တာနဲ့အထင်သေးနေပြီထင်တယ်"

"မဟုတ်ပါဘူး ညိုရယ် ... ကိုယ် ညို့ကိုတကယ်ချစ်တာပါ"

"ထားပါတော့လေ ... ဒီလောက်လှပတဲ့ညလေးကို အကျည်းမတန်ပါစေနဲ့ရှင် ... ညိုတို့ လရောင်နဲ့ပင်လယ်ကို





ံစားကြရအောင်"

ရဲရင့်ဆွေ စောဒကမတက်တော့။ ပခုံးတစ်ချက်တွန့်ပြီး သူမအလိုကျ၊ အလိုက်အထိုက်နေပေးလိုက်သည်။

ခပ်လှမ်းလှမ်းမှ ဇော်မင်းသူတို့စုံတွဲနှစ်တွဲကတော့ တစ်ယောက်ပခုံးတစ်ယောက်မှီလျှက်။ သူတို့ကို ရဲရင့်ဆွေ အားကျနေမိသည်။

ဘာပဲဖြစ်ဖြစ် သည်ည၊ သည်ခရီးမှာ သူ ညို့ကိုအပိုင်ညှိပစ်လိုက်ချင်သည်။ သို့သော် ညိုက သူထင်သလောက်ချေးမပေါ။ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်နေသည်။

ကောန္တ မိန်းမသားပီပီ ဟန်ဆောင်နေတာလား။ မာယာသုံးနေတာလား။ သူသက်ပြင်းတချချ။

တိမ်မည်းညို ရဲရင့်ဆွေကို အကဲခတ်နေ၏။ ဒီလူ ဘာဖြစ်နေတာလဲ။ သူ့သဘောထားတွေ ရိုးမှရိုးရဲ့လား။

ခုမြင် ခုကြိုက်ရအောင် ငါ့ကိုအပေါစား၊ အညှာလွယ်တဲ့ မိန်းကလေးမှတ်နေသလား။ ရဲရင့်ဆွေကို သူမထင်သေးစရာတွေ မြင်တွေ့လာရသည်။

သူမကိုချစ်ခွင့်ပန်နေလိုက်တာ တကျီကျီ။ ကြောင်ဝတ်စာတောင်းနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာရည်ရွယ်ချက်လဲ။ ဘယ်အထိဦးတည်ချင်တာလဲ။

ရင်ထဲမှာ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်မှာ လပင်တော်တော်မြင့်လာချေပြီ။

တိမ်မည်းညို အားလုံးကိုနှိုးဆော်လိုက်၏။

"ကဲဟေ့ ... နှင်းထဲမှာဖျားနာကုန်ကြဦးမယ်၊ ဒီညတော့ ရောပေါ့ ... ဘန်ဂလိုပြန်ကြရအောင်"

အားလုံးပင်နေရာမှထရပ်ကြပြီး ဘန်ဂလိုသို့ပြန်လာခဲ့ကြသည်။

ဘန်ဂလိုရောက်တော့ ဦးမြထူးကို ဝရန်တာမှာစောင့်လျှက်တွေ့ကြရသည်။

"အိပ်ကြမယ်ဟေ့၊ နေရာယူကြရအောင်"

"အခန်းနှစ်ခန်းပါတာပဲမိန်းကလေးတွေတစ်ခန်း၊ ယောက်ျားလေးတွေ တစ်ခန်းယူကြပေါ့"

ဦးမြထူးကမူ ...

"ဦးလေးကတော့ ဝရန်တာမှာပဲ အိပ်ပါ့မယ်" ပြောပါ၏။

"ဟာ ... နှင်းတွေထဲသေရောပေါ့၊ ယောက်ျားလေးတွေအခန်းထဲဝင်အိပ်ပါ"





နောက်ဆုံး တိမ်မည်းညို ဆုံးဖြတ်သည့်အတိုင်း ဦးမြထူး အပါအဝင် ယောက်ျား(၄)ယောက်ကတစ်ခန်း၊ မိန်းကလေး (၆)ယောက်ကတစ်ခန်း နေရာယူပြီး အိပ်ကြလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ညကျတော့ အအိပ်ဆတ်သည့် တိမ်မည်းညို၏ နားထဲမှာ ကိုယ့်အခန်းဘက်ကတံခါးကို ဖြည်းညင်းစွာဖွင့်ပြီး အပြင်ထွက်သံ၊ တစ်ဖက်ယောက်ျားလေးခန်းမှ တံခါးဖွင့်သံတွေကို ကြားနေရသည်။

လောလောဆယ် မီးပျက်နေသည်မို့ ထိုအရိပ်ဟာဘယ်သူတွေမှန်းမသိရပေမယ့် သူမစိတ်တွေ ထိတ်လန့်၊ သံဝေဂရတာ ...မှန်။

မစွန်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိဆိုသလိုမိန်းကလေးကိုယ်တိုင်ကလည်း အခွင့်အရေးပေးပေသကိုး။

အဲဒါ ဘယ်သူလဲ။ ကျော်မင်းသူ၊ ဇော်မင်းသူတို့နဲ့ကြိုက်





ကဲ့သက်ထားလား၊ လင်းနေခြည်လား နှစ်ယောက်လုံးလား။

မနက်ဖြန်တော့ပြန်မှပါ။ ဦးလေးကို အရွဲ့တိုက်ပြီးခရီးထွက်လာမိသည်ကိုလည်း တိမ်မည်းညို စိတ်မကောင်းတော့။

ငါ့ကိုက ရန်လိုနေတာပါ။ ဦးလေးမှာ ဘာအပြစ်ရှိလို့လဲ။ ဆင်းဆင်းရဲရဲနဲ့ ငါ့ဘဝကို အဆင့်မြင့်မြင့်ဘဝရောက်အောင် မြှင့်တင်ပေးခဲ့တာမဟုတ်လား။

ဘာလဲ စာရွက်ပေါ်မှာလက်ထပ်ခဲ့ရတာကို မကျေနပ်လို့လား။ ဆန်ပေးမှ ဆေးရ။ ဒီလောက်တော့ ငါကူညီရမှာပေါ့လေ။

ကိုယ့်အတွေးနှင့်ကိုယ် လင်းလိုက်၊ မှောင်လိုက်ဖြစ်ရင်း မနက်ဖြန်မှာ ပြန်ကြဖို့ တိမ်မည်းညို ဆုံးဖြတ်လိုက်သည်။

သူငယ်ချင်းတွေနဲ့တော့ အတိုက်အခံဖြစ်ရဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းသာခရီးမှ သူတို့အဖွဲ့ပြန်လာခဲ့ကြပေပြီ။ သုံးရက်နေမည်ဆိုပြီး နှစ်ရက်နှင့်ပြန်လာကြတော့ နေဟိန်းမျက်စိလည်နေ၏။

ဘာပြဿနာတွေ ဖြစ်ခဲ့ကြလို့လဲ။

တိမ်မည်းညို့နှင့်ရဲရင့်ခွေကို ဦးနေဟိန်းတစေ့တစောင်းအကဲခတ်ရသည်။ သွားတုန်းကလို ရွှင်ရွှင်လန်းလန်းမရှိ။ ရင်းနှီးနှီးဖြစ်မလာဘဲ အမူအရာတွေက ခပ်တန်းတန်း။

ဦးနေဟိန်း ဦးမြထူးကို ကိုယ့်စာကြည့်ခန်းထဲသို့အခြေအနေတွေမေးဖို့ခေါ်သွားသည်။

"ပြောစမ်းပါဦး အခြေအနေတွေ ဘာဖြစ်ကြသေးလဲ သုံးရက်နေမယ်ဆိုပြီး နှစ်ရက်တည်းနဲ့ ပြန်လာကြတယ်"



BURMESE CLASSIC .com



စာကြည့်ခန်းတံခါးကို ထပိတ်ပြီး ဦးမြထူးအရေးတကြီးမျက်နှာနှင့် ဦးနေဟိန်းထံကပ်သွား၏။ သူ့ရုပ်က မျက်နှာလိုအားရ။

"ဆရာ ... ဒီခရီးကို အစကတည်းက လွှတ်ဖို့မကောင်းဘူး။ လူငယ်တွေချည်းဆိုတော့ ကဲလိုက်၊ သဲလိုက်ကြတာ ဆရာရယ်၊ ဒီအထဲမှာ အတွဲ(၃)တွဲပါတယ်"

"ဟင် ... တစ်တွဲက ..."

"ရဲရင့်ခွေနဲ့ ဆရာ့မွေးစားသမီးပေါ့"

"ဘာ ..."

ဦးနေဟိန်း၏ အလန့်တကြားအသံကြောင့် ဦးမြထူး ပြောရတာပိုပြီး အရသာရှိသွားသယောင်။

"ဆရာ့သမီးက လူကြီးရှေ့မှာသာ ဣန္ဒြေရှိသယောင်ယောင်နဲ့၊ ကွယ်ရာကျ သဲတာပဲ ... အဲ ညကျတော့လည်း ချိန်းတွေ့ကြတာပဲ"

"ခင်ဗျားက မတားဘူးလား၊ ခင်ဗျားကို ကျုပ်မဖြစ်သင့်တာတွေမဖြစ်ရအောင် စပိုင်ထည့်တာ အလကားပဲ"

"ဟာ ... ဆရာကလည်း ကျွန်တော်ရောက်ကတည်းက လူမိုက်လုပ်ပြီး ရဲရင့်ခွေကို ခြိမ်းခြောက်ပါတယ်၊ ဒါပေမဲ့ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ထက်ပိုလည်တယ် ဆရာရဲ့''

''တော်ဗျာ ... တော် ... ခင်ဗျာပြန်တော့''

ဦးနေဟိန်း စိတ်ဆိုး၊ ဒေါသထွက်နေတာ ဘယ်သူ့ကိုမှန်း မသိ။ လောလောဆယ် ဦးမြထူး ဓားစာခံဖြစ်သွားမှာစိုးလို့ သူ အော်ဟစ်နှင်ထုတ်ပစ်လိုက်သည်။

ဦးနေဟိန်း၏ခေါင်းတွေ တစစ်စစ်ထိုးကိုက်လာ၏။ စာ အုပ်ဗီရိုမှာ ပေါ်လာသည့်ကိုယ့်ရုပ်ကိုယ် နေဟိန်းပြန်ကြည့်လိုက် သည်။

ခန့်ညားချောမွေ့သည့် လူချောတစ်ယောက်ပါ။ ပစ္စည်း ဥစ္စာအနေနဲ့လည်း ပြောစရာမရှိဘူး။ အသက်ကလည်း လော ဆယ်ပင်မပြည့်သေးပါ။ သုံးဆယ်ကျော်။

ဒါကို တိမ်မည်းညို မျက်စိကန်းနေသလား။

စာရွက်ပေါ်မှာလက်ထပ်ခဲ့သည်ပင်ဖြစ်စေ။ ဒါဟာ တရား ရုံးမှာတရားဝင်လက်ထပ်ခဲ့တာပဲ မဟုတ်လား။ သူ့အတွက်တော့ စိတ်လှုပ်ရှားဖွယ်။

စိမ့်တို့ရှေ့မှာ ဟန်ဆောင်သရုပ်ပြရင်း တဖြည်းဖြည်း သူ ရင်ခုန်သံတွေမြန်လာပြီး စိတ်ပါလက်ပါဖြစ်လာခဲ့သလောက် ညို ကတော့ မသိသာ ဆိုးလှသည်။





ကလေးလိုလို၊ လူကြီးလိုလိုနှင့်။ သူတို့နှစ်ယောက်၏အဖြစ် က ကြက်မဟုတ်၊ ကျီးမဟုတ်နှင့် ဖော်ကန့်လန့်ဆိုတာလို။

ညိုသည် သူ့ကိုဖခင်လိုလည်း သဘောမထား။ ဟန် ဆောင်လက်ထပ်ထားရသည့်ခင်ပွန်းလို့လည်း သတိမရ။ တော် တော် အကိုင်အတွယ်ရခက်ပေသည်။

သို့သော် ကိုယ်ကတော့ သူမဘဝနစ်မွန်းမှာ၊ အလိုမကျ မှာ အလိုမတူမှာတွေတွေးပြီး အရိပ်တကြည့်ကြည့်နှင့်။

နေဟိန်း လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်မိသည်။ သင်းနဲ့ငါ့စေတနာ၊ ငါ့မေတ္တာတွေ မထိုက်တန်ဘူး။

မိန်းမတစ်ယောက်ကို မိန်းမတစ်ယောက်လိုပဲ သဘော ထားတာကောင်းတယ်။ လောလောဆယ် နေဟိန်း ကရုဏာ ဒေါသတွေထွက်နေသည့်အတွက် တိမ်မည်းညိုကို အပြတ်စီစဉ် ဖို့၊ ပညာပေးဖို့သာ စဉ်းစားစိတ်ကူးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းသာမှ ပြန်လာကတည်းက တိမ်မည်းညို၏စိတ်တွေ တိမ်းတိမ်းပွေပွေ။

ရဲရင့်ဆွေတို့သားအဖကတော့ မန္တလေးသို့ပြန်သွားကြပေပြီ။ သို့ပေမယ့် ဦးနေဟိန်းနှင့်စီးပွားရေးအဆက်အသွယ်တွေရှိကြသည်မို့ သွားလိုက်၊ လာလိုက်နေမည်သာ။

ဖေဖေမရှိတော့ကတည်းက သူမ၏ဘဝသည် ဆားမပါတော့သည့်နှယ်။ သည်လောကမှာ တွယ်စရာသံယောဇဉ်ကြိုးတစ်ချောင်းမှမရှိတော့သည့်အတွက် တိမ်မည်းညိုဘဝက ကြိုးပြတ်သည့်စွန်လို။

လူတွေကလည်း အထူးသဖြင့် ယောက်ျားလေးတွေ။ သူမဟာ ဦးနေဟိန်း၏ မွေးစားသမီးလို့ဆိုလိုက်သည်နှင့် လောင်ပြိုး





ပြိုးကြတာ ဘာသဘောလဲ။ ကေန္တ ဦးနေဟိန်းနှင့်သူမတို့ စာရွက်ပေါ်မှာလက်ထပ်ထားကြတာ သိနေကြလို့လား။

အေးလေ နောင်တစ်နေ့ကျရင်တော့ ငါလည်းကိုယ့်ဘဝကိုယ် ဦးနေဟိန်း အကူအညီမပါဘဲ ရပ်တည်နိုင်မှာပါ။ အဲဒီအခါကျရင် လောင်ပြိုးတွေကို ရင်မဆိုင်ရတော့ဘူးပေါ့လေ။

ဘဝမှာ ချမ်းသာရုံနဲ့မပြီး။ သိက္ခာတွေသန့်စင်ဖို့ စိတ်သန့်ရှင်းဖို့တွေလည်း လိုသေးသည်။

စာကြည့်စားပွဲမှာထိုင်နေရင်း စာကြည့်နေပေမယ့် သူမ၏စိတ်တွေ အရမ်းအိပ်ချင်လာသည့်အတွက် တိမ်မည်းညို အိပ်ရာသို့ အနိုင်နိုင်သွားရသည်။

ညစာ မှိုကြော်စားလို့များ၊ အရမ်းအိပ်ချင်နေတာလားမသိ မနက်ကျမှ စောစောထပြီး စာကြည့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ညမီးရောင်အောက်မှာ ပုံပုံလေးအိပ်ပျော်နေသည့် တိမ်မည်းညိုကိုကြည့်ပြီး နေဟိန်းစိတ်တွေ ချိုတုံ့ချတုံ့။

ကိုယ်က ကြင်နာမြတ်နိုးလှသည့်မို့ မထိရက်၊ မကိုင်ရက်။ သနားကြင်နာနေမိသည်။ သူ အိပ်ဆေးခပ်ထားသည့် နွားနို့ကို သောက်ပြီး အိပ်မောကျနေသော ... ညို။

ဦးမြတ္ထူး၏စကားကို ပြန်ကြားယောင်သည့်အခါ နေဟိန်း၏ နူးညံ့နေသည့်စိတ်တွေ ရိုင်းစိုင်းကြမ်းရှကုန်သည်။

တိမ်မည်းညို၏ ညအိပ်ဝတ်စုံအဝါရောင်လေးနှင့် လှချင်တိုင်းလှနေသည့် နဘေးမှာ တိုးဝှေ့ကာ သူလဲလျောင်းလိုက်သည်။

သူမ၏ ကိုယ်သင်းနံ့လေးကြောင့် သူ့ရင်ခုန်သံတွေ တဒိုင်းဒိုင်းဆူညံလာသည့်အခါ ညအိပ်မီးသီးကိုလှမ်းပိတ်ပစ်လိုက်သည်။





သို့တိုင် သဘာဝအလင်းရောင် မှိန်ပျပျအောက်မှာ တိမ်မည်းညို၏အလှက ဝင်းပလျှက်။

ညိုနဲ့ငါဟာ တရားဝင်လက်ထပ်ထားတာပဲ။ ငါတို့နှစ်ယောက် ဘယ်တော့မှမကွဲကွာရဘူး။ ဘာအခက်အခဲတွေပဲရှိရှိ ညို့ရှေ့ကနေ အကာအကွယ်ပေးပြီး လက်တွဲမဖြုတ်စတမ်းနေကြမယ်။

အတွေးကြောင့် သူ ညို့ကိုနှစ်သက်ကြည်ဖြူစွာ အားပါးတရ ချစ်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တိမ်မည်းညို့ အိပ်ရာမှထသည်အထိ ခေါင်းတွေမူးဝေဝေ။ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်။

ငါ ဒီညအိပ်ပျော်သွားလိုက်တာ။ လူမှန်းသူမှန်းကို မသိဘူး။

အိပ်မက်ထဲမှာ သူမ ငရဲပြည်သို့ရောက်ရှိသွားခဲ့၏။

တစ်ကိုယ်လုံး မည်းနက်နေသည့် ငရဲသားတွေဟာ . . . အာဖရိကတောထဲက လူရိုင်းတွေလိုလို။

ငရဲသားတွေက သူမကို အပြစ်ဒဏ်ပေးကြသည်မှာလည်း ယခုတိုင်သွေးပျက်စဖွယ်။

သူမ၏ကိုယ်လုံးထက်ကြီးသည့် စပါးကြီးမြွေကြီးနှင့်ယှဉ်ပြိုင်သတ်ပုတ်နိုင်းကြခြင်းပေ။





သူမကို ဘာလက်နက်မှမပေးဘဲ မြွေကြီးကိုလက်ဗလာနှင့်ရင်ဆိုင်နိုင်းကြသည်မှာ ရက်စက်လွန်းကြပါဘိ။

သူမက အကြောက်လွန်ပြီး မြေပြင်ပေါ်မှာမလှုပ်နိုင်။ မရှားနိုင်။ မြွေကြီးကတော့ သူမ၏ကိုယ်ပေါ်ကို တရွေ့ရွေ့တွားတက်လာပြီး သူ့ပါးစပ်ကြီးဖြင့် သူမကို ကိုက်ဝါးနေလိုက်တာ။

သူမမှာ တစ်ကိုယ်လုံးအကြောတွေသေနေသလို လုံးဝလှုပ်လို့မရ။ မြွေကြီးနှိပ်စက်သမျှ အသည်းခိုက်အောင်နာကျင်နေရသည့်အပြင် ကြောက်ရွံ့ထိတ်လန့်လိုက်တာလည်း အသက်ပင်ထွက်လုမတတ်။

ငရဲကလည်း ကြာရှည်လိုက်တာ။ တစ်ညလုံးငရဲကမလွတ်။ နောက်ဆုံးကျမှ သူမ ငရဲကလွတ်သွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရသည်။

ယခု အိပ်ရာမှနိုးတော့ ခေါင်းတွေမကြည်လင်။ ညက အိပ်မက်ကို ယခုထိ ထိတ်လန့်နေမိသည်။

ပြီး ... အံ့သြစရာ၊ အိပ်မက်ထဲမှာမြွေကြီးနှိပ်စက်ခဲ့သမျှ အပြင်မှာပါ နာကျင်ထိတ်လန့်နေရတာ ဘာကြောင့်မသိ။

အိပ်ရာပေါ်မှာ ငေးငေးလေးထိုင်ပြီး သူမအစဉ်းစားရကြပ်နေမိစဉ် သူမ၏အခန်းထဲသို့ ဒေါ်ခင်မိုး ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီ့ရေ ဆရာစောင့်နေတယ်၊ ကော်ဖီသောက်ရအောင် ဆင်းလာခဲ့ပါတဲ့၊ ဒီနေ့ ညီ့ကျောင်းမတက်တော့ဘူးလား၊ ရှစ်နာရီ ထိုးတော့မယ်"

"ဒီနေ့ တက်နိုင်မှာမဟုတ်တော့ပါဘူး ဒေါ်လေးရယ်၊ ညီ့ နေလို့မကောင်းဘူး"

"ဟုတ်လား ... ဘာဖြစ်လို့လဲ ဒေါ်လေးကိုပြောလေ၊ နှိပ်ပေးရမလား၊ ဆရာဝန်ခေါ်ပေးရမလား၊ နေဦး ဆရာ့ကိုသွား ပြောပေးမယ်"

ဒေါ်ခင်မိုးအသွင်က ပျာပျာသလဲ၊ ဒေါ်ခင်မိုးသည် ညီ့ကို ကိုယ့်တူမလေးလိုခင်ပါသည်။

"နေပါဦး ဒေါ်လေးရာ ... ကဲ သွားနှင့် ညီ့ခုပဲလာခဲ့မယ်"

"အေး ... ဆရာ့ကို ဒေါ်မိုးပြောထားမယ်"

ဒေါ်ခင်မိုးထွက်သွားတော့မှ တိမ်မည်းညို့ ရေချိုးခန်းဝင်ပြီး မျက်နှာသစ်၊ သွားတိုက်ရသည်။ နောက် သနပ်ခါးပင်မလိမ်းတော့ဘဲ အဝတ်အစားအသင့်အတင့်လဲကာ အောက်ထပ်ထမင်းစားခန်းသို့ ဆင်းလာခဲ့သည်။

ဂါဝန်အဝါကွက်လေးနှင့် လုပနုနွဲ့နေသည့် သူမအသွင်က





နွမ်းဖတ်နေ၏။

ထမင်းစားခန်းထဲမှ နေဟိန်းလှမ်းမြင်လိုက်ရလျှင် ရင်ခုန်သံတွေ ဆူညံ့ခုန်ပေါက်သွားလေသည်။ ညကမှ ပူပူနွေးနွေးချစ်ရသည့်ကောင်မလေး မဟုတ်လား။ သူမကတော့ ဘာမှသိမည်မထင်။

သို့သော် သူမအသွင်က ကြွေမြေပျက်နေ၏။

"လာ ... ညီ့ ညကအိပ်မပျော်ဘူးလား"

ထုံးစံအတိုင်း သူ့ဘေးနားမှာလာထိုင်သည့် ညီ့အတွက် သူကော်ဖီငှဲ့ထည့်ပေးရင်းမေး၏။

"ပျော်တော့ပျော်တယ် ဦးလေးရဲ့၊ ဒါပေမဲ့ တစ်ညလုံး အိပ်မက်ဆိုးတွေမက်နေလို့ အိပ်ရေးမဝဘူး၊ ခေါင်းတွေလည်း ကိုက်ပြီး လူလည်းနုံးချိနေတာပဲ"

ညီ့စကားကြောင့် နေဟိန်း ရင်ထဲထိတ်ခနဲ။ စောင်းပြောတာလား။ သို့သော် ညကကိစ္စကို ညီ့နည်းနည်းလေးမှရိပ်မိပုံမပေါ်ပါ။ သိပုံမပေါ်။ သိလျှင်လည်းငြိမ်နေမည့်အစားမဟုတ်။ ဗျောက်အိုးတွေအတွဲလိုက် ကွဲတာထက်ဆိုးမည့်ပုံ။

"ဘာတွေအိပ်မက်နေလို့လဲ၊ ညီ့ကလည်းလေ ကလေးမလေးကျလို့ ... အိပ်မက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဦးလေး မသိပါဘူး၊ အိပ်မက်ဆိုးပေမယ့် တကယ်ကျနေတာ ဦးလေးရဲ့"

"ကဲ … ပြောစမ်းပါဦး ညို့အိပ်မက်အကြောင်း"

"ဦးလေး မရယ်ရဘူးနော် … အိပ်မက်ကလေ ထူးထူးဆန်းဆန်းပဲ … ညို ငရဲပြည်ရောက်သွားတယ်"

"ငရဲသားတွေ ဝိုင်းနှိပ်စက်ရောလား"

"ဝိုင်းနှိပ်စက်တာမဟုတ်ဘူး ဦးလေးရဲ့၊ သူတို့က ရောမ စပါးကြီးမြွေကြီးနဲ့ သတ်ခိုင်းတာ၊ ညို့ကိုဘာလက်နက်မှမပေးဘဲနဲ့"

သူမ၏စကားကို ဒေါ်မိုးနှင့်စိုးငယ်က လှမ်းနားထောင်စိတ်ဝင်စားနေပြီး နေဟိန်းကတော့ ပြုံးနေလေ၏။

"ပြောပါဦး လက်ဖွေ့ထိုးသလို ကြိုးဝိုင်းပါသေးလား၊ ဒိုင်လူကြီးက ဘယ်သူလဲ"

"ဦးလေးက ညို့အိပ်မက်ကို မယုံဘူးလား၊ ညိုတကယ်ပြောတာ စပါးကြီးမြွေကြီးက ညို့ထက်ကိုယ်လုံးကြီးတယ်၊ စကတည်းက သူကိုယ်လုံးကြီးနဲ့ဖိပြီး ညို့ကိုမလှုပ်နိုင်အောင် လုပ်ထားတာ"

"ဟင်"





နေဟိန်း အံ့သြသွားမိသည်မှာ အိပ်ဆေးကြောင့် အလွန်အမင်းအိပ်ပျော်နေပေမယ့် မသိစိတ်က အိပ်မက်အဖြစ် ညို့ကို အသိပေးနေသည့်အဖြစ်ကိုပါပဲ။

သူ ညို့အိပ်မက်ကို အထူးစိတ်ဝင်စားသွားရသည်။

"ပြီးတော့ ဘာတွေလုပ်သေးလဲ၊ မြွေကြီးက"

"ဦးလေးရာ တကယ်ကြောက်ဖို့ကောင်းပါတယ်၊ ညိုဒီအိပ်မက်မျိုး တစ်ခါမှမမက်ဖူးဘူး၊ ခုပြန်သတိရရင် ခုရင်တုန်ပါတယ်"

"ပြောပါဦးကွာ … မြွေကြီးက ညို့ကို ဘာတွေလုပ်သေးလဲလို့"

တိမ်မည်းညိုအသွင်က ညိုးငယ်နွမ်းဖျော့ပြီး ထိတ်လန့်နေပုံရလျှင် နေဟိန်းရင်ထဲ ကြင်နာသနားရသည်။

ရဲရင့်ခွေနှင့် လွန်ကျူးထားသည်ဟူသည့်အတွေးကြောင့်သာ ညို့အပေါ် သူစိတ်နာတစ်ဝက်၊ ကြင်နာတစ်ဝက်ဖြစ်နေရလေ၏။

"မြွေကြီးက ညို့ကိုမလှုပ်နိုင်အောင်ဖိထားပြီး သူ့ပါးစပ်ကြီးနဲ့လျှောက်ကိုက်ဖွဲ့ဝါးစားနေတာ၊ တစ်ကိုယ်လုံးကိုဝါးစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဆိုးတဲ့မြွေကြီးပဲနော်"

"ဟုတ်တယ် ... ဆိုးတယ်၊ တစ်ညလုံး မြွေကြီးနှိပ်စက်တာခံနေရတယ်၊ ခုကျ တစ်ကိုယ်လုံးနုံးချည့်နေတာပဲ"

"ကဲပါ ဦးလေး ... ဆရာဝန်ခေါ်ပေးပါ့မယ်၊ ဒီနေ့ နားလိုက်၊ အိပ်နေလိုက်ပေါ့၊ ကောင်းသွားမှာပါ"

"ဆရာဝန်တော့ ခေါ်မနေပါနဲ့၊ ညို နေကောင်းသွားမှာပါ"

ကော်ဖီပိုင်းမှာ အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားကြသည်။ နေဟိန်းရင်ထဲမှာ သံသယနှင့် သနားကရုဏာက တစ်လှည့်စီ။

"ညို ... ရဲရင့်ဆွေကို ဘယ်လိုသဘောထားလဲ"

"ရှင်"

နေဟိန်း ရုတ်တရက်မေးလိုက်သည့်အခါ တိမ်မည်းညို အံ့အားသင့်သွား၏။

"ဦးတင့်ဆွေက ကိုယ်နဲ့စီးပွားဖက်မဟုတ်လား၊ သူသာ နဲ့ညို့ကိုဖြစ်မြောက်သွားစေချင်တဲ့စကားတွေပြောသွားခဲ့တယ် ညို့သဘောကရော ..."

တိမ်မည်းညို ဦးနေဟိန်းကို အကဲခတ်သလိုမော့ကြည့်





သည်။ ဘယ်လိုသဘောနဲ့မေးတာလဲ။

"ဦးလေးမှာ ညို့အတွက် တာဝန်ရှိတယ်လေ၊ သင့်တော်တဲ့သူရှိရင် စီစဉ်ပေးရမှာပဲ၊ ဒါကြောင့်လည်း ရဲရင့်ဆွေကိုချောင်းသာခရီး ထည့်လိုက်တာ၊ တစ်ယောက်နဲ့တစ်ယောက် အကဲမခတ်ခဲ့ကြဘူးလား"

နေဟိန်း၏မျက်လုံးများက တိမ်မည်းညို၏ မျက်နှာကိုအစဉ်မပြတ်အကဲခတ်လျှက်။ သူမ ဘယ်လိုဖြစ်သွားမလဲ။

ညိုမျက်နှာကို ရှုံ့မဲ့လိုက်ပြီး ခေါင်းကိုခါ၏။

"အလကားပါဦးလေးရာ ... သူလည်း ဘာ့ထူးသေးလဲ၊ ယောကျ်ားတွေဟာ ဒီလိုပါပဲ"

"ဘယ်လိုကွဲ့ ... ညို မင်းစကားကအဆန်းပါလား"

"ဟုတ်တယ် ... ဒါပေမဲ့ မဆန်းပါဘူး၊ လူတွေကညိုနဲ့ဦးလေးကို မသင်္ကာကြဘူးလေ၊ မွေးစားထားတယ်ဆိုပေမယ့်ယင်ယင်ထဲကမွေးတာမဟုတ်တဲ့ သွေးမတော်သားမစပ်"

"ညို"

စကားပြောပွင့်လင်းသည့် ညို့စကားကြောင့် သူထိတ်လန့်ပြာ ဟာစ်အော်တားဆီးမိ၏။

အမုန်စကားမို့မကြားရဲ၊ တကယ်လည်း ဒီလိုပဲဖြစ်နိုင်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာမဟုတ်လား။ လူတွေက ကြိုသိနေတာပါ။

ညိုကတော့ စိတ်နာနာနှင့်ဆက်ပြောသည်။

''ရဲရင့်ဆွေလည်း ဒီလိုလူစားပဲ ... ဦးလေးနဲ့ညို တော်စပ်ပုံကိုသံသယဝင်တယ်၊ ညို့ကို သူအထင်သေးတယ်''

''ညို့ကို သူစော်ကား မော်ကားပြောသလား''

''ပြောတော့မပြောဘူးပေါ့၊ ဒါပေမဲ့ အပြုအမူကိုကြည့်ရင် နားလည်နိုင်တာပဲလေ''

''ဒါဆို ညိုက လောကကြီးကိုစိတ်နာနေတာလား၊ ရဲရင့်ဆွေကို စိတ်နာနေတာလား''

''ညို ဘယ်သူ့ကိုမှစိတ်မနာပါဘူး၊ ညို့ဘဝတွင်းဆုံးကျနေတဲ့အချိန်မှာ သိကြားမင်းကြီးလို ဦးလေး ဘွားခနဲပေါ်လာတယ်၊ ညို့ဘဝကို အဆင်ပြေအောင်ကယ်တင်သွားတယ်၊ ဒီဂယက်လောက်တော့ ညိုခံနိုင်ရမှာပေါ့''

''ကဲ ... ကဲ ညို ပင်ပန်းနေတယ်၊ နားပေတော့ ဦးလေး ကုမ္ပဏီသွားဦးမယ် ... ညနေကျ ဘာစယ်ခဲ့ရမလဲပြော ဘာစားချင်သလဲ''

''ရပါတယ် ... ဦးလေးသာ အဆင်ပြေအောင်နေပါ''

နေဟိန်း ထမင်းစားခန်းမှထွက်ခဲ့သည်။ သူ့ရင်ထဲမှာ ဝမ်း





ခံတည်းလည်း။ ညိုနဲ့ရဲရင့်ဆွေ ချောင်းသာမှာငြိခဲ့သလား၊ မငြိခဲ့ဘူးလား။

ဘာပဲဖြစ်ဖြစ် သူ ညို့ကိုအစွမ်းကုန်စွဲလမ်းသွားခဲ့တာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီမှာ ဦးမြထူးကို သူပြန်မေးတော့ ဦးမြထူးက ကျိန်တွယ်ပြောနေခဲ့သည်။

''ဆရာက ကျွန်တော့်စကားကိုမယုံဘဲကိုး၊ အဲဒီညက ကျွန်တော့်ဘေးနား တစ်ယောက်ကျော်မှာ ရဲရင့်ဆွေအိပ်တာပါ၊ သူထသွားတာတော့ ကျွန်တော်အမှတ်တမဲ့ပဲ၊ အဲ ... သူပြန်ဝင်လာတာတော့ မိုးလင်းခါနီးမှ ဆရာရဲ့''

''ခင်ဗျား သေချာလို့လား ကျုပ်သူ့ကိုခေါ်မေးမှာနော်''

''ဩော် ... ဆရာရယ်၊ သူနိုးကတော့နိုးပါတယ်လို့ ဘယ်ဝန်ခံမလဲ၊ ဘာလဲ အခု ဆရာ့သမီးမှာ ပြဿနာပေါ်လို့ လား''

''တော်ဗျာ ... တော် ဘာတွေလျှောက်ပြောမှန်းကိုမသိ





ဘူး၊ အဲဒီခရီးမှာ အတွဲတွေပါတာပဲ ကျန်တဲ့လူတွေကရော ငြိမ်ငြိမ်သက်သက်ပဲလား၊ ခင်ဗျား အရက်မူးနေသေးလား''

''ကျွန်တော် အရက်မမူးပါဘူး၊ နည်းနည်းပဲသောက်တာပါ၊ ကျန်တဲ့အတွဲတွေတော့ ကျွန်တော်အိပ်ပျော်နေလို့ မသိလိုက်ဘူး၊ ရဲရင့်ဆွေအပြင်ကပြန်လာတာပဲ သိလိုက်တယ်''

''ပြီးရောဗျာ ... ခင်ဗျားသွားတော့''

ဦးမြထူး ထွက်သွားလျှင် နေဟိန်းစိတ်တွေ ဒေါသထွက်ကာ နောက်ကျိနေမိသည်။

သေချာတယ်။ ညို့နဲ့ရဲရင့်ဆွေ လွန်ကျူးခဲ့ကြတယ်။ ငါ ဘာဆက်လုပ်မလဲ။

ညို့ကို ငါလက်လွှတ်ခံနိုင်သလား။

နံ့သာခွက်ထဲ မစင်တစ်စက်အကျခံလိုက်ရသလို သူ့မှာ ဒီနံ့သာခွက်ကိုသုံးရမှာလည်းအခက်။ သွန်ပစ်ရမှာလည်းအခက်။

တစ်နေ့လုံး စိတ်တွေတို၊ အလိုမကျဖြစ်ပြီး ညရှစ်နာရီလောက်ကျမှ သူအိမ်သို့ပြန်လာခဲ့သည်။

သူ့ကိုတံခါးဖွင့်ပေးသူက စိုးငယ်။

''စိုးငယ် ... နင့်မမညိုရော၊ ဒီနေ့ ထမင်းစားရဲ့လား''

''ဆင်းမစားဘူးအန်ကယ် ... ခေါင်းတွေမူးလို့တဲ့ မမေ



www.burmeseclassic.com

www.burmeseclassic.com



ညစာအဖြစ် စွပ်ပြုတ်ပို့ပေးတယ်''

''ဟင် ... ဟုတ်လား တော်တော်အနေရဆိုးသလား''

သည်တော့မှ နေဟိန်းစိတ်ပူသွားပြီး တိမ်မည်းညို၏ အခန်းသို့အပြေးနီးပါးတက်သွားမိသည်။

သူ့လက်ထဲမှာတော့ ညို့အတွက် မုန့်ထုပ်တွေပါခဲ့သည်။

''ညို ... နေမကောင်းတာ တော်တော်ဆိုးသလား၊ ကိုယ်ဆရာဝန်ဆီ ဖုန်းဆက်လိုက်မယ်''

ညို့အခန်းထဲဝင်လိုက်လျှင် ဒေါ်ခင်မိုးကို ညို့ဘေးမှာ တွေ့ရသည်။ သူမကို နှိပ်နယ်ပေးနေသည့် ဒေါ်ခင်မိုးအသွင်က တကယ့်ဆွေမျိုးသားချင်းအရင်းနှယ်။

''ချွေးတွေရွှဲနေလို့ ကျွန်မအဝတ်လဲပေးထားတယ်၊ သိပ်စိတ်မပူပါနဲ့ဆရာရယ် ... ကျွန်မ ငယ်ငယ်ကလည်း ဒီလိုမျိုးဖြစ်ဖူးပါတယ်''

''ဖြစ်ဖူးတယ် ဟုတ်လား ... ဘယ်လိုရောဂါမျိုးလဲဗျာ''

''ဆရာဝန်တော့ ခေါ်စရာမလိုပါဘူးလေ၊ သူ့အနားမှာ အားပေးဖော်၊ ဂရုစိုက်မယ့်အဖော်ရှိရင် ပျောက်သွားမှာပါ''

''ဒါဆိုလည်း ကျွန်တော်စောင့်ပေးလိုက်မယ်၊ ဒေါ်မိုးသွားနားတော့''





''ရပါတယ် ... ဆရာ ခုမှပြန်လာတာမဟုတ်လား၊ အဝတ်အစားသွားလဲချည်ပါ''

ဒေါ်ခင်မိုးပြောသဖြင့် နေဟိန်း ညို့ကိုတစ်ချက်ကြည့်ပြီး ကိုယ့်အခန်းကိုယ်ဝင်လာရသည်။

စိတ်ထဲမှာ မတင်မကျ။ ညကကိစ္စကို ညိုရိပ်မိနေသလား။ ငါဘာဆက်လုပ်ရမှာလဲ။ ဘာပဲဖြစ်ဖြစ် နေဟိန်းသည် ဇနီးသည် သိမ့်ကွယ်လွန်ပြီးကတည်းက အချစ်နှင့်အတွေ့အထိကို မေ့ထားခဲ့ပေမယ့် ယခုကျ သူ့အချစ်တွေ ညို့အပေါ်မှာ ပြောင်းလဲပေါက်ဖွားခဲ့လေပြီ။

ဆားငံရေလို သောက်လို့မပြေနိုင်သည့် အချစ်မြစ်မှာ ညက စတင်ကူးခတ်မိပြီမို့ ယနေ့လည်း ဆက်လက်ကူးခတ်ချင်စိတ်က တားမရ၊ ဆီးမရ။

သူ ညို့ကိုအကဲခတ်ရ၊ ကြံရ၊ ဖန်ရပေဦးမည်။ တကယ်လက်ထပ်ဖို့ဆိုတာကတော့ ရဲရင့်ဆွေနှင့်ဘာဖြစ်ခဲ့သလဲဆိုသည့် အဖြေအပေါ် မူတည်သည်။

သို့သော် လောလောဆယ် ညို့ကို သူအလိုရှိတာလည်း အမှန်။

သူ့စိတ်တွေဝေဝါး ထွေပြားနေပေမယ့် ညို့ကိုသူအလို



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ကိုယ့်အခန်းမှာ အဝတ်အစားလဲပြီး ခုတင်ပေါ်မှာသူအနား ယူလဲလျောင်းလိုက်သည်။

မဖြစ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါလူဆန်သင့်တယ်။ ကိုယ့်အရိပ်မှာမှီခိုပြီး ကိုယ့်ကိုအားကိုးနေတဲ့မိန်းကလေးတစ်ယောက်ကို ငါဒီလိုမလုပ်သင့်ဘူး။

ပွင့်ပွင့်လင်းလင်းပြောပြီး ကာယကံရှင်သဘောတူမှ လက်ထပ်သင့်၊ အတူနေသင့်တာပေါ့။ သို့သော် အဖြေကတွက်ပြီးသား။

ညှို့ဟာ သူ့အပေါ် သဘောထားပြောင်းမည်မဟုတ်။ လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင်ကြိုးစားပြီး သူ့ဘဝထဲမှာထွက်ခွာသွားမှာအမှန်။

သည်လိုအတွေးဝင်သည်နှင့် နေဟိန်းရင်ထဲ မီးလိုပူလောင်လာရတာလည်း သံယောဇဉ်နှင့်ညီမျှသည့် သောကမီးဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ညှို့ကို သူလက်လွှတ်ဆုံးရှုံးမခံနိုင်။ နည်းပရိယာယ်တွေသုံးပြီး သူကလေး ကိုယ့်အပေါ်သံယောဇဉ်တွယ်တာလာအောင် လုပ်ရပေတော့မည်။



"ညှို့ ..."

ဝယ်လာသည့် ပလာတာနှင့်ကြက်သားကိုပြင်ဆင်လာခဲ့ပြီး နေဟိန်းကိုယ်တိုင် ညှို့အခန်းထဲသို့ဝင်ခဲ့သည်။ ဒေါ်ခင်မိုးမှာ အိမ်မှုကိစ္စတွေရှိသေးသဖြင့် စိုးငယ်နှင့်အတူ မီးဖိုထဲမှာ အလုပ်ရှုပ်နေ၏။ ညှို့အနားမှာ အချိန်ပြည့်မနေနိုင်ရှာ။

"မနက်ကလည်း မစားဘူး ... ညစာလည်းစွပ်ပြုတ်ပဲသောက်တယ်ဆို၊ ဆရာဝန်ခေါ်တော့လည်း လက်မခံ"

အိပ်ရာပေါ်မှာလဲလျောင်းနေရာမှ ညှို့ကပျာကယာထထိုင်၏။ သူမန္တမ်းညှိုးနေတာစိတ်ကြောင့်လား။

"ဟာ ... ဦးလေးကလည်း ဆရာဝန်မခေါ်စေချင်ပါဘူး၊ ညှို့ဖျားတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာဖြစ်လို့ ထမင်းမစားတာလဲ ... လာ ကြက်သားပလာတာစားရအောင်၊ ကိုယ်လည်းစားမှာ၊ မွေးနေတာပဲ တွေ့လား"

"အင်း ... စားမယ်၊ ထမင်းမစားတာက ရင်ပြည့်နေလို့ပါ၊ အခု စားမယ်လေ"

နှစ်ယောက်သား ပလာတာနှင့်ကြက်သားစားနေရင်းမှ တိမ်မည်းညို နေဟိန်းကို ပြောပြနေ၏။

"ညို ... ညအိပ်ရမှာ ကြောက်နေတယ်ဦးလေးရယ်၊ တော်ကြာ ညကအိပ်မက်မျိုး ဆက်မက်နေမှာစိုးတယ်"

"အိပ်မက်ပဲ ညိုရယ် ... ကိုရီးယားကားတွေလိုတော့ အခန်းဆက်တွေ မမက်လောက်ပါဘူး၊ ညိုက အဲဒီမြွေကြီးကို တော်တော်ကြောက်နေတယ်ဟုတ်လား"

"ဟုတ်တယ် ... ကြောက်တယ်၊ ဦးလေးပဲစဉ်းစားကြည့်လေ ... ညိုက မြွေဆို မြက်လျှောလောက်တောင်ကြောက်ရတဲ့ကြားထဲ ရောမမြွေကြီးက ကိုယ့်ကိုဖိညှစ်သတ်ဖြတ်နေတာ ဘယ်လောက်တောင်လိပ်ပြာလွင့်ရမလဲ စဉ်းစားကြည့်ပေါ့"

"ဒါဆို ဒေါ်မိုးတို့သားအမိကို ညို့အခန်းထဲခေါ်အိပ်ပါလား"





"ဟာ ... ဦးလေးကလည်း ကြုံကြုံဖန်ဖန် ညိုကအိပ်မက်ထဲမှာဒုက္ခရောက်တာလေ၊ အပြင်မှာဖြစ်တာမှမဟုတ်ဘဲ၊ သူတို့မကူညီနိုင်ပါဘူး"

"သွေးလေချောက်ချားရင်လည်း မက်တတ်တယ်၊ သွေးဆေးလေး ဘာလေးသောက်အိပ်ပါလား"

"ဒီလိုပဲလုပ်ရတော့မှာပေါ့၊ အင်း ... ဒီညဆက်မက်ရင်တော့ အဲဒီမြွေကြီးကို ခေါင်းနဲ့ပစ်တိုက်လိုက်မယ်"

ကလေးလေးလို မကျေမချမ်းဖြစ်နေသည့်ညို့ကို နေဟိန်း အလွန်ကြင်နာသနားသွားရပေမယ့် ရင်ထဲမှာ ဆူးတစ်ချောင်းက ခလုလု။

စားပြီးသည့်ပန်းကန်များကို အပြင်သို့ပြန်ထုတ်ယူသွားပြီး နေဟိန်း စိုးငယ်ကို လှမ်းခေါ်ပေးလိုက်သည်။

ကိုယ့်အခန်းထဲမှာ စာရင်းအင်းများစစ်ဆေးကြည့်ရှုပြီးလို့ သူနာရီကြည့်လိုက်တော့ ညဆယ်နာရီထိုးပေပြီ။

ခုလောက်ဆို ညိုအိပ်ပြီပေါ့။

ညိုရေ မင်းဟာ ပဒိုင်းသီးမလေးပဲ။

ငါ့ရင်ကို ဆူးစေ၊ ရှုးစေတယ်။

ဒါပေမဲ့ ဒီစူးရ၊ ရှုးရတဲ့အရသာကိုပဲ ငါတစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ပွေ့နေပါရစေ။

ကိုယ့်အခန်းတံခါးကိုပိတ်ခဲ့ပြီး ညို့အခန်းတံခါးကိုဖွင့်လိုက်တော့ အိပ်ရာပေါ်ပင်မရောက်နိုင်ဘဲ ကုလားထိုင်ပေါ်တွင်ပင် စာကြည့်စားပွဲပေါ် မှောက်အိပ်ပျော်နေသည့် ညို့ကိုတွေ့ရသည်။

ညို့ကိုညင်သာယုယစွာပင် သူ့ခုတင်ပေါ်သို့ ပွေ့တင်လိုက်၏။

ညိုရေ ညကအိပ်မက်လောက်တော့ မင်းဆိုးမှာမဟုတ်ပါဘူး။

ဒီည မင်းအိပ်မက်က ပန်းတွေခင်းတဲ့လမ်းမှာ ပန်းရထားစီးရင်း ချစ်သူနဲ့လျှောက်လည်ရတဲ့ အိပ်မက်ဖြစ်မှာ။

တစ်ခုတော့ရှိတယ်။ မင်းချစ်သူက ရဲရင့်ဆွေမဟုတ်ဘူးနော်။ ကိုယ်ပဲဖြစ်ရမှာ။

ညို့အခန်းတံခါးကိုပိတ်ပြီး သူပါညိုနှင့်အတူ ရင်ခုန်သံများနှင့် လဲလျောင်းအိပ်စက်လိုက်ပါသည်။

❦



ညိုအိပ်ရာမှမနိုးခင် နေဟိန်း ကိုယ့်အခန်းသို့ပြန်လာခဲ့သဖြင့် သူမခမျာ အခြေအနေတွေကို မရိပ်မိရှာ။

သည်နေ့ အိပ်ရာမှနိုးသည့်အခါမှာတော့ ညို ခေါင်းတွေကြည်လင်နေခဲ့သည်။ သူမစိုးရိမ်သလို မြွေကြီးနှင့်နပန်းမသတ်ရတော့။

ညက အိပ်မက်ကျတော့တစ်မျိုး။ ကြုံကြုံဖန်ဖန် ကိုယ့်အိပ်မက်ကိုယ်ပြန်တွေးမိတော့ ရယ်စရာ။

"ခစ် ..."

တောထဲမှာ ပန်းမွှေးမွှေးတွေလျှောက်ခူးနေတုန်း သူမပြန်းခနဲဆို ဝက်ဝံကြီးတစ်ကောင်နှင့် တွေ့လိုက်ရ၏။

ဝက်ဝံကြီးက သူမကိုပြေးဖက်ပြီး သူ့ရင်ခွင်ထဲမှာ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ချော့သိပ်နေလိုက်တာ။ သူမမှာ နွေးထွေးလုံခြုံလှပါဘိ။

အင်း ... ဝက်ဝံကြီးက အထီးလား၊ အမလားတော့ သူမ မသိ။ အိပ်မက်ကလည်းဆန်းလိုက်တာ၊ ဘယ်လိုကြီးပါလိမ့်နော်။

တော်သေးတာပေါ့။ မနေ့ကလို ရောမမြွေကြီးနှင့် နပန်းသတ်ရတာမျိုးမဟုတ်ဘဲ ဝက်ဝံကြီးနှင့်ဖက်လဲတကင်းနေရသည့် အိပ်မက်က ဖြေသာသေး၏။

သည်နေ့တော့ ကျောင်းတက်ရမည်မို့ တိမ်မည်းညို အိပ်ရာမှ လျင်မြန်စွာထပြီး ရေချိုးခန်းဝင်၊ ကိုယ်လက်သန့်စင်ရ၏။

နောက် ... ကျောင်းသွားဖို့အတွက်ပါ အဝတ်အစားတွေ တစ်ခါတည်းလဲရသည်။

သည်နေ့ ကျောက်စိမ်းရောင်ဝတ်စုံအိအိလေးကို ဝတ်သည်။ ခေတ်မီလှပသည့် ဝတ်စုံလေးဟာ ညိုနှင့်တော့ လိုက်ဖက်လွန်းလှသည်။

ကျောင်းလွယ်အိတ်ကိုလွယ်ကာ သူမ ထမင်းစားခန်းထဲ အပြေးဝင်ခဲ့တော့ ဦးနေဟိန်း သူမကို စောင့်နေခဲ့သည်။

ခါတိုင်းထက်ပိုပြီး ရှင်းသန့်လှပနေသည့် ဦးနေဟိန်းက





ညို့ကို အပြုံးနှင့်ကြိုဆိုသည်။

သူမအတွက် ကော်ဖီငှဲ့ထည့်ပေးခြင်း၊ မုန့်ပြင်ပေးခြင်းများကို သူကိုယ်တိုင်လုပ်ကိုင်ပေးရင်း ညို့ကိုကြင်နာစွာမေးလေ၏။

"ညို ... ဒီည အိပ်မက် မက်သေးလား"

ရှက်ပြုံးလေးနှင့်ညို့အသွင်က သူ့အတွက်ရင်ဖိုလှိုက်မောဖွယ်။

"မက်တယ် ဦးလေးရဲ့ ... ခုညအိပ်မက်ကျတော့ ကြောက်စရာမကောင်းတော့ဘူး၊ ရယ်စရာကောင်းတယ်"

"ဟုတ်လား ... ပြောစမ်းပါဦး"

"ဟိုလေ ... ညိုက တစ်ယောက်ထဲ တောထဲလျှောက်ပန်းခူးနေတယ်၊ အဲဒီမှာ ဝက်ဝံကြီးတစ်ကောင်နဲ့တွေ့ပြီး အဲဒီဝက်ဝံကြီးက ညို့ကိုသူ့ကလေးကျနေတာပဲ၊ ပြေးဖက်ထားလိုက်တာ၊ ညိုလည်း ဘယ်လိုမှရုန်းမရတာနဲ့ သူဖက်ထားတဲ့အတိုင်းငြိမ်နေပေးရင်း အိပ်ပျော်သွားရော ..."

"ဝက်ဝံကြီးက အထီးလား၊ အမလား"

"အာ ... ဘယ်သိမလဲ ဦးလေးရဲ့၊ ကြိုကြိုဖန်ဖန်တွေ မမေးစမ်းပါနဲ့"

"ဝက်ဝံကြီးက ပျားရည်တွေ၊ ဘာတွေမတိုက်ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ပျားရည်တိုက်ရင်အထီး၊ နို့တိုက်ရင်အမပေါ့ ညှို့ရဲ့''

နေဟိန်းစကားကြောင့် အနားမှ ဒေါ်ခင်မိုးတို့သားအမိပါ ရယ်နေကြရသည်။ ညို့မှာ ရှက်မျက်နှာလေး နီနီ။

ညို့ ဘာလို့ရှက်နေပါလိမ့်။ နေဟိန်းသိချင်နေမိသည်။

အင်း … ညို့အိပ်မက်အရ သူ့မှာလည်း မြွေကြီးဖြစ်လိုက်၊ ဝက်ဝံကြီးဖြစ်လိုက်။

''ဦးလေးကလည်း ပေါက်ကရတွေ … ကဲပါ ညို့ဒီနေ့ ကျောင်းသွားရမယ်''

''မုန့်ဖိုးရှိသေးလား … ရော့လေ တစ်အုပ်လောက်ယူထားဦး''

နေဟိန်း သူ့အနားရှိအိတ်ထဲမှ ထောင်တန်တစ်အုပ်ထုတ်ပေးလျှင် တိမ်မည်းညို့ ငေးခနဲစဉ်းစားရ၏။

ပေးတာတော့ယူထားရမှာပဲ။ ငါ့ဘဝက ရေရာတာမဟုတ်ဘူး။ ဦးလေး မိန်းမယူသွားတဲ့တစ်နေ့မှာ ငါလည်းခွေးပြေးဝက်ပြေး ဆင်းပြေးရမှာပဲ။

နေဟိန်းပေးသည့်ငွေကို တိမ်မည်းညို့ လှမ်းယူလိုက်ရသည်။

သူက ညို့အတွက် လိုလေသေးမရှိ ဝယ်ခြမ်းပေးလေ





ရှိသဖြင့် တိမ်မည်းညို့ ငွေသိပ်သုံးစရာမရှိပါ။ ကျောင်းစရိတ်နှင့် မုန့်ဖိုးနည်းနည်းပါးပါးသာ သူမသုံးရပါသည်။ ကျန်တာစုထားဖြစ်သည်က များသည်။

''သုံးစရာရှိလည်းသုံးလေ၊ အဝတ်အစားလေး ဘာလေးဝယ်ပါဦး … ကိုယ်လည်းအလုပ်တွေများနေလို့ ညို့ကိုဘာမှဝယ်မပေးဖြစ်ဘူး''

''ညို့မှာဝတ်စရာတွေ အများကြီးပါ၊ အခုလည်းလေ ပိုတဲ့ငွေတွေစုထားတယ်''

''ဘာဖြစ်လို့လဲ ညို့လိုသလောက် ပေးနေမှာပဲလေ''

''ခုတော့ ဟုတ်တာပေါ့ ဦးလေးရယ် … နောင်တစ်ချိန်ဦးလေးမိန်းမယူသွားတဲ့အခါကျ ညို့ဒုက္ခရောက်မှာ၊ အဲဒီအတွက်ကြိုစုထားရမှာပေါ့''

သူမ၏အပြောနှင့် နှမ်းညှိုးသွားသည့်ရုပ်ကလေးကြောင့် နေဟိန်း ရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။ သို့ပေမယ့်။

''ညို့လည်း တစ်နေ့ကျ အိမ်ထောင်ပြုမှာမဟုတ်လား၊ ညို့ခင်ပွန်းက ညို့ကိုရှာကျွေးမှာပေါ့''

''မစွန့်စားရဲပါဘူး ဦးလေးရယ် … ခုခေတ်ယောကျ်ားလေးတွေက သိပ်ဖီဖာကြောင်တယ်၊ အသောက်သမားတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



များတယ်၊ ယူပြီးကာမှကွဲကြ၊ ကွာကြနဲ့ ဘယ်လောက်စိတ်ညစ်ဖို့ကောင်းသလဲ၊ အပျိုကြီးပဲလုပ်တော့မယ်''

ညို့စကားကြောင့် နေဟိန်းသနားသွားမိပေမယ့် စာမေးပွဲကတော့ စစ်ရပေဦးမည်။

''ညဦးပိုင်းက ဦးတင်ဆွေဆီကတောင် ဖုန်းရသေးတယ်၊ ညို့နဲ့သူ့သားကိစ္စ ဘယ်လိုလဲတဲ့၊ ကိုယ်တောင်ညို့ဆီမေးပါလားလို့ပြောလိုက်သေးတယ်''

''ဟာ ... ဦးလေးကလည်း ဒါပဲပြောနေ၊ သူ့သားနဲ့ညို ဘာမှ,မှမဟုတ်ဘဲ၊ စိတ်မဝင်စားပါဘူး၊ ပုံစံက ဇီဇာကြောင်မယ့်ပုံကြီး''

''ခရီးအတူသွားကြတာတောင် သံယောဇဉ်မတွယ်ခဲ့ဘူးလား ညိုရယ်''

''နှစ်ရက်လောက်နဲ့ သံယောဇဉ်တွယ်ရအောင် ညိုက အညှာလွယ်တဲ့မိန်းကလေးမဟုတ်ဘူး၊ ဘာလဲ ဦးလေးက ညို့ကို တာဝန်မယူချင်လို့ သူနဲ့အတင်းတိုက်တွန်းနေတာလား''

ညို တရှူးရှူးနှင့် စိတ်ဆိုး၊ မာန်ဆိုးဖြစ်လာလျှင် နေဟိန်းကြိတ်ပြီး ပီတိဖြစ်ရသည်။ ဒီလောက်ဆိုလျှင် ယုံရလောက်ပြီ။

ဦးမြထူး ပြောတာ မှားတာပဲဖြစ်ရမည်။ ညိုဟာ အညှာ





လွယ်သည့် အချစ်ဆာနေသည့် မိန်းကလေးမဟုတ်။

ရင်ထဲမှာ ပီတိတွေနှင့် ချိအီနေပေမယ့် သူကလေးကို နေဟိန်းဆက်ပြီး တိုက်စစ်ဆင်ရသည်။

''ညိုသဘောမကျရင် ကိုယ်ပယ်ချလိုက်ပါ့မယ်၊ ဩော် ညို့ကို ကိုယ့်ရဲ့အရေးတကြီးမိတ်ဆွေနဲ့ မနက်ဖြန်မှာ မိတ်ဆက်ပေးရဦးမယ်''

''လာပြန်ပြီ ဘယ်သူလဲ''

''မိန်းကလေးပါ၊ ကိုယ့်ရဲ့အသစ်ခန့်လိုက်တဲ့ စာရင်းစစ်မလေး၊ ညို့ထက် သုံးနှစ်လောက်ကြီးမယ် နာမည်က ချောဒေဝီတဲ့''

''လှတယ် မဟုတ်လား''

''လှတာပေါ့ ညို့လိုပဲ''

''ညို့ကိုဆွဲမထည့်ပါနဲ့ ဦးလေးသဘောကျရင်ပြီးတာပဲလေ ... ညိုက အပြင်လူပါ၊ ဘာမှမသက်ဆိုင်တဲ့လူပါ''

ညို့အသံလေး နစ်ဝင်သွားတာ သူ့ကိုနှမျောလို့လား။ ဒါမှမဟုတ် သူမဒုက္ခရောက်မှာစိုးလို့လား။ မသေချာ။

''ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ညို့ကို ကိုယ်တာဝန်ယူထားတာပဲလေ၊ သံယောဇဉ်ရှိပါတယ် . . . ညိုရော ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်လုံးဝမရှိဘူးလား''

ညို့ အသံလေးလေးနှင့်ဖြေရှာသည်။

''သံယောဇဉ်ရှိတာပေါ့၊ ဒါပေမဲ့ ညို့ ဦးလေးကို စိတ်ချမ်းသာစေချင်ပါတယ်၊ အဲဒီချောဒေဝီကို ဦးလေးလက်ထပ်မှာမဟုတ်လားဟင်''

''အင်းပေါ့ ... ဒါပေမဲ့ ချက်ချင်းကြီးလက်မထပ်သေးပါဘူးကွာ၊ ညို့ဘွဲ့ရဖို့ နှစ်နှစ်တောင်လိုသေးတာပဲ၊ ညို့ ဘွဲ့ရမှ ဦးလေးမိန်းမယူမယ်''

''ညို့ကြောင့် ဦးလေးစိတ်အနှောင့်အယှက်မဖြစ်စေချင်ပါဘူး၊ ဦးလေးအသက်ကြီးလှပါပြီ၊ အချိန်မရှိတော့ဘူး၊ ယူပါ ညို့ကို ဘော်ဒါဆောင်တစ်ခုခုပြောင်းထားပေးလည်း ရတာပဲ''

ပြောရင်းမှ သူမ၏မျက်လုံးလေးတွေ စိုလက်လာလျှင် နေဟိန်း ပီတိဖြစ်ရသည်။ ခွေးမလေး ငါမိန်းမယူမှာစိုးလို့။

''ကဲပါ ... ကိုယ်တောင်းပန်တယ်၊ စိတ်ဆင်းရဲစရာတွေ မတွေးနဲ့၊ စာသာကြိုးစား၊ ညို့ကစီးပွားရေးဘွဲ့ရမှာဆိုတော့ ဦးလေးကုမ္ပဏီမှာ အလုပ်ဝင်နိုင်တာပေါ့ ...

အင်း ... နောက်တစ်ခုက ဦးလေးနဲ့ညို့ စာချုပ်ပေါ်မှာလက်ထပ်ထားတဲ့ကိစ္စလေ၊ အဲဒီစာချုပ်ကို ရုံးတင်တရားစွဲရင်





အနည်းဆုံးကိုယ့်ပိုင်ဆိုင်မှုရဲ့တစ်ဝက်လောက်ရမှာပဲ၊ ညို့ ဘာပူစရာရှိသလဲကွာ''

နေဟိန်း သွေးတိုးစမ်းပြောလိုက်လျှင် ညို့မျက်နှာလေး သွေးဆုတ်ဖြူဖွေးသွားပုံမှာ အံ့သြစရာ။

နောက် ... သူမ ဒေါသတွေနှင့်မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာခဲ့သည်။

''ဘာ ... ဦးလေး ဘာပြောတယ်၊ ကျွန်မက ဦးလေးကို ဒီလိုအကြပ်ကိုင်မယ့်လူစားလား၊ အဲဒီလိုငွေမက်တဲ့မိန်းကလေးလား၊ ထင်ရက်တယ် ... ပြောရက်တယ် ဦးလေးရယ်''

သူမ အလွန်အမင်းခံစားနေရပုံကြောင့် နေဟိန်း အံ့အားသင့်ရလွန်း၏။

ဆင်ကျီစားရာ ဆိတ်မခံနိုင်ဆိုတာ ဒါမျိုးလား။

''ကျွန်မနဲ့စတွေ့တုန်းက ကျွန်မကို ဒီလိုလုပ်နိုင်းတုန်းက ဦးလေးပြောတဲ့စကားကို ကျွန်မ အမြဲသတိရတယ် ...

မြို့ကမိန်းကလေးတွေကို အကူအညီတောင်းရင်ရပေမယ့် စာချုပ်ပြုပြီး လူကိုအပိုင်စီးမှာ၊ ပစ္စည်းကိုအပိုင်စီးမှာကြောက်တယ်တဲ့၊ ညို့ ဘယ်တော့မှ ဦးလေးကို အပိုင်မစီးဘူး၊ ဦးလေး ပစ္စည်းတွေကိုလည်း အပိုင်မစီးဘူး၊ ကျွန်မကို အထင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကား ဒီတစ်ခါပဲပြော … နောက် ကျွန်မသည်းမခံနိုင်ဘူး''

ခုတ်ရာတခြား၊ ရှရာတလွဲ၊ နေဟိန်းစကားကြောင့် ထမင်းစားပွဲမှ တိမ်မည်းညိုအပြေးထွက်သွားခဲ့လျှင် နေဟိန်း စိတ်မကောင်းဖြစ်ရသည်။

ညိုရေ မင်းရဲ့သဘောထားတွေသိချင်လို့ တမင်စိတ်စမ်းမေးမိတာပါ။

ယခုအခါ တိမ်မည်းညိုဟာ သူ့အတွက်စာရွက်ပေါ်မှ သတို့သမီးမဟုတ်တော့ဘဲ တကယ့်ဇနီးဖြစ်နေရှာပြီမဟုတ်ပါလား။

သည်အကြောင်းတွေးမိလျှင် နေဟိန်းရင်ထဲစိတ်မကောင်းခြင်းများစွာနှင့် လေးလံခံစားရ၏။

သူ မလိမ့်တပတ်နှင့် ညို့ကိုခိုးပေါင်းနေမိပြီမဟုတ်ပါလား။ ညိုသာသိလျှင် ဘယ်လောက်များပေါက်ကွဲ၊ စွပ်စွဲလိုက်မည်လဲ။ နေဟိန်းရင်မဆိုင်ဝံ့ပါ။

သတ္တိနည်းသည်ပဲပြောပြော။ ခြသေ့်တစ်ကောင်၊ ကျားတစ်ကောင်နှင့်သာရင်ဆိုင်သတ်ပုတ်လိုက်ချင်သည်။ ညိုနှင့်သူရင်မဆိုင်ရဲ။ အဖြစ်မှန်တွေကို ဖွင့်မပြောရဲ။

ယခုပင် ထပြီးပေါက်ကွဲတော့မည့်ချိန်ကိုက်ဗုံးကြီးကိုရင်ခွင်





ထဲပိုက်ထားရသလို သူအမြဲခံစားနေရသည်။

ဘယ်တော့ဘယ်လိုဖြစ်လာမလဲ။

ယခုလည်း ညို့ကားလေးထွက်သွားသံကြားလိုက်ရသည်အထိ နေဟိန်း ထမင်းစားခန်းထဲ ငူငူကြီးထိုင်နေမိ၏။

ဆုပ်လည်းစူး၊ စားလည်းရှူးရမည့်ဘဝပါလားလေ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကင်တင်းမှာ တိမ်မည်းညို့ လက်ဖက်ရည်တစ်ခွက်ရှေ့ချပြီး ငေးငိုင်နေတော့ သီရိနှင့်မေသူက အကဲခတ်၏။

"ညို့ ... ဘာအခက်အခဲတွေ တွေ့နေရလို့လဲ၊ ဘာတွေ အဆင်မပြေဖြစ်နေလဲ"

"ကေနွှ ... ရဲရင့်ဆွေကိုများ လွမ်းနေသလား"

"သွားစမ်းပါကွာ ... သူနဲ့ကိုယ် ဘာမှမဟုတ်ဘူး"

"ဒါဆိုလည်း ဘာဖြစ်နေသလဲကွာ ... ယူ့ဒက်ဒီနဲ့ အဆင်မပြေဘူးလား၊ မွေးစားဖခင်ဆိုပေမယ့် ယူ့ကိုတော်တော် အလိုလိုက်ပါတယ်"

သီရိစကားကြောင့် ညို့ ဖြည်းညင်းစွာခေါင်းညိတ်ရင်း လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်၏။





"ဟုတ်တယ် ... ဦးလေးက ငါ့အပေါ်ကောင်းပါတယ်၊ ဒါပေမဲ့ အခု ဦးလေးမိန်းမယူတော့မယ်လို့ထင်တယ်၊ ငါစိုးရိမ်နေတာ ငါ့ဘဝအခြေမကျခင် ဒုက္ခရောက်မှာကိုပဲ"

"မဖြစ်နိုင်ပါဘူး ... ဒါပေမဲ့ နင့်ဦးလေးက ချောလည်းချော၊ ပစ္စည်းလည်းချမ်းသာတော့ ဝိုင်းနေတဲ့မိန်းကလေးတွေ အများကြီးပဲ၊ တစ်ယောက်ယောက်နဲ့ငြိသွားနိုင်တာပဲ"

"နင့်အဖေဆီက သတင်းလေး ဘာလေးနှိုက်ကြည့်ပါလား၊ ဦးလေးနဲ့အတူတူအလုပ်လုပ်နေတယ်ဆိုတော့ အကျိုးအကြောင်းသိရတာပေါ့"

"သတင်းကတော့ ထွက်နေတာပဲလေ၊ အန်ကယ့်ကို ဦးစားပေးနေတဲ့ လိုက်ကပ်နေတဲ့မိန်းကလေးတွေရှိတာပဲ၊ အဲ နေဦး ခုတလော အလုပ်ဝင်တာမကြာသေးတဲ့ စာရင်းစစ်မလေးနဲ့တွဲနေတယ်ထင်တယ်၊ ငါတောင် မနေ့က အန်ကယ်တို့ကို ယုဇနပလာဇာမှာတွေ့လိုက်သေးတယ်"

"ဩော် ... ဒါဆိုလည်း ဦးလေး ငါ့ကို မငဲ့ပါစေနဲ့တော့၊ ဦးလေးခမျာ တစ်ယောက်တည်းအထီးကျန်လှပါပြီ ... ငါ့ကိုလည်း ပစ်ထားမှာတော့မဟုတ်ပါဘူးလေ၊ ဘွဲ့ရအောင်တော့ ထားပေးမှာပါ ... ပြီးရင် သူ့ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အေးလေ ... အန်ကယ်က နင့်ကိုပစ်ထားမှာမဟုတ်ပါဘူး၊ ကဲပါ ... စားစရာရှိစား၊ သောက်စရာရှိသောက်၊ ငယ်တုန်းသာပျော်စရာကောင်းတာညီ့ရဲ့၊ အသက်ကြီးလို့လုပ်ငန်းခွင်ထဲရောက်ရင် ဘဝထဲရောက်သွားရင် ပျော်ဖို့မကောင်းတော့ဘူး၊ ငယ်တုန်းပျော်ပျော်ပါးပါးနေစမ်းပါ''

သီရိနှင့်မေသူ တိုက်တွန်းမှ ညီ့မျက်နှာ နည်းနည်းလန်းလာပြီး မှာထားသည့်လက်ဖက်ရည်နှင့်ဆီချက်ခေါက်ဆွဲကိုကုန်အောင်စားနိုင်တော့သည်။

သည်စဉ် မေသူ့ထံမှ တွေးတွေးဆဆ စကားတစ်ခွန်းထွက်လာခဲ့ပြန်သည်။

''အန်ကယ်က ညီ့ကိုဆယ်တန်းအောင်မှ မွေးစားတာဆိုတော့ ကြီးမှမွေးတာပေါ့နော်''

''အေးလေ ... အဲဒါဘာဖြစ်လဲ''

''ဩော် ... အန်ကယ် ညီ့အပေါ် တကယ့်သမီးအရင်းလိုသဘောထားနိုင်တာ မေသူအံ့သြလို့ပါ၊ ငါသာဆို ဒီလောက်ချောတဲ့မွေးစားသမီးအပေါ် နည်းနည်းတော့စိတ်ကစားမိမှာပဲ''

''မေသူ ဘာအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ''

တိမ်မည်းညိုတင်းသွားပြီး လေသံမာသွားခဲ့လျှင် မေသူ





ပျာပျာသလဲတောင်းပန်လေ၏။

''ဆောရီးညီ့ရယ် ... ငါက ညီ့ဦးလေး စိတ်ကောင်းရှိတာကို အံ့သြချီးမွမ်းမိတာပါ ... ဘာအဓိပ္ပာယ်နဲ့မှ မဟုတ်ပါဘူး''

သီရိကလည်းဝင်ပြီး ဖြန်ဖြေရ၏။

''အန်ကယ်က စိတ်ကောင်းကိုရှိတာပါ ... ကုမ္ပဏီမှာလည်း အလုပ်သမားတွေအပေါ် သိပ်ညှာတာပဲ၊ ငါတို့မိသားစုကိုလည်းကြည့်တယ်၊ ကျောင်းစရိတ်တွေဘာတွေ အလျဉ်းသင့်သလိုပေးတယ်''

''အင်း ... ဟုတ်ပါတယ်လေ''

နောက်ဆုံး သုံးယောက်သားပြေလည်မှုရသွားကြပြီး ကင်တင်းမှထကာ စာသင်ခန်းများဖက်သို့ လျှောက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

သူမ၏ကားလေးခြံရှေ့မှာရပ်လိုက်စဉ် တိုက်ရှေ့မှာရယ်မောနှုတ်ဆက်နေကြသည့် နေဟိန်းနှင့်မိန်းကလေးတစ်ယောက်ကို တိမ်မည်းညို့ တွေ့လိုက်သည်။

မိန်းကလေးက တော်တော်ချောပြီးသူမနှင့်ရွယ်တူလောက်ပါပင်။ ဦးနေဟိန်းကိုလည်း ရင်းရင်းနှီးနှီးပုတ်ပုတ်ခတ်ခတ်နှင့်။ သူမပင် ဒီလိုရင်းရင်းနှီးနှီးမနေဘူးပေ။

ညို့ကားဟွန်းသံကြားလျှင် အိမ်ထဲမှစိုးငယ်ပြေးထွက်လာပြီး ခြံတံခါးဖွင့်ပေး၏။ သူမ ဦးနေဟိန်းတို့အနီးမှာ ကားရပ်လိုက်သည်။

ကားပေါ်မှဆင်းပြီး ညို့ သူတို့အနားမှဖြတ်လျှောက်စဉ်





ဦးနေဟိန်းအနီးမှ မိန်းကလေး၏မှတ်ချက်ကို သူမကြားလိုက်ရ၏။

"ဦးနေမွေးစားသမီးကလည်း ရင့်လှချည်လား၊ သူ့ကိုယ်သူ သူများသနားလို့ လူဖြစ်နေရတယ်ဆိုတာ မေ့နေသလားပဲ၊ ဦးနေ့,နေရာမှာ မီးဆိုရင် ခပ်စပ်စပ်လေးပညာပေးပစ်လိုက်မှာပဲ၊ ဒါမှ ကိုယ့်ကျေးဇူးရှင်ကို ဘယ်လိုဆက်ဆံရမလဲသိမယ်"

ညို့ခေါင်းထဲမိုက်ခနဲခံစားလိုက်ရပြီး ရင်ထဲနင့်သွားသည်။ အဲဒီမီးဆိုတာ ဦးလေးနဲ့ဘာတော်သလဲ။ ဒီလောက်ပြောရေးဆိုခွင့်တွေရှိနေရင်တော့ သာမန်မဟုတ်။

ညို့ စိတ်မကောင်းခြင်းများဖြင့် ကိုယ့်အခန်းသို့တန်းတက်သွားလိုက်ပြီး အဝတ်အစားပင်မလဲနိုင်တော့ဘဲ ခုတင်ပေါ်လှဲချမိသည်။

မိန်းမသားပီပီ မျက်ရည်များကျလာမိပြန်၏။ အိပ်ရာထက်မှာ သူမခံစားနေမိလျှင် အချိန်တွေကိုပင်မေ့သွား၏။

ခါတိုင်းလို ဦးနေဟိန်း ညစာစားဖို့ အခေါ်မခိုင်းသလို၊ ညို့ကိုမည်သူမျှလည်း လာမခေါ်ကြချေ။

ရင်ထဲမှာဝမ်းနည်းပက်လက်နှင့် သူမ အိပ်ပျော်သွားစဉ် ညို့အခန်းထဲသို့ နေဟိန်းဝင်လာခဲ့သည်။ ညကိုးနာရီထိုးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ညို့ကိုကြင်နာစွာ နှိုးလိုက်သည်။

"ညို ... ညို ... ညစာတစ်ခုခုစားရအောင်"

မျက်ရည်စက်လက်နှင့် ညို့ကိုကြည့်ပြီး သူမဘာတွေခံစားနေရသလဲဟု နေဟိန်းသိချင်မိသည်။ ညနေက မီးကို တွေ့လိုက်ရလို့ ညို သဝန်တိုသွားသလား။

သည်လိုလည်းမဟုတ်ချေ။ သဝန်တိုပြီး ရန်တွေ့တာတွေ ဘာတွေမလုပ်ဘဲ ညိုဝမ်းနည်းနေပုံကြောင့် နေဟိန်း ဘယ်လို သတ်မှတ်ရမှန်း မသိတော့ချေ။

"ကျွန်မ ... ဘာမှမစားချင်တော့ဘူး၊ အိပ်တော့မယ်"

"တစ်ခုခုတော့စားဦးမှပေါ့၊ တော်ကြာ အစာအိမ်တွေ ဘာတွေ"

"အို ... သေလည်းအေးတာပဲ ဦးလေးရယ် ... နေစမ်းပါဦး၊ ကျွန်မ အမူအရာတွေက ကျေးဇူးရှင်ကိုစော်ကားတဲ့ပုံစံ ပေါက်နေသလားဟင်၊ ကျွန်မ အရိပ်နေနေ၊ အခက်ချိုးချိုး ဘယ်တော့မှ မလုပ်ဘူးဆိုတာ ဦးလေးရဲ့မီးကိုပြောပြလိုက်စမ်းပါ၊ ကျွန်မဟာ ဆည်ဝကစောင့်နေတဲ့ပျိုင်းမဟုတ်ဘူးလို့ အဲဒီမီးကို ပြောပြလိုက်ပါ"

မျက်ရည်တွေနှင့် နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ရင်း ညို





နာကြည်းနေလျှင် နေဟိန်း ဘယ်လိုရှေ့ဆက်ရမှန်းမသိတော့။

ကိုယ့်ဘဝက ကိုးလို့ကန့်လန့်ဘဝ။ သူမကို ခိုးချစ်နေရသည့်ဘဝမို့ ပြောင်ကျကျဖွင့်ပြီး ကြင်နာချင်လို့မရ။

"မီးက ကိုယ့်အတွက်ဒီလောက်အရေးမပါသေးပါဘူးညိုရယ် ... ကိုယ် အချစ်ဆာနေတဲ့လူတစ်ယောက်မဟုတ်ဘူး၊ အတွေးခေါင်မနေပါနဲ့ကွာ ... ကဲ ... ထ ညစာစားရအောင်"

"ဟင့်အင်း ကျွန်မ မစားတော့ဘူး၊ ရင်ပြည့်နေပြီ"

"မဟုတ်တာ ... ကိုယ်လည်းဘာမှမစားရသေးပါဘူး၊ ထမင်းမစားချင်လည်း လက်ဖက်ရည်နဲ့မုန့်ပေါ့ တစ်ခုခုတော့ စားရမယ်"

နောက်ဆုံး နေဟိန်းခေါ်လွန်းသဖြင့် ညို ထမင်းစားခန်းသို့လိုက်ခဲ့ရသည်။ ရင်ထဲမှာတော့ ခံစားနေရမြဲ။ မီးဆိုတာ ဘယ်သူလဲ။

သို့သော် သူမ မမေးချင်တော့ပါ။ ညစာကိုသာ တို့ခနန်း ဆိတ်ခနန်းစားပြီး သူမအပေါ်ထပ် ကိုယ့်အခန်းသို့ပြန်တက်ခဲ့တော့သည်။

ယခုညရော ဘယ်လိုအိပ်မက်မျိုးနှင့် တိုးဦးမည်မသိ။ ဘဝကနေပျော်စရာမကောင်းတော့သလို။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို တမ်းတသတိရရင်း သူမမှတ်မိသည့်ကားနံပါတ်ကို မမေ့အောင် ညို ရွတ်ဆိုနေမိတော့လေသည်။



''ညိုရယ်''

ကလေးတစ်ယောက်လို အိပ်ပျော်နေသည့် ညို့ကိုလက်မောင်းပေါ်မှာ ယုယစွာ ပွေ့ထားရင်း နေဟိန်းစိတ်မကောင်းဖြစ်နေရသည်။

အငိုလွယ်၊ အရှိုက်ခက်နေသည့် ကိုယ့်ဇတ်လမ်းကို ဘယ်လိုရှေ့ဆက်ရမလဲဟု အပြန်ပြန်အလှန်လှန်တွေးရင်း သူ ညို့ကို ငိုးချစ်နေမိတာ တစ်လပင်ကျော်ပေပြီ။

ညိုကတော့ ဘာမှမသိရှာ။ သွေးမတော်သားမစပ် ယောကျ်ားတစ်ဦးကို ညို ဘယ်အထိယုံကြည်နေသလဲ။

စာရွက်ပေါ်မှာပဲ လက်ထပ်ထားသည့်သတို့သမီးရယ်လို့ ညို ယုံကြည်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ တန်ဖိုးထား၊ ချစ်မက်လာအောင် အမျိုးမျိုး နှိုးဆွပေးခဲ့ပေမယ့် ရိုးသားလွန်းသည့်ညို့စိတ်ဓာတ်ကို သူယိုင်လဲအောင်မတတ်နိုင်ချေ။

တစ်ခါက ပြောခဲ့ဖူးသည်။

"စာချုပ်ပြုပြီး လူကိုအပိုင်သိမ်းမှာ ပစ္စည်းကိုအပိုင်သိမ်းမှာ ကြောက်တယ်" ဟူသည့်စကားကို ညိုအသည်းစွဲမှတ်ထားပုံရသည်။

သူ့ကိုမစားကောင်းသည့်အသီးရယ်လို့ သတ်မှတ်တာလား။ သို့မဟုတ် လုံးဝကိုစာရင်းမထည့်၊ ခေါင်းထဲမထည့်တာလားပင် မသိချေ။

"အင့် ... "

အိပ်နေရင်းမှပင် ယောင်ရမ်းကာ သူကလေး ကိုယ့်ကိုဖက်လာခဲ့လျှင် နေဟိန်းကြည်နူးရ၏။

အိပ်ဆေးတန်ခိုးနှင့် လူမှန်း သူမှန်းမသိအောင်အိပ်ပျော်နေရှာသည့်ညို့ကို သူ ကြင်နာစွာထွေးဖက်ထားမိသည်။

တစ်နေ့နေ့တော့ ပြဿနာပေါ်မှာပဲ။ အဲဒီနေ့ကျရင် ငါ ညိုနဲ့ရင်ဆိုင်ရဲပါ့မလား။ ညို့အမုန်းကိုခံယူရဲပါ့မလား။

ဘာပဲဖြစ်ဖြစ် ညို့ဒေါသတွေကို ငါရင်မဆိုင်ရဲဘူး။ သူ့





ဒေါသတွေ၊ အမုန်းတွေကို ခံယူမယ့်အစား သေခြင်းတရားကိုပဲ ငါယူလိုက်ချင်တယ်။

အချစ်ရေ ...

ခုတော့ ကိုယ့်ဘဝနေညိုချိန်မရောက်ခင် ဆင်သေကောင်စီးတဲ့ကျီးမိုက်လို ဘဝရဲ့ဓားသွားပေါ်ကပျားရည်စက်တွေကို ငါ မက်မောပါရစေဦး။

ညိုမက်ခဲ့ဖူးသည့် ညို့အိပ်မက်ထဲက ဝက်ဝံတစ်ကောင်လို အိပ်ပျော်နေသည့် ချစ်ဇနီးအား နေဟိန်းရင်နှင့်စွာနှင့်ပင် အချစ်တွေ ပေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝေါ ... ဝေါ့ ... "

ကျောင်းပိတ်ရက်တစ်နေ့မှာ ညို့ မူးဝေအော့အန်နေရာ ဒေါ်ခင်မိုးခမျာ ပျာယာခပ်နေရရှာ၏။

"ဟဲ့ ... စိုးငယ် ... စိုးငယ် ဆရာဝန်ဆီဖုန်းဆက်စမ်း၊ အဲ ... ဆရာ့ဆီလည်းဖုန်းဆက်ဦး၊ ဆရာက ညို့ကိုဂရုစိုက်ဖို့ တဖွဖွမှာထားတယ်၊ ဖုန်းဆက်ပြီးရင် နင့်မမအနားလာနေ၊ ငါ့မှာ ဟင်းအိုးကတန်းလန်း"

ညို့ကို အိပ်ရာပေါ်သို့သားအမိနှစ်ယောက် ပွေ့ချီသွားချင်ပေမယ့် ညို့ကိုယ်ခန္ဓာကို သူမတို့မနိုင်။ ညို့အော့အန်နေသည်က ခြံထဲမြက်ခင်းနားမှာ။

စိုးငယ် ဖုန်းကိုသာအပြေးအလွှားဆက်နေရ၏။ ဆရာဝန်





ဆီအရင်ဆက်။ ပြီးမှ ဦးနေဟိန်းဆီဆက်ရသည်။ ဦးနေဟိန်းနှင့် မတွေ့ဘဲ မီးဆိုသည့် သူ၏အတွင်းရေးမှူးနှင့်သာတွေ့ရသည်။

"ဆရာ အစည်းအဝေးခန်းထဲရောက်နေတယ်၊ ဘာပြော လိုက်ရမလဲ"

"ဩော် ... ဆရာ့သမီး နေမကောင်းလို့ ... အဲဒါ"

"ဆရာဝန်ခေါ်လိုက်ပေါ့ ဆရာဒီနေ့မအားဘူး ... အရေး မပါတာတွေ လာပြောနေတယ်"

တစ်ဖက်မှ တယ်လီဖုန်းချသွားသဖြင့် စိုးငယ်ဒေါသဖြစ် ရသည်။ မီးဆိုတာ အန်ကယ့်ကိုပိုးနေတဲ့မိန်းမ။

မြက်ခင်းဘေးမှ ညို့ကိုဒေါ်ခင်မိုးတို့သားအမိ အောက် ထပ်ဧည့်ခန်းဘေးရှိ ဧည့်သည်များအတွက် အခန်းပိုတွင်သာ လွယ်လွယ်ကူကူရွှေ့ထားရသည်။

"အား ... မူးလိုက်တာ ဒေါ်လေးရယ်၊ ရင်ထဲမှာလှိုက် လှိုက် လှိုက်လှိုက်နဲ့"

"အစာမကြေလို့များလားကွယ် ... ညို့ မနေ့က လက် ဖက်သုပ်တွေစားတယ်လေ"

"မမညို့ ... မနက်ကလည်း ရှောက်သီးသုပ်တွေစား တယ်"



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... ညို့ နေရတာ အားငယ်လိုက်တာ ညို့မှာအားကိုးမရှိဘူး ... ညို့ ငိုချင်တယ်''

အိပ်ရာပေါ်မှာ မူးဝေတွန့်လိမ်ရင်း ညို့ မသက်မသာခံစားနေရလျှင် ဒေါ်ခင်မိုးတို့သားအမိမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။

သည်စဉ် မိသားစုဆရာဝန်ဦးအောင်လင်းထက် ရောက်ရှိလာသဖြင့် စိုးငယ်သွားရောက်ကြိုဆို ခေါ်ဆောင်လာခဲ့၏။

''မမညို့ကြည့်ရတာ မသက်သာလိုက်တာဆရာ၊ အစာအိမ်တွေ၊ ဘာတွေများ ကင်ဆာဖြစ်သလား ... ဒါမှမဟုတ် အူကင်ဆာလား ... ကျောက်ကပ်ကင်ဆာလား''

''ဟာ ... ဒီကောင်မလေး လူမမာ စိတ်ဆင်းရဲအောင် သွားစမ်း ... မီးဖိုဘက် ခဏသွားကြည့်''

ဒေါ်ခင်မိုး ငေါက်လိုက်မှစိုးငယ်၊ မီးဖိုဘက်သို့မသွားချင်သွားချင်သွားရသည်။

ဒေါ်ခင်မိုးမှာ ရင်တထိတ်ထိတ်။

ညို့ကို သူမ သနားသည်။ မိမိနှင့် စိုးငယ်တို့သားအမိကြင်နာယုယသည်ကိုငေးကြည့်ရင်း မိဘမေတ္တာကိုတမ်းတ လွမ်းဆွတ်နေတတ်သည့်မိန်းကလေး။

ဆရာဦးနေဟိန်းက မွေးစားထားသည်ဆိုပေမယ့် လိုအပ်





တာဖြည့်ဆည်းပေးတာပဲရှိသည်။ တကယ့်သားအဖတွေလို ရင်းနှီးနွေးထွေးမှုမရှိ။

ဆရာဝန်ဦးအောင်လင်းထက် ညို့ကိုမျက်မှောင်ကျုံ့ရင်း၊ အထပ်ထပ်စမ်းသပ်နေလျှင် ဒေါ်ခင်မိုး ပိုပြီးစိုးရိမ်နေ၏။

သည်စဉ် စိုးငယ်လည်း ညို့ကိုစိုးရိမ်လွန်းသဖြင့် အခန်းထဲသို့ရောက်ရှိလာပြန်သည်။

''ပြောပါဆရာ ... ညို့ရောဂါက ဘာလဲဟင် မိန်းကလေးရောဂါတွေ ဘာတွေများ ... ''

ဒေါ်ခင်မိုး၏စကားဆုံးလျှင် ဦးအောင်လင်းထက်မှာ ချီတုံချတုံ။ ဒီစကားကိုပြောရကောင်းနိုး၊ မပြောရကောင်းနိုး။

ညို့ဟာ ဦးနေဟိန်းရဲ့မွေးစားသမီးဆိုတာ သူလည်းသိပြီးသား။

လောလောဆယ် လူနာသက်သာသွားအောင် အမူးပြေဆေးနှင့်အိပ်ဆေးကို ရောစပ်ထိုးပေးလိုက်ပြီး ဦးအောင်လင်းထက် ဒေါ်ခင်မိုးကို အခန်းပြင်သို့လက်ကုတ်ခေါ်ခဲ့သည်။

''ပြောရမှာ ရှက်လိုက်တာဗျာ''

''မထိတ်သာ၊ မလန့်သာရှိလိုက်တာဆရာရယ်၊ ပြောသာပြောပါ အနာသိမှ ဆေးရှိမှာမဟုတ်လားဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ညို့မှာ ရည်းစားတွေဘာတွေရှိသလား"

"ရှင် ... "

"ဩော် ... ချစ်သူရှိသလားလို့ပါ"

ဒေါ်ခင်မိုး တွေခနဲစဉ်းစားရသည်။ ညို့ရောဂါကိုလည်း သူမရိပ်မိလိုက်ပေပြီ။

"ရှိတယ်ထင်တယ်ဆရာ၊ လွန်ခဲ့တဲ့တစ်လလောက်က သူ့ရည်းစားနဲ့တောင် ချောင်းသာဘက်ကိုအုပ်စုလိုက်ခရီးထွက်ကြသေးတယ်"

"ဟုတ်မှာပါ ... ဒါကြောင့် သူ့မှာကိုယ်ဝန်ရှိနေတာ"

"ရှင် ... "

ဒေါ်ခင်မိုး လန့်ဖျပ်သွားသလို ဆရာဝန်မှာလည်း စိတ်မကောင်းပါ။

"ကိုနေဟိန်းကို သွားပြောမနေနဲ့ဦး၊ ညို့ကိုပြောပြပြီ၊ အရင်စိစစ်ပြီးမှ သူ့ကိုဖွင့်ပြောပေါ့ဗျာ၊ ထိန်းထိန်းသိမ်းသိမ်းလုပ်ကြပါ၊ ကျွန်တော့်အကူအညီလိုရင်လည်းပြော"

ဦးအောင်လင်းထက် သူ့ကားနှင့်ပြန်သွားခဲ့လျှင် ဒေါ်ခင်မိုးမှာ ဘာဆက်လုပ်ရမှန်းပင် မသိတော့ချေ။

နောက်ဆုံး ညို့အခန်းထဲသို့ဝင်ခဲ့ရပြီး ညို့မျက်နှာလေး





ကြည့်ကာ ဒေါ်ခင်မိုး မျက်ရည်ဝဲရသည်။

မိုက်လိုက်တဲ့ကလေးမရယ်။ ညို့ချစ်သူက ညို့ကိုယူပါ့မလား။ ကြောရရှုံကြီတာလား။ ယခုခေတ်ယောကျ်ားတွေသည် ယုံရတာမဟုတ်။

အိုင်တွေ့ရင်ခြေဆေးတယ်။ သူမစိတ်မကောင်းဖြစ်နေစဉ် ညို့မျက်လုံးများ ပွင့်လာခဲ့သည်။

"ဒေါ်လေး ညို့ရောဂါဟာ ဘာလဲဟင် သိပ်များစိုးရိမ်ရလို့လား"

အရိုးသားဆုံးရုပ်ကလေးနှင့် သူမအသွင်ကသနားစဖွယ်။ ဒေါ်ခင်မိုး၊ စိုးငယ်ကို အခန်းပြင်ထွက်ခိုင်းပြီး ညို့အား နားခံသာအောင်ပြောမိသည်။ မပြောလို့မပြီးသည်မို့ ...

"စိတ်အေးအေးထားပါ သမီးရယ် ... ဘာရောဂါမှတော့ မဟုတ်ပါဘူး"

"ဒါဆို ဆရာဝန်က ညို့ကိုဘာလို့မပြောလဲ"

အားယူပြီးမှ ဒေါ်ခင်မိုး ဖြည်းဖြည်းပြောရ၏။

"ညို့မှာ ... ညို့မှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ရှင် ... "

မှေ့လယ်ခေါင်မိုးကြိုးပစ်ချခံလိုက်ရသလို ညို့တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ကျွမ်းလောင်သွားရသည်။ ဒေါ်ခင်မိုးစကားကို သူမ နား မလည်။

"ဘာဖြစ်လို့လဲ ... ညို့ ဘာမှားလို့လဲ၊ အိုး ... မဟုတ်တာ ဆရာဝန်ဖြစ်ပြီး ဘာလို့မဟုတ်တာတွေပြောရတာလဲ"

အရူးမလေးနှယ် တတွတ်တွတ်ရေရွတ်ရင်း သူမအခြေအနေတွေကို လက်မခံနိုင်။

"မှားတာ ... ဆရာဝန်မှားတာ၊ ညိုဘာမှမမှားဘူး။ ဘယ်လိုလုပ်ပြီး ကိုယ်ဝန်ရှိမှာလဲ ... ညိုက အပျိုပဲဟာ အပျိုစင်ပါ"

အပြင်မှ နိုးနားထောင်နေသည့်စိုးငယ်မှာလည်း ပါးစပ်အဟောင်းသား။ မမညို ဘယ်သူနဲ့မှားတာလဲ။ ရဲရင့်ဆွေဆိုတဲ့လူကြီးလား။ သူတို့ချောင်းသာသွားဖူးကြတယ်။ သုံးရက်တောင်ကြာတာပဲ။

တိမ်မည်းညို ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်ပြီး ငုတ်တုတ်အသက်ပျောက်နေမိသလို။

ငါ ဘယ်လိုဖြစ်တာလဲ။ ငါဘာတွေဆက်လုပ်ရမှာလဲ။ မျက်ရည်များကလည်း တစ်ကိုယ်လုံး အရည်ပျော်ကျသည့်နှယ်။ မရပ်တန့်နိုင်တော့။ လောလောဆည် ညိုရူးသွပ်သွားလုမတတ်။





ဦးလေးကို ငါဘယ်လိုရင်ဆိုင်ရမလဲ။ ဘယ်လိုပါးစပ်နဲ့ ပြောလို့ထွက်မှာလဲ။

ဦးနောက်တွေပူထူပြီး ဖျစ်ဖျစ်မြည်အောင် စဉ်းစားပေမယ့် လောလောဆည် ညို့အတွက် ထွက်ပေါက်ရှာမတွေ့။

သူမကို ငေးကြည့်နေသည့် ဒေါ်ခင်မိုးခမျာမှာလည်း လုံးဝစိတ်မချမ်းသာ။ စိုးငယ်ကတော့ အောက်ထပ်မီးဖိုဆီသို့ပြေးရ၏။ သူ့မေမေက မမညိုကိုပြုစုစောင့်ရှောက်နေရာ အိမ်အလုပ်တွေ သူမလုပ်ရမည်။

"စဉ်းစားပေးပါဦး ဒေါ်လေးရယ် ... ညို ဘယ်လိုမှ မတွေးတတ်ဘူး၊ ညို့မှာရည်းစားမရှိပါဘူး၊ ရှိလည်း ညိုကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှာပါ၊ ဒီလိုပေါက်လွှတ်ပဲစား မနေပါဘူး ရှင်"

ဒေါ်ခင်မိုးလည်း အဖြေရှာလို့မတွေ့။ သို့သော် ဆိုရေး ရှိဆိုရပေတော့မည်။

"သေသေချာချာစဉ်းစားပါဦးညိုရယ်၊ ကိုယ့်မှာရည်းစား မရှိဘူးဆိုပေမယ့် ကိုယ့်ကိုကြိုက်နေတဲ့သူတွေကများ ညို့ကို အဓမ္မကြံစည် ... "

"ဟာ ... ဒေါ်လေးကလည်း ဘယ်သူမှ ညို့ကို အဓမ္မ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်စည်ရဲပါဘူး၊ အဲဒီလိုကြိုက်စည်ဖူးတယ်ဆိုရင်လည်း ညို့ ကိုယ့်အကြောင်းကိုယ်သိမှာပေါ့၊ ဘုရားစူးရပါစေ့ ဒေါ်လေးရယ်၊ ညို့ ဘယ်သူနဲ့မှ မငြိစွန်းဖူးပါဘူး၊ ဘာပြဿနာမှကို မရှိဖူးဘူး''

''ဒါဖြင့် . . . ဒီပြဿနာက ဘယ်သူ့လက်ချက်လဲ၊ ဘယ်မိုးကျရွှေကိုယ်ရဲ့လက်ချက်လဲ''

''ဘာလဲ ဒေါ်လေးက ညို့ ညာနေတယ်ထင်လို့လား၊ ညို့ဥပမိကိုသေချာကြည့်ပါဦး ဒေါ်လေးရယ် ... ညို့ ကလိမ်ကကျစ်ပြောနေတာမဟုတ်ပါဘူး''

ကိုယ့်ရင်ဘတ်ကိုယ်ထုကာ ညို့ရှိုက်ကြီးတငင်ဖြစ်နေလျှင် ဒေါ်ခင်မိုး ညို့ကိုအတင်းဝင်ချုပ်ထားရသည်။

ဟုတ်ပါတယ်လေ။ ညို့ဟာ အင်မတန်ရိုးဖြောင့်တဲ့မိန်းကလေးပါ။ ဒီလိုအခြေအနေမျိုးမှာတော့ သူငါ့ကိုညာနေမှာ မဟုတ်ပါဘူး။

ဒါဖြင့် တရားခံ ဘယ်သူလဲ။

''ညို့ရယ် ... စိတ်တော့မရှိနဲ့နော်၊ ဒေါ်လေးပြောကြည့်မယ်၊ ဖြစ်နိုင်ခြေရှိတာပေါ့နော်''

''ပြောပါဦး ဒေါ်လေးရယ်၊ ညို့ ... ဒေါ်လေးကိုပဲ အားကိုးရမှာပါ၊ ညို့မှာ မိခင်လည်းမရှိ၊ ဖခင်လည်းမရှိတော့ပါဘူး





ဦးလေးသိလို့လည်းမဖြစ်ဘူး၊ ဦးလေး ညို့ကို . . . ညို့ကို အထင်သေးသွားမှာ''

''အင်း ... ''

မပြောရက်သလို ဒေါ်ခင်မိုး နှုတ်ဆွံ့နေပြီးမှ အားယူပြီး ပြောချလိုက်ရ၏။

''ဟိုလေ ... ချောင်းသာသွားတုန်းကများ''

''အို ... ဒေါ်လေးရယ် ညို့ ဒီလိုအကျင့်တန်တဲ့ မိန်းကလေးမဟုတ်ရပါဘူး ... ဒေါ်လေးကလည်း ဦးလေးလို ရဲရင့်ဆွေနဲ့ သက်ာမကင်းဖြစ်နေပြီလား''

''ဒီလိုတော့ မဟုတ်ရပါဘူးကွယ်၊ ခရီးဝေးတစ်ခုကို မိန်းကလေး၊ ယောက်ျားလေးတွေရောပြီး သွားမိရင်ဒုက္ခရောက်တတ်လို့ပါ၊ ညို့ကိုယ်တိုင်က စိတ်မပါပေမယ့် သူတို့က အစားအသောက်ထဲမှာ အိပ်ဆေးတို့၊ မူးယစ်ဆေးတို့ထည့်ပြီး ကျွေးရင်လည်း မိန်းကလေးဆိုတာ ခံရစမြဲပါ၊ ကိုယ်အိပ်ပျော်သွားတဲ့အခါကျတော့ သူတို့သဘောပေါ့''

''ရှင် ... ''

ဒေါ်ခင်မိုးစကားကြောင့် ညို့ခေတ္တကြောင်သွားရာ ဒေါ်ခင်မိုးက ဖိပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် လူကြီးမိဘတွေက ကိုယ့်သမီးပျိုလေးတွေကို ရပ်ဝေးခရီးတွေ၊ ညအိပ်ညနေခရီးတွေ မလွှတ်ကြတာ၊ ဒီဘက်ခေတ်ကျမှ သားသမီးတွေကလည်း ခေတ်မီ၊ မိဘတွေကလည်း မနိုင်တော့ဖြစ်ချင်တိုင်း ဖြစ်ကုန်ကြတာပေါ့"

ညို တွေတွေလေး ငေးနေ၊ စဉ်းစားနေမိ၏။ ဒေါ်လေး ပြောသလို ဖြစ်နိုင်သလား။

ဟင့်အင်း … မဖြစ်နိုင်။ သူမဟာ အအိပ်ဆတ်သူမဟုတ်ပါလား။ ချောင်းသာမှာရှိသည့်ညတွေကို စဉ်းစားကြည့်တော့ အခန်းထဲမှာ မိန်းကလေးအချို့ အပြင်ခိုးထွက်သွားတာတောင် ညို သိနေတာပဲ မဟုတ်လား။

"ညို … ချောင်းသာမှာ ဘာမှမဖြစ်ခဲ့ပါဘူး ဒေါ်လေးရယ် ညိုက အအိပ်ဆတ်ပါတယ်၊ ကိုယ့်အခန်းထဲလည်း ဘယ်ယောက်ျားလေးမှ မဝင်ပါဘူး … မိန်းကလေးခြောက်ယောက်က တစ်ခန်း၊ ယောက်ျားလေးတွေကတစ်ခန်း အိပ်ကြတာ၊ အင်၊ ညိုတို့အခန်းထဲကတောင် မိန်းကလေးနှစ်ယောက် အပြင်ခိုးထွက်ကြတယ်၊ ချိန်းတွေ့ကြတာလားပဲ၊ အားလုံးညိုသိနေတယ်လေ ညို့ကို ဘယ်သူမှ မတရားမကြံပါဘူး"

"ဦးမြထူးကတော့ ဆရာ့ကိုပြန်တိုင်နေသံကြားရတာပဲ





ရဲရင့်ခွေ အခန်းထဲကခိုးထွက်တယ်တဲ့၊ ညိုနဲ့ကြိုက်နေတာလို့ သူကထင်နေတာ"

"အို … ဒေါ်လေးရယ် လုံးဝမဟုတ်ရပါဘူး၊ ဦးမြထူး အိပ်ချင်မူးတူးနဲ့ အမြင်မှားတာနေမှာပါ … တကယ်ဟုတ်ရင် ညိုက ဘာလို့ညာနေမလဲ၊ သူ့ကိုလက်ထပ်နိုင်းရုံပဲပေါ့"

"တချို့ယောက်ျားတွေက မိန်းကလေးတွေကို ကစားရုံပဲ ကစားတတ်တာ၊ တန်ဖိုးထားတာမဟုတ်ဘူး၊ မယူဘဲနဲ့ လျှောက်ဖျက်ဆီးချင်တတ်ကြတယ်"

ဒေါ်ခင်မိုး၏စကားက သူမအပေါ် မယုံသင်္ကာရှိလွန်းသည်ဟု ညိုထင်လျှင် ညိုအားလုံးကို လက်လျှော့လိုက်ချင်မိလေ၏။

"ကဲ … ဒေါ်လေး သွားပါတော့၊ ညို့ဘာသာ ကိုယ့်ပြဿနာကိုယ်စဉ်းစားကြည့်မယ်၊ ဒေါ်လေးတာဝန်က လောလောဆည် ဦးလေးကို သတင်းမပေးဖို့ပါပဲ၊ ညို ကိုယ့်ပြဿနာကိုယ် ရှင်းပါ့မယ်"

"အေးကွယ် … ဒေါ်လေးကိုလည်း ညိုတိုင်ပင်ပါ၊ ဒေါ်လေးတတ်နိုင်တဲ့အပိုင်းက ကူညီပါ့မယ်"

ဒေါ်ခင်မိုးထွက်သွားလျှင် ညို အခန်းတံခါးကိုထပြီး ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး အလိုလိုနေရင်း ဖြစ်တည်လာသည့် ကိုယ်ဝန်အတွက် ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲဟု ညှိုအသေအချာ စဉ်းစားနေရလေတော့သည်။



ည(၈)နာရီလောက်မှ ဦးနေဟိန်း အိမ်သို့ပြန်ရောက်လာခဲ့လျှင် မီးလည်းကပ်ပါလာခဲ့သည်။ နေဟိန်းမှာ အခြေအနေတွေကိုမသိသေးသည်မို့ ညှော်ခန်းတွင်ထိုင်ပြီး မီးကိုညှော်ခံနေ၏။

အောက်ထပ် ညှော်ခန်းဘေးရှိ ညှော်သည်များတည်းခိုရာအခန်းမှာ ခေတ္တရောက်နေသည့် ညှို အဖြစ်အပျက်အားလုံးကို မြင်နေ ကြားနေရပါသည်။

အပေါ်ထပ်သို့ လုံးဝတက်လိုစိတ်မရှိတော့ဘဲ အောက်ထပ်တွင်သာ ညှိုးငယ်နွမ်းဖျော့စွာ တိမ်မည်းညှို နေချင်မိသည်။

ကိုယ်ဝန်ရှိစ၊ အားနည်းပြီး စိတ်အားငယ်နေလို့လားမသိ၊ ညှို့စိတ်တွေဟာ တိမ်ညှိုတွေလို လွင့်လွင့်ပါးပါး၊ တိမ်းတိမ်းပြိုပြို။



www.burmeseclassic.com

www.burmeseclassic.com



မခမ်းနိုင်သည့်မျက်ရည်တွေ ခပ်ပါးပါးစီးကျရင်း ဟာနေသည့်တံခါးမှ သူမအပြင်သို့မြင်နေရပါသည်။ အသံတွေလည်း ကြားနေရ၏။

လန်းဆန်းလှပနေသည့် မီးအသွင်က ငှက်သွင်ပျံကြွတော့မတတ်ရှိနေသလို ဦးနေဟိန်းအသွင်ကလည်း ခန့်ညားချောမောနေပြီး တပြုံးပြုံးနှင့်။

ကုမ္ပဏီမှာ တစ်နေ့လုံးတွဲပြီး တွေ့ပြီးတာတောင် ညအထိဖယားဆက်ချင်သည့်ဆက်ဆံရေးက ဘယ်လိုမျိုးလဲ။

အိုလေ ဒါတွေငါ့အကြောင်းမဟုတ်ပါဘူး။ ငါက ကိုယ့်ဘဝနဲ့ကိုယ်တောင် ဘယ်လိုစီရင်ရဦးမယ်မသိဘူး။

မသိစိတ်နှင့်ဖြစ်စေ ညို့ ညှို့ခန်းသို့သာ အိပ်ရာပေါ်မှငေးကြည့်နွမ်းဖျော့နေမိသည်။

"ဦးနေ ... မီး ... ဒီနေ့ အိမ်မပြန်တော့ဘူး၊ မီးအန်တီနဲ့ စိတ်ဆိုးလာခဲ့ပြီ"

"ဟာ ... ဘယ်ဖြစ်မလဲ မီးရဲ့၊ လူကြီးမိဘဆိုတာ ဒီလိုပဲလေ၊ စိတ်ဆိုးလည်း ခဏပေါ့၊ စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ကွယ် ... ပြန်နော်"

"ဟင့်အင်း ... မပြန်ဘူး၊ မီးအန်တီက မီးကို အမြဲအပြစ်





မြင်တယ်၊ ချုပ်ချယ်တယ်၊ မီးအဆောင်ငှားနေမယ်၊ လောလောဆည် ဦးနေအိမ်မှာ ခဏနေမယ်၊ အိမ်ကအကျယ်ကြီးပဲဟာ၊ ဦးနေက ဘာတွေအူပုပ်နေတာလဲ၊ ဦးနေသမီးလည်း အဖော်ရှိသားပဲ"

မီးသည် စိမ့်ထက်ပင် တဖွတ်ထိုး၊ တဖောက်ကန်းနိုင်လှမလား။ နေဟိန်း အားနာနေသည်မဟုတ်ပေမယ့် မီးနှင့်တွဲလျှင် ညိုမခံနိုင်ဖြစ်ပြီး သူ့အပေါ်သဘောထားတွေ ပြောင်းလိုပြောင်းငြား စမ်းသပ်ကြည့်ချင်မိသည်။

မီး မလွယ်မှန်းတော့ ကိုယ်လည်းသိပါသည်။ သို့သော်ကို သတိထားကိုင်တွယ်ရင်း ညို့နှင့်သူ့ကြားမှာ တံတားအဖြစ်ကျင်းဖို့ နေဟိန်း စိတ်ကူးလိုက်သည်။

"အင်း ... ၁ရက်၊ ၂ရက်တော့ နေလေ၊ ပြီးရင် အိမ် ... ဒါမှမဟုတ် အဆောင်ရှာ၊ ကဲ ... ကဲ ဒါဆိုလည်းအတွက် အခန်းပေးရဦးမယ်"

နေဟိန်း ဒေါ်ခင်မိုးကိုလှမ်းခေါ်လိုက်လျှင် မီးဖိုထဲမှ မျက်စိနှာပျက်စွာနှင့် ဒေါ်ခင်မိုး ထွက်လာခဲ့သည်။

နေဟိန်း ထိတ်ခနဲလန့်သွား၏။ အိမ်မှာဘာတွေဖြစ်နေသလဲ။ သို့သော် မီးရှေ့မှာမို့ ကိုယ့်အိမ်တွင်းရေးကို မမေးသာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိုး ... ဒီမှာ မီးရယ် အိမ်မှာတစ်ရက်၊ နှစ်ရက် လောက်နေမယ်၊ အခန်းပြပေးလိုက်ပါဦး"

ဒေါ်ခင်မိုးအသွင်က စိုးစိုးရွံ့ရွံ့။ ပြီး ... မီးကို မနှစ်သက်သည့်အကြည့်နှင့်ကြည့်၏။

"ဖြစ်ပါ့မလား ဆရာရယ် ... အိမ်မှာလည်း"

စကားကို တစ်ဝက်နှင့်ရပ်သွားရာ နေဟိန်းပိုပြီး စိတ်ပျ သွားရသည်။

"ဘာတွေဖြစ်နေကြတာလဲဗျာ ... သွား မီးကိုခေါ်သွား ခင်ဗျားတို့အခန်းဘေးမှာထားလိုက်၊ နေပါဦး ညို့ရော၊ ညို့ကို မမြင်ရသေးပါလား ... ဒီကောင်မလေး စိတ်ကောက်နေပြန်ပြီ လား၊ မိန်းကလေးတွေကိုခက်တယ်၊ အားအားရှိ စိတ်ကောက် ဖို့ပဲ ... ကျုပ်မောလာတယ်ဗျာ၊ အခန်းထဲသွားနားဦးမယ် ရော့ ... ဒီကုန်းဘောင်ကြီးကြော် ယူသွား ... ညို့ကိုကျွေး လိုက်"

ခြေသံပြင်းပြင်းနှင့် မီးနောက်ထပ်အထွန့်မတက်ရဲအော တမင်ပင် နေဟိန်း အပေါ်ထပ်သို့တက်သွားခဲ့လျှင် အခန်းထဲ ညို့ မျက်ရည်ကျနေရသည်။

ဦးလေးဟာ ငါ့ကိုနည်းနည်းမှ ဂရုမစိုက်ဘူး။ ငါ့ပြသ





ကြီးသာသိသွားရင် သတ်တောင်ပစ်မလားမသိဘူး၊ အနည်းဆုံး အိမ်ပေါ်ကနှင်ချမှာပဲ။

မီးကလည်း ငါ့ကိုမကြည့်ပါဘူးလေ။ မီးနဲ့သာယူဖြစ်ရင် ငါတော့ ဘယ်လိုနေရပါ့။

ဒေါ်ခင်မိုးခမျာ ဦးနေဟိန်း ညွှန်ကြားသည့်အတိုင်း သူတို့ အခန်းဘေးရှိ အခန်းသို့မီးကိုခေါ်သွားပြီး နေရာချထားပေးရ သည်။

ကျောပိုးအိတ်ထဲမှာ အဝတ် ၄-၅စုံထည့်လာသည့်မီးက ဦးနေဟိန်း၏ လှပခမ်းနားသည့် တိုက်ကြီးထဲမှာ ထာဝရနေသွား ရဖို့ လုံးပန်းမည်ဟု စိတ်ကူးနေ၏။

ဦးနေမှာ လောလောဆည် မိန်းမ မရှိဘူး။ ငါအပီလှုပ်ရှား ရမယ်။ အင်းလေ ... ခုဆို မလိမ့်တပတ်နဲ့ သူ့အိမ်ပေါ်တောင် ငါရောက်နေမှပဲ။

ငါ့ဘဝက မထူးပါဘူး။ ၁၆နှစ်လောက်က တစ်ခါခိုးရာ လိုက်ပြေးဖူးတယ်။ နောက် အန်ကယ့်မိန်းမ အန်တီက သူ့တူမ အရင်းမဟုတ်တိုင်း ငါ့ကို မြှူစား၊ မြှောက်စားခိုင်းနဲ့။

ဦးနေကိုသာရရင် အငယ်ဖြစ်ဖြစ်၊ အနှောင်းဖြစ်ဖြစ်၊ သူ ားရာနေ စေရာသွားလိုက်မှာပဲ။ သူက သဘောကောင်းတော



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို တိုက်ခန်းလေး၊ ကားလေးဝယ်ပေးမှာပဲ။

အတွေးနှင့် စိတ်ကူး ဖဲရိုက်ရင်း ကိုယ်နေရသည့်အခန်းထဲရှိ ခုတင်ပေါ်မှာ မီး လဲလျောင်းလိုက်သည်။

ပြီးမှ သတိရပြီး ရေမိုးထချိုးရသည်။ ညအိပ်ဝတ်စုံလှလှလေးဝတ်ပြီး လှလှပပဖြီးလိမ်းသည်။

ညို့အခန်းမှာလည်း ညိုနှင့်ဒေါ်ခင်မိုးတို့ အချေအတင်။ ဒေါ်ခင်မိုးက ညို့ကို ဦးနေဟိန်းဝယ်လာသည့် ကုန်းဘောင်ကြီးကြော်နှင့်အစားအသောက်များစားဖို့လာခေါ်ပေမယ့် ညိုမစားချင်။

"ဒီလောက်တောင် ထမင်းမစား၊ ဟင်းမစားနဲ့ငိုနေရင် ညိုဒုက္ခရောက်လိမ့်မယ်၊ ဆရာ့ကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဘယ်လိုမှမပြောနဲ့၊ သူမှာကိုယ့်ညှိသည်နဲ့ကိုယ် အလုပ်ရှုပ်နေရတာ၊ ကဲပါ ... ဒေါ်လေးရယ် သွားစမ်းပါ၊ ညို့ကို စိတ်ဆင်းရဲအောင် မလုပ်စမ်းပါနဲ့၊ ညိုအိပ်ချင်လို့ပါ"

အခန်းတံခါးကိုပိတ်ပြီး တိမ်မည်းညို ဖွတ်တရွတ်ဖြစ်နေလျှင် ဒေါ်ခင်မိုး မျက်စိမျက်နှာပျက်စွာ ပြန်ထွက်လာရသည်။

ခက်တာပဲ။ ဒီပြဿနာကို ငါဘယ်လိုကိုင်တွယ်ရပါ့။ အရေးထဲ မီးဆိုတဲ့ဟာမက တစ်မျိုး။





ရုပ်ကိုက လက်ရဲဇက်ရဲနှင့်။

ဒေါ်ခင်မိုး စိတ်ပျက်လက်ပျက်နှင့်မီးဖိုဘက်သို့ပြန်လျှောက်လာခဲ့စဉ် အပေါ်ထပ်မှာလည်း ဦးနေဟိန်း ပျာယာခတ်နေရသည်။

ခါတိုင်းလို ညို့အခန်းသို့လှမ်းကြည့်လိုက်ရာ အခန်းမှာ မည်သူမျှမရှိချေ။ သူ့ရင်ထဲထိတ်ခနဲဖြစ်သွားပြီး ဒေါ်ခင်မိုးရှိရာ အောက်ထပ်သို့ ဖုန်းလှမ်းဆက်လိုက်သည်မှာ ချက်ချင်းပင်။

"ဒေါ်ခင်မိုး ... ညိုဘယ်သွားလဲ၊ ညို့ကိုမတွေ့ပါလား"

"ညို ... ဒီနေ့ တော်တော်နေမကောင်းလို့ ဆရာဝန့်တောင်ခေါ်ရတယ်"

"ဘာ ... အဲဒါဘာဖြစ်လို့ ကျုပ်ကိုမပြောတာလဲ"

"ဆရာ့ဆီလှမ်းဆက်သားပဲ၊ ဆရာအစည်းအဝေးခန်းထဲမှာဆိုလို့"

"ကျွတ် ... ခက်တာပဲ အခု ညိုဘယ်အခန်းမှာလဲ ဆရာဝန်က သေသေချာချာကုပေးရဲ့လား ဘာရောဂါလို့ပြောသလဲ"

ဖုန်းထဲမှစုံနေအောင်မေးပြီး ပျာယာခတ်နေသည့် နေဟိန်းကို ဒေါ်ခင်မိုး မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဆရာကို အိမ်ခေါ်လာသည့်ကိုဖုန်းကြွယ်လိုပဲ၊ မီးကို အိမ်ခေါ်လာလို့ပါပင်။

''ကျွန်မ နားမလည်ဘူး ဆရာ ... သိချင်ရင် ဆရာဝန် ဆီသာ လှမ်းမေးကြည့်''

ဖုန်းကို လျှင်မြန်စွာချလိုက်ရသည်မှာ မီးဆိုသည့်မီးခဲမ အပြင်သို့ထွက်လာလို့ဖြစ်သည်။

ကြည့်ပါဦး ဝတ်ဆင်ထားလိုက်တာ။

လောကကြီးထဲမှာ ကျီးကန်းလို အစာကိုထိုးသုတ်ဖို့ပဲ စိတ်ကူးနေသည့် မိန်းမစားတွေလည်း ရှိလေမည်။

တနည်းအားဖြင့် အသေကောင်ကိုရှာနေသည့် လဒလို မိန်းမမျိုးပေါ့။

ညအိပ်ဝတ်စုံပါးပါးလှလှ ပန်းရောင်လေးနှင့်သိပ်လှနေသည့် မီးအသွင်က မွှေးကြိုင်လို့လည်းနေသေး၏။

သူက မထီမဲ့မြင်ရုပ်နှင့် ဒေါ်ခင်မိုးအနီးသို့ လျှောက်လာခဲ့၏။

''ဒေါ်ခင်မိုး ... မီးဆာလို့ တစ်ခုခုကျွေးပါ''

''အိမ်ရှင်ကိုပြောလေ ... အိမ်ရှင်က ခွင့်ပြုမှ တို့ကျွေးရဲမယ်''





''ကျွတ် ... အိမ်ရှင်က ဦးနေပဲ၊ ဦးနေအခန်းက ဘယ် မှာလဲ ... ပြော ဖုန်းဆက်လိုက်မယ်လေ''

ရဲရဲတင်းတင်းနှင့်ပင် မီး ဦးနေဟိန်းထံဖုန်းလှမ်းဆက်လိုက်၏။ ဒေါ်ခင်မိုး ရင်မပြီး ကြည့်နေရသည်။

''ဟဲလို ... ဦးနေ မီးဆာဘယ်ကွာ ... ညီ့သည်ကို ဒီလိုပဲ ပစ်ထားရသလားလို့၊ ဟွန့် ...''

''ဆာရင် မီးဗိုထဲမှာ ဒေါ်ခင်မိုးရှိတယ် ပြောလိုက်''

''အို ... ယူ့ဒေါ်ခင်မိုးက အိမ်ရှင်ပါမစ်ရမှ ကျွေးမယ် ဆိုလို့ လှမ်းခွင့်တောင်းရတာ၊ ထမင်းတစ်နပ်စားရဖို့ မလွယ်ဘူး နော်၊ ဟင်း ... ဟင်း ဦးနေ ဆင်းခဲ့ပါလားကွာ၊ ဘာလဲ ညစာ မစားတော့ဘူးလား၊ ယူ့သမီးတော်ရော ... ဘယ်တွေလျှောက်ကဲ နေသလဲ''

မီး၏စကားတွေက ကိုယ့်ကိုမလေးမစားဖြစ်နေလျှင် ဦးနေ ဟိန်း ကိုယ်တင်သည့်စစ်ထဲကို ကိုယ်ပြန်ချဖို့ စိတ်ကူးရတော့ သည်။

ဒီဟာမ မလွယ်။

''ဒီမှာ ... မီး စကားကို ဆင်ခြင်ပြော၊ ငါ့ကိုဘယ်လို မှတ်နေသလဲ ... အလုပ်ဖြုတ်ပစ်လိုက်ရမလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... ဦးနေကလည်း ဆေးရိုးနေ၁် ဘာတွေဖြစ်နေတာလဲ၊ ကောင်းပါပြီရှင် ... မီး ဆင်ခြင်ပါ့မယ်"

ပခုံးတွန့်ပြီး မီး ဒေါ်ခင်မိုးခေါ်ရာ မီးဖိုဆောင်သို့လိုက်သွား၊ ကျွေးတာစားလိုက်သည်။ ချက်ချင်းကြီး လှုပ်ရှားလို့မဖြစ်သေး။

ဟုတ်တာပေါ့။ ဦးနေဟိန်းသည် သူကြီးဆွဲရာကမည့် သူ ညွှတ်ကွင်းထောင်တိုင်း ဝင်တိုးမည့်လူဖျင်း၊ လူညံ့ကြီးမဟုတ်။ အချိန်ယူပြီး အကွက်ချကြံစည်ဖို့သာ မီးစိတ်ကူးလိုက်ရသည်။

"ညီ့ကို သူ့အခန်းသူပြန်နေဖို့ ပြောလိုက်ပါ၊ ဒေါ်ခင်မိုး"

"ပြောလို့မရဘူး ဆရာ၊ သူ့အောက်ထပ်မှာပဲနေတော့မယ်တဲ့"

"ဘာဖြစ်လို့လဲ ... သူဘာဖြစ်လို့လဲဗျာ၊ ဆရာဝန်ဆီလှမ်းမေးတော့လည်း အလုပ်ရှုပ်နေသလိုလိုနဲ့ ဖုန်းချသွားတယ်၊ ဘာဖြစ်တာလဲ ရောဂါက စိုးရိမ်ရလို့လား"

ဒေါ်ခင်မိုး မီးဖိုထဲမှာ သိမ်းဆည်းနေစဉ် ဦးနေဟိန်းရောက်ရှိလာပြီး မေးမြန်းစုံစမ်းနေခြင်းဖြစ်သည်။ မျက်မှောင်ကြီးကျုံ့ပြီး အလိုမကျဖြစ်နေပုံက အထင်းသား။

ညီ့နေသည့်အခန်းနှင့် မီးနေသည့်အခန်းက ယှဉ်ရက်မို့



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဟိန်း သွားမတွေ့ချင်။ သည့်နေ့တစ်နေ့လုံး ညို့ကိုမတွေ့ရ၊ မမြင်ရ၊ အခြေအနေတွေမသိရသေးသည်မို့ သူ့အသွင်က အိပ်မြောင်အမြီးပြတ်သည့်နှယ်။

"စိုးရိမ်ရတယ်ထင်ပါရဲ့ဆရာ ... အစာအိမ်မကောင်းဘူးဆိုလား၊ သားအိမ်မကောင်းဘူးဆိုလား"

"ဟာဗျာ ... တောက် ... "

ဘာပဲဖြစ်ဖြစ် သူမျက်နှာထားတင်းတင်းနှင့် ညို့အခန်းသို့သွားရ၏။ မီးက သူ့အခန်းတံခါးဖွင့်ပြီး ပြူးထေ့ထေ့နှင့်ကြည့်နေသည်။

"ညို ... ညို တံခါးဖွင့်စမ်း ... "

ည ၉နာရီကျော်ပြီး ၁၀နာရီပင်ထိုးတော့မည်။ နေဟိန်းမှာ လိပ်ဥပျောက်သည့်လိပ်မကြီးလို ကမူးရှူးထိုး။

အထဲမှ တုန့်ပြန်သံမကြားရလေ သူပိုပြီး စိတ်ပူလေဖြစ်ရသည်။

"ညို ... ငါဒေါသကို သိတယ်နော်၊ တံခါးဖွင့်စမ်း"

အထဲမှ မလှုပ်ပေမယ့် အခန်းပြင်မှာတော့ သူ့အနားသို့ ဒေါ်ခင်မိုးသားအမိနှင့်မီးတို့ စိုးရိမ်တကြီးမျက်နှာတွေနှင့် ရောက်ရှိလာကြသည်။





ဒေါ်ခင်မိုး အသံက တုန်တုန်ယင်ယင်။

"တံခါးဖွင့်လိုက်ပါ သမီးရယ် ... ဆရာ စိတ်ပူနေပြီ"

"မမညို ... တံခါးဖွင့်ပါ၊ အဲဒီအခန်းက အန်တီသိမ့်သေခါနီးနေတဲ့အခန်း"

စိုးငယ် လှမ်းခြောက်လိုက်မှ အခန်းတံခါးဖြုန်းခနဲပွင့်လာပြီး အခန်းထဲမှာ ရုပ်ပျက်ဆင်းပျက်ပျော့ခွေလဲကျသွားသည့် ညို့ကို နေဟိန်းတို့ စိုးရိမ်တကြီး တွေ့လိုက်ရသည်။

"ညို အကြောက်လွန်သွားပြီ ... "

ဦးနေဟိန်း မည်သူ့ကိုမှ မထောက်ထားနိုင်တော့ဘဲ ညို့ကို စိုးရိမ်စွာနှင့်ကောက်ပွေ့ချီလိုက်သည်။

"ဒေါ်ခင်မိုး ... ဆရာဝန်ဆီ ဖုန်းဆက် ... အခုပဲ လာခဲ့ပါလို့"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ ... စိုးငယ် နင့်အန်ကယ့်နောက်လိုက်သွား ... မမညို လိုအပ်တာလုပ်ပေးလိုက်"

"ဟုတ်ကဲ့ ... မေမေ ... "

သူတို့ဘာသာ အပေါ်ထပ်သို့ပျာယာခတ်မျှ သည်းသည်းလှုပ်မျှ ဂရုတစိုက်ခေါ်သွားလျှင် မီး ... မျက်မှောင်ကုတ်ပြီး အခြေအနေတွေ သိရအောင်လိုက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဟိန်းနဲ့ တိမ်မည်းညို့က ဘာလဲ။ မွေးစားသမီးဆိုပြီး ဂရုစိုက်လှချည်လား။ ကေန္တ တိတ်တိတ်ပုန်းများ ညားနေကြသလား။

ဒါဆိုရင်တော့ ငါကြားဝင်လို့ရမှာမဟုတ်တော့ဘူး။ အင်း၊ ဒါပေမဲ့ ငွေညှစ်လို့တော့ ရမယ်ထင်တယ်။

ဦးနေဟိန်းမှာလည်း သူ့ဇောနှင့်သူ။ ညို့ကို သူမ၏အခန်းထဲသို့ ပွေ့ချီခေါ်သွားပြီး ပြုစုပေးနေမိ၏။ မီးကို သတိပင်မရ။

သို့သော် သူတို့ဘေးနားမှာ စိုးငယ်နှင့်မီးတို့ ရှိနေခဲ့သည်။

နေဟိန်း နှုတ်မှ စိတ်မကောင်းခြင်းကြီးစွာဖြင့် ညည်းညည်းတွားတွား။

"ဒီကောင်မလေး တစ်နေ့လုံး ဘာမှမစားဘူးလား၊ အစာမရှိတာရော ကြောက်တာပါရောပြီး သတိမေ့သွားတာ ... ဆရာဝန်ကလည်း ကြာလိုက်တာ"

ညို့ သတိရအောင် နည်းမျိုးစုံဖြင့် ပြုစုပေးနေရင်းမှ မီးကို မြင်လိုက်လျှင် နေဟိန်းအော်ထုတ်ပစ်လိုက်သည်။

"နင်ကဘာလာရှုပ်တာလဲ၊ ကိုယ့်ပုံစံလည်းပြန်ကြည့်ဦးသွား ... ကိုယ့်နေရာကိုယ်နေ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဦးနေ"





ပြုံးတေ့တေ့နှင့် သူ့ကိုလှောင်ပြီး အောက်ပြန်ဆင်းသွားသည့် မီးကြောင့် နေဟိန်းဒေါသတွေ အလိပ်လိုက်ထွက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်၏ကား အိမ်ရှေ့သို့ရောက်လာလျှင် အသင့်စောင့်နေရသည့် ဒေါ်ခင်မိုး ဆီးပြီးနှုတ်ပိတ်ရ၊ တောင်းပန်ရပါသည်။

"ဆရာ ... ညို့အကြောင်း သူ့မွေးစားဖခင်ကိုမပြောပါနဲ့ဦးနော်၊ ပြဿနာတွေ မိုးမီးလောင်ကုန်လိမ့်မှာမို့ပါ၊ ခဏလောက် အခြေအနေတွေထိန်းထားပေးပါဦးနော်"

"သူမေးတော့ ကျုပ်ဘယ်လိုဖြေရမလဲဗျ"

"ဒါတော့ဆရာ သင့်တော်သလို ဖြေထားပါ၊ ကျွန်မအနူးအညွတ်တောင်းပန်ပါတယ်ဆရာရယ် ... ညို့ သိပ်သနားဖို့ကောင်းလို့ပါ"

"ကျွတ် ... ကျုပ်က ဦးနေဟိန်းရဲ့ဆရာဝန်ဗျ၊ သူကအုပ်ထိန်းသူပဲ၊ သူသိသင့်တယ်လို့ ကျုပ်ထင်တယ်၊ နောင်တချိန်ကျမှ ကျုပ်ကို သူအထင်အမြင်လွဲသွားရင် မကောင်းဘူးဗျ"





"ဟုတ်ပါတယ် ဆရာရယ် ... ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ လူမှုရေးရှုထောင့်အရ"

"ကောင်းပြီလေ ... ကျုပ်ပါရောညာပေးပါ့မယ်၊ ကျေနပ်ပြီလား၊ တစ်ခုတော့ရှိတယ်နော် ... ကျုပ် လူမိုက်အားပေးမလုပ်နိုင်ဘူး၊ ခင်ဗျားတို့ ညိုကဟုတ်ရောဟုတ်ရဲ့လား၊ ကျုပ်မြင်ရတာတော့ ထောင့်မကျိုးဘူး၊ မွေးစားဖခင်ကို သူဂရုမစိုက်ဘူး၊ အလေးမှမထားဘဲ"

"ဒီလိုလည်းမဟုတ်ပါဘူး ဆရာရယ် ... ဆရာနားလည်မှုလွဲတာပါ၊ ညို့ခမျာ သနားစရာပါရှင်"

နှစ်ယောက်သား အပေါ်ထပ်သို့တက်ခဲ့ကြရာ ဦးနေဟိန်းညို့အခန်းရှေ့မှထွက်ပြီး ကြိုဆိုနေခဲ့သည်။

"ဒေါက်တာ ညို့ကိုသေသေချာချာ ချက်(ခ)လုပ်ပေးပါဗျာ၊ မနက်ဖြန် ဆေးခန်းလာခဲ့ရမလား၊ သူ့ကြည့်ရတာ အရမ်းအားနည်းပြီး အားလည်းငယ်နေသလိုပဲဗျာ"

"ဒီလိုပဲလေ၊ ဒီအချိန်မှာ ဒီလိုပဲဖြစ်တတ်တာပေါ့"

"ဗျာ"

သတိကောင်းစွာမရသေးဘဲ ညိုညည်းညူနေလျှင် ဆရာဝန်မှာ လူနာကို ကောင်းစွာကုသရသည်။ ဦးနေဟိန်းနှင့်စကားမပြောဖြစ်သေး။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည့်ကုသမှုများပြုလုပ်ပြီးတော့ ညသုံးနာရီရှိပေပြီ။

ဦးနေဟိန်း ဆရာဝန်ကို ကိုယ်တိုင်အောက်သို့ လိုက်ပို့ပေးရင်း ညို့ရောဂါအခြေအနေကို မေးသည်။

''ညို့မှာရောဂါကြီးကြီးရှိသလား။ ဒေါက်တာဒီကောင်မလေးဟာ သနားစရာပါ ဒေါက်တာရယ်၊ မိဘမဲ့လေး သည်ကြားထဲ ကျွန်တော့်ပယောဂကြောင့် သူ့ဖခင်သေဆုံးသွားသလိုဖြစ်ခဲ့ရတော့ သူ့ကိုကျွန်တော် ဥပါယ်တမည်နဲ့ မွေးခဲ့ရတာပါ''

''ဘယ်လို ... သူ့ဖခင်က ဘယ်လိုသေခဲ့လို့လဲ''

''ဪ ... ဒီလိုပါ ဒေါက်တာ၊ အဲဒီရက်ပိုင်းတွေတုန်းက ကျွန်တော်ကလည်း သိမ့်ကိုလွမ်းမပြေဆိုတော့ မူးရူးလေလွင့်နေမိတယ်ပေါ့ဗျာ၊ အဲဒီနေ့က ကျွန်တော်နဲ့အပေါင်းအသင်း သုံးယောက် ခပ်ထွေထွေနဲ့ ကားမောင်းလာကြရင်း ကားလမ်းပေါ်မှာ သူတို့သားအဖကို တိုက်မိတယ်ပေါ့ဗျာ၊ မောင်းတာကတော့ ကျွန်တော် မဟုတ်ပါဘူး ... ဒါပေမဲ့ ကျွန်တော်လည်း ကားပေါ်မှာပါခဲ့တယ်လေ''

''ကားတိုက်မိမှန်းတောင် မသိပါဘူး၊ မောင်းတဲ့လူက ကားရပ်မပေးဘဲ ဣန္ဒြေမပျက် ဆက်မောင်းသွားတော့ ကျွန်တော်လည်း ပါသွားတာပဲလေ၊ နောက်မှ စကားစပ်မိကြတော့မှ လူတစ်ယောက်တိုက်မိခဲ့ကြတဲ့အကြောင်းပေါ်တယ်၊ ကျွန်တော်စုံ





စမ်းကြည့်တော့ ညိုဒုက္ခရောက်နေတာ တွေ့ရတယ်၊ ဖခင်ဆုံးပါးသွားတာ သိရတယ်၊ ကျွန်တော့်စိတ်ထဲ လိပ်ပြာမသန့်ဘူးပေါ့ဗျာ၊ ကားမောင်းသူမဟုတ်ပေမယ့် ကိုယ်လည်းကားပေါ်ပါတာကိုး။ ပြီး ... အဲဒါ ကျွန်တော့်ကားလေ''

သူ အဘယ်ကြောင့် ဆရာဝန်ထံမှာ ဝန်ခံချက်တွေပေးမိမှန်းမသိပေမယ့် ရင်ထဲမှာ ပေါ့သွားခဲ့သည်။

လပေါင်းများစွာ သိုသိပ်လျှို့ဝှက်ထားသည့် ဒုစရိုက်မှုကြီးမို့ သူ့ရင်ထဲမှာ လေးလံလှပေပြီ။

''အေးဗျာ ဘာပဲဖြစ်ဖြစ် တိမ်မည်းညိုအပေါ် ခင်ဗျားခုလို တာဝန်ယူထားတော့ အပြစ်တွေကျေတန်သလောက်ကျေ၊ ပြေတန်သလောက်ပြေတာပေါ့လေ၊ စိတ်ကိုဖြေပါဗျာ ကားမောင်းသူက ကိုယ်မှမဟုတ်ဘဲ''

နှစ်ယောက်သား ဆရာဝန်၏ကားနားမှာ စကားတွေပြောဖြစ်နေကြလျှင် ညှိခန်းနားမှောင်ရိပ်မှာရပ်နေသည့် မီးအလုံးစုံကြားလိုက်ရသည်။

ဪ ... ဒီလိုကိုး။ ဒါကြောင့် ဦးနေဟိန်းဟာ ညို့အပေါ် အပြစ်တွေမမြင်နိုင်ဖြစ်နေရတာပဲ။ ဝင့်ကြွေးတွေပေးဆပ်နေတာပေါ့လေ။

ဒီကိစ္စတွေ တိမ်မည်းညို သိမှာမဟုတ်သေး။ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သဘောထားတွေကွဲလွဲအောင် သူမခလောက်ဆန်ရပေမည်။ ရင်ထဲမှာ ကြိတ်ပြုံးရင်း မီး သူ့အခန်းထဲသို့ ဖျတ်ခနဲဝင်ရောက်ပျောက်ကွယ်သွားလေမှ ဦးနေဟိန်း အိမ်ထဲသို့ပြန်ဝင်လာခဲ့သည်။

ညသန်းခေါင်ရောက်တော့မှာပေမယ့် အိမ်မှာမငြိမ်းချမ်းသေး။ နေဟိန်း ညို့ရှိရာ ညို့အခန်းသို့ပြန်ဝင်လာခဲ့လျှင် သူမအနားမှာ အိပ်ငိုက်စောင့်နေသည့် ဒေါ်ခင်မိုးကိုတွေ့လိုက်ရသည်။

"ဒေါ်ခင်မိုး သွားပါ ... နားပါ၊ ကလေးကို ကျွန်တော်ပဲစောင့်လိုက်ပါ့မယ်"

"ရပါတယ်ဆရာ ... ကျွန်မ စောင့်ပါ့မယ်"

"သွားပါ ဒေါ်ခင်မိုးက မနက်ဖြန်အလုပ်တွေလုပ်ရဦးမှာ"

သူ တိုက်တွန်းလွန်းမှ ဒေါ်ခင်မိုး ထွက်ခွာသွားခဲ့သည်။ နေဟိန်း သက်ပြင်းတစ်ချက်ချပြီး မျက်နှာလေး ညှိုးပြီးအိပ်ပျော်နေရှာသည့် ညို့အနီးမှာ ဒရင်းဘတ်(ခ)ရွှေ့ပြီး စောင့်နေမိသည်။

မကြာမီ သူလည်း အိပ်ပျော်သွားတော့သည်။



သည်နေ့ ခေါင်းကိုက်လို့ဆိုပြီး မီးအလုပ်မဆင်းချေ။

ညိုလည်း နေထိုင်မကောင်းသဖြင့် ကျောင်းမတက်နိုင်ပါ။ ဒေါ်ခင်မိုးနှင့်စိုးငယ်တို့သားအမိမှာလည်း အိမ်အလုပ်တွေနှင့်မနားရချေ။

ခြံထဲရှိ မြက်ခင်းပြင်ဘေးမှာ ကုလားထိုင်လေးတစ်လုံးချပြီး ညို ငေးငိုင်နေမိသည်။ မွန်းကြပ်ရှုပ်ထွေးလှသည့် ကိုယ့်ဘဝအတွက် သူမအဖြေထုတ်လို့မရသေး။

မီး သူ့အခန်းထဲမှလှမ်းကြည့်ပြီး ညိုရှိရာသို့ဆင်းလာခဲ့လေသည်။

"ညို ... နေလို့သက်သာရဲ့လား၊ ဒီမနက် ဆရာဝန်မလာဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်နေသည့်မျက်နှာနှင့် မီး ရွှန်းရွှန်းဝေနေရာ ညို အလိုက်အထိုက် ပြန်ဖြေရသည်။

''သောက်ဆေးတွေပေးထားပါတယ်၊ ညနေမှလာမလား မသိဘူး''

ညို့ဘေးနားမှ ကုလားထိုင်တွင် မီးဝင်ထိုင်လိုက်၏။ ဂါဝန် အပြာကွက်လှလှလေးနှင့် ချောမောလှပနေသည့်ညို့ကို မီးမနာ လိုစွာ ကြည့်မိသည်။

မိဘမဲ့ချင်းအတူတူ သူ့မှာတော့ အဆင်ပြေလိုက်တာ။ ဟင်း ငါ့ဘဝကျ စုတ်ပြတ်သတ်နေတာပဲ။ ကုသိုလ်ကံချင်း ကွာ လိုက်တာ။

''မီးရော နေမကောင်းရင် ညို့ဆေးတွေယူသောက်ပါ လား''

''ရပါတယ် ... ဦးနေက ညို့ကို တော်တော်သံယောဇဉ် ရှိတယ်နော်''

မီး စကားစလိုက်လျှင် ညိုအလိုက်အထိုက်ပြောရသည်။

''ဒါတော့ လူဆိုတာ အိမ်မှာမွေးထားတဲ့ခွေးတွေ၊ ကြောင် တွေတောင် သံယောဇဉ်တွယ်တတ်ကြတာပဲလေ ... ဘာလဲ မီးက ညိုတို့ကို ဘယ်လိုထင်လို့လဲ''





''အို ... မဟုတ်ပါဘူး၊ မဟုတ်ပါဘူ မညိုရယ်၊ မီးက သဘောရိုးနဲ့ပြောတာပါ၊ ဒါထက် စပ်စုတယ်မထင်နဲ့နော်၊ ညို့ ဖခင်သေဆုံးရတာကားတိုက်လို့ဆို၊ အဲဒီကားသမားသာ လူစိတ် ရှိမယ်ဆိုရင် ညို့ဖေဖေ သေချင်မှသေမှာနော်''

မီးက သူမအကြောင်းတွေသိလို့ပါလား။ ညိုအံ့အားသင့် ပြီး ကြည့်နေမိ၏။ ဘာစကားမှဝင်ပြီး မပြောဖြစ်ပါ။

''မီးသာဆို ကိုယ့်ဖခင်ကို တိုက်သွားတဲ့အဲဒီကားသမား ကို ရေမြေဆုံးတဲ့အထိလိုက်ရှာပြီး အပြစ်ပေးမှာပဲ''

''ညိုလည်း ဒီလိုပါပဲ၊ ခက်တာက ကားသမားကိုရှာလို့ မရဘူးလေ၊ ကားသမားက တခြားမြို့ကထင်ပါတယ်''

ညိုတွေးတွေးဆဆနှင့် ခပ်ငေးငေးပြောလျှင် မီးစိတ်ထဲမှ ဘီလူးပြုံး ပြုံးလိုက်၏။

''ညို ယုံချင်မှယုံမှာ မီးတောင် ဒီအကြောင်းတွေကြား လိုက်ရတော့ မယုံချင်ဘူး၊ ဦးနေ ... ဒီလောက်လူစိတ်မကင်းမဲ့ ဘူးလို့ မီးစိတ်ထဲမှာ ငြင်းခုန်နေမိတယ်''

''ဟင် ... မီး ... မီးဆိုလိုတာက ... ''

ညို အလန့်တကြားနှင့် မျက်စိမျက်နှာတွေပျက်နေလျှင် မီးက စိတ်မကောင်းသည့်ဟန်နှင့် လေးလေးနက်နက်ပြောချွဲ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်တယ် ... ညို့ဖေဖေကို ကားနဲ့တိုက်မိတာ ဦးနေပဲ"

"ဘာ ... "

"မီးလည်းကြားခါစက မယုံပါဘူး ... ဒါပေမဲ့ သူ့ပယောဂကြောင့် ညို့ဖေဖေသေဆုံးသွားခဲ့ရတော့ ညို့ကို တစ်ဖက်ကလှည့်ပြီး တာဝန်ယူခဲ့တာပဲ ... ညိုမယုံရင်ဦးနေကို ဖွင့်မေးလိုက်ပါလား။ သူက ညို့ကိုစေတနာရှိလို့ မဟုတ်ဘူး၊ သူ့အပြစ်တွေကျေအောင် မမွေးချင်ဘဲမွေးလိုက်ရတာ"

"အို ... မဖြစ်နိုင်တာ၊ မီးကဘာလို့ဒီအကြောင်းတွေ သိနေရတာလဲ၊ သူပြောပြလို့လား"

"သူကတော့ မပြောပါဘူး၊ ဒါပေမဲ့ သူတို့အချင်းချင်း ပြောနေကြတာကို မမျှော်လင့်ဘဲကြားခဲ့ရတာပါ၊ ညိုယုံချင်မှ ယုံပါလေ ... မီးလည်း လစ်တော့မယ်၊ ဦးနေကြည့်ရတာ မှု မမှန်ဘူး၊ ကြောက်တယ်"

"ဘာကိုမှုမမှန်တာလဲ"

"ဩော် ... သူ့ကိုပြောကြတယ်လေ၊ ဟို မိန်းမလိုက်စား သူရယ်လို့ပေါ့၊ အပြင်ဗန်းကကြည့်ရင် ဣန္ဒြေကြီးနဲ့ပေမယ့် အင်၊





အန္တရာယ်ကြီးတယ်လေ"

"ဟင် ... ရှင် ... ရှင် ဦးလေးကို ဘာဖြစ်လို့ဒီလောက် ချိုးချိုးနှိမ်နှိမ်ပြောရတာလဲ"

ညိုနှင့်ဦးနေဟိန်း၏ကြားမှာ သပ်ကြီးကြီးလျှိုပြီးပြီမို့ မီး ပခုံးတွန့်ကာ သည့်အိမ်မှထွက်ခွာဖို့ ပြင်လိုက်သည်။

"မယုံလည်းနေပေါ့ညို ... တို့တော့လစ်ပြီ၊ ယူလည်း သတိထားနော်၊ မွေးစားသမီးဆိုတာ သမီးရင်းမဟုတ်ဘူး၊ တချို့ ဒီလိုပဲ မွေးပြီးစားပစ်တာပဲ"

ဦးနေဟိန်းကို ကပ်မရသည့်အခါ၊ မစားရသည့်အမဲ သဲနှင့်ပက်ပြီး ... မီး သည့်အိမ်မှ ထွက်ခွာသွားတော့သည်။

ရင်ထဲမှာ မီးဟုန်းဟုန်းတောက်လောင်ရင်း သံသယတွေ နှင့် ကျန်ခဲ့ရသူမှာ တိမ်မည်းညိုပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ကို ကားနဲ့တိုက်သွားတာ ဦးနေဟိန်းတဲ့။ မီးပြောတာမှန်သလား။ ဦးလေးကို ငါဖုန်းဆက်ပြီးမေးကြည့်ရင်ကောင်းမလား။ သူကရော အမှန်အတိုင်းပြောပါ့မလား။

တိုက်ရှေ့မြက်ခင်းပြင်ကိုငေးရင်း တိမ်မည်းညိုစိတ်တွေ ဗလောင်ဆူနေရ၏။

ဖေဖေ သူ့ကြောင့်သေရပြီးမှ အာပတ်လွတ်အောင် ငါ့ကို မွေးထားတာပေါ့။ ဒီကြားထဲ စိမ့်လက်ကလွတ်အောင် ငါ့ကို စာရွက်ပေါ်က သတို့သမီးလုပ်နိုင်းသေးတယ်။

ဦးလေးဟာ သေသင့်သူပဲ။

ဟာ မဟုတ်သေးဘူး။ အဖြစ်မှန်တွေ မသိရသေးဘဲနဲ့ ငါ ဘယ်လိုဆုံးဖြတ်ရမှာလဲ။





ကိုယ့်ဘဝကလည်း ဘယ်လိုဖြစ်တည်လာမှန်းမသိသည့် ကိုယ်ဝန်က တစ်ဒုက္ခ။ တိမ်မည်းညို ရှုးချင်လာသည်။

ဦးနေဟိန်းဟာ သူမကိုစောင့်ရှောက်ခဲ့၊ မွေးစားခဲ့သူမို့ သံယောဇဉ်ရှိတာကတစ်ပိုင်း။ ဖေဖေ့ကိုကားနှင့်တိုက်သူကို မုန်းတာက တစ်ပိုင်း။

ဖေဖေသေရတာ သူ့ကြောင့်သေချာလား။ ရင်ထဲမှာ မတင်မကျနှင့်ခံစားရလွန်းသဖြင့် ညနေ ဦးနေဟိန်းပြန်လာလျှင် ပြောင်ဖွင့်မေးပစ်ဖို့ ညိုစိတ်ကူးလိုက်သည်။

အဖြူ။ အမည်းသဲကွဲမှ သူမစီရင်ချက်ချတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

နေဟိန်း ခုတလော အလုပ်လုပ်ရတာအဆင်မပြေ။ စိတ်တွေလေးလံ ဖိစီးနေရသည်။

ကားတိုက်မိသည့်ကိစ္စကို ညိုသိသွားပါက သူတို့နှစ်ယောက်အဖြစ်သည် ပို၍ဝေးကွာသွားလိမ့်မည်။

ဗူးတစ်ရာအပေါက်ကိုပိတ်လို့ရမည်။ လူ့ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်လို့မရတဲ့။ သူ ဒေါက်တာကိုဖွင့်ပြောမိတာ မှား၊သလား။

ဒေါက်တာ့ကို သေသေချာချာနှုတ်ပိတ်နိုင်းဦးမှပါပဲ။ အင်၊ ညို့ကြည့်ရတာလည်း နွမ်းဖျော့ချူချာလိုက်တာ၊ ငါ့ကိုအသိမပေ၊ဘဲ ဘာရောဂါတွေဖြစ်နေကြသလဲ။





ဒေါ်ခင်မိုးတော့ သိမှာပဲ။ ဒေါက်တာကတော့ အကြောင်းကြောင်းကြောင့် ငါ့ကိုရောဂါမပြောသေးတာဖြစ်ရမယ်။

အတွေးတွေနှင့်နေဟိန်း စိတ်ရှုပ်နေရစဉ် သူ့ရုံးခန်းထဲသို့ ရဲရင့်ဆွေ ဝင်လာခဲ့သည်။

"ဖေဖေ လွှတ်လိုက်လို့ပါ အန်ကယ် ... အန်ကယ် မန္တလေးမှာ ကုမ္ပဏီခွဲထပ်ဖွင့်ဖို့ကိစ္စ အားလုံးအဆင်ပြေနေပါပြီ၊ ဖွင့်ပွဲကို အဆင်ပြေတဲ့ရက်လုပ်ဖို့ အားလုံးစီစဉ်ထားပါတယ်"

"သြော်ကွာ ... ဖုန်းနဲ့အကျိုးအကြောင်းပြောလည်း ရတာပဲ"

"အန်ကယ့်ကို မလေးစားရာရောက်မှာစိုးလို့ပါ၊ ကျွန်တော်လည်း အလုပ်ကိစ္စရှိလို့ ရန်ကုန်ဆင်းလာရင်း ... "

"ရပါတယ် ... ကိုယ်က မောင်ရဲရင့်ဆွေတို့သားအဖကို အားနာလို့ပါ၊ ကဲ ... ဒါဆိုလည်း အိမ်မှာပဲလိုက်တည်း၊ ဟိုတယ်တွေ၊ ဘာတွေမှာတည်းမနေပါနဲ့တော့"

"ဟုတ်ကဲ့ပါခင်ဗျာ ... အန်ကယ်အဆင်ပြေသလိုလုပ်ပါ"

ရဲရင့်ဆွေ၏ ချောမောလှပပြီး ဖျတ်လတ်သွက်လက်သည့် ကိုယ်ဟန်ကိုကြည့်ရင်း ဦးနေဟိန်း စိတ်ကူးတစ်ခုရလိုက်သည်။ အဲဒါကတော့ ညိုနှင့်သူ ချောင်းသာမှာငြိခဲ့သလား၊ မငြိခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား သိချင်လို့ပါပဲ။

ဦးမြထူးနှင့်ရဲရင့်ဆွေ၊ ညို ...

သုံးယောက်မှာ ညိုက မပတ်သက်ကြောင်းလုံးဝငြင်းပြီး၊ ဦးမြထူးကတော့ ငြိခဲ့သယောင် စွပ်စွဲသည်။

ရဲရင့်ဆွေတစ်ယောက်ပဲ မေးဖို့ကျန်တော့၏။ သည်ကိစ္စဟာ နေဟိန်းအတွက်တော့ ကမ္ဘာပေါ်မှာအရေးကြီးဆုံးကိစ္စပဲ။

သူကိုယ်တိုင်မေးလို့တော့မဖြစ်။ ဦးမြထူးကိုပဲ ပရိယာယ်နှင့်မေးမြန်း၊ စုံစမ်းခိုင်းရမည်။ အိုလေ ကိုယ်တိုင်ယဉ်ယဉ်ကျေးကျေးမေးတာပဲကောင်းမယ်ထင်တယ်။

''အန်ကယ်က သမီးရှင်ဆိုတော့ မောင်ရဲရင့်ဆွေလို အရည်အချင်းရှိတဲ့လူငယ်မျိုးကို သဘောကျတာအမှန်ပဲ၊ ဦးတင့်ဆွေကလည်း တစ်ခါစကားကမ်းလှမ်းပြီး ငြိမ်ချက်သားကောင်းနေလိုက်တာ၊ မောင်ရဲရင့်ဆွေအနေနဲ့ကရော ညို့ကိုသဘောမကျဘူးလား''

ရောက်လာသည့်ကော်ဖီခွက်ကိုရှေ့တိုးပေးလိုက်ပြီး၊ နေဟိန်းရယ်ရယ်မောမောနှင့် စကားစလိုက်၏။ ရဲရင့်ဆွေအမူအရာက ရှက်ယောင်ယောင်။

''ဟာ ... အန်ကယ်ကလည်း ... ''





''မောင်တို့သဘောကျရင်တော့ ညိုဘွဲ့ရရင် စီစဉ်ပေးရမှာပေါ့လေ၊ ကိုယ်လည်း ကိုယ့်အတွက် စီစဉ်ရဦးမယ်''

''အန်ကယ်ရော လက်ထပ်ဖို့ စိတ်မကူးတော့ဘူးလား၊ အန်ကယ့်အသက်ငယ်ပါသေးတယ် ... ခရီးလေး ဘာလေးထွက်၊ သင့်တော်မယ့်သူနဲ့လက်ထပ်ဆိုရင် အန်ကယ်ဘဝအများကြီးစိုပြည်သွားမှာ ... ''

''မောင်ရဲရင့်ဆွေတို့ ချောင်းသာခရီးသွားကြတာ တော်တော်ပျော်ဖို့ကောင်းသလား၊ အန်ကယ်လည်း ချောင်းသာသွားရင်ကောင်းမလား ... ငပလီသွားရကောင်းမလား၊ တစ်ခုခုစဉ်းစားနေတယ်''

''ဘယ်နေရာသွားသွား ကိုယ့်ချစ်သူနဲ့သွားရင် ပိုပျော်ဖို့ကောင်းမှာပေါ့၊ ချောင်းသာကတော့ နီးတယ်လေ၊ အန်ကယ်ဟန်နီးမွန်းကျမှသွားပေါ့''

ဦးနေဟိန်းမှာ ရဲရင့်ဆွေနှင့်ညို့အခြေအနေကို ကြားချင်လို့စကားတွေရှည်နေရပေမယ့် အဖြေက ထွက်မလာ။ ဘယ်လိုပဲနှိုက်ထုတ်ထုတ် လိုရင်းသို့မရောက်။ နေဟိန်း သက်ပြင်းချရသည်။

ဦးမြထူးကိုပဲ တာဝန်ပေးရတော့မည်။ အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို သူသင်ပေးရမှာပေါ့။

"မောင်ရဲရင့်ဆွေ အန်ကယ့်အခန်းမှာ ခဏကျန်ခဲ့နော်၊ ဖြစ်တယ်မလား၊ အန်ကယ် ဒီနေ့ချိန်းထားတာရှိလို့ နာရီဝက်လောက်ပါ၊ ပြီးရင် ပြန်ကြမယ် ... အိမ်မှာ ညီလည်း သိပ်နေမကောင်းဘူး"

"ဖြစ်ပါတယ် အန်ကယ် ... သွားပါ ကျွန်တော်စောင့်နေလိုက်မယ်"

ရဲရင့်ဆွေကိုထားခဲ့ပြီး နေဟိန်းအပြင်ထွက်လာခဲ့သည်။ ဦးမြထူးကို အကျိုးအကြောင်းပြောပြလိုက်ပြီး ရဲရင့်ဆွေဆီလွှတ်လိုက်၏။ အခြေအနေတွေအားလုံးသိချင်သည်မို့ ဦးနေဟိန်းအသံဖမ်းထားဖို့ စီစဉ်ပြီးသား။



အပြင်မှ ဦးနေဟိန်းပြန်လာတော့ သူ့အခန်းထဲမှာ ရဲရင့်ဆွေကိုမတွေ့ရတော့။ ဦးမြထူးကသာ သူ့ကိုဆီးပြီး အစီရင်ခံခဲ့သည်။

"ရဲရင့်ဆွေတော့ အရမ်းစိတ်တွေဆိုးပြီး မန္တလေးတန်းပြန်မလား၊ ဟိုတယ်တစ်ခုခုမှာတည်းမလားပဲ၊ ဆရာနားထောင်ကြည့်ပေတော့"

"ဟုတ်ပြီ ... ဟုတ်ပြီ ဦးမြထူးသွားတော့၊ မရှင်းတာရှိမှ ထပ်မေးမယ်"

အသံဖမ်းစက်ကိုဖွင့်ပြီး နေဟိန်းနားထောင်ကြည့်လိုက်သည်။

"မောင်ရဲရင့်ဆွေ ရောက်နေတယ်ဆိုလို့"

♥ ရွှေစကားစာစဉ် ♥

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဦးမြထူး နေကောင်းလား"

"ကောင်းပါတယ် မောင်ရင်လည်း ပျောက်နေလိုက်တာ တစ်လကျော်ပြီနော်"

"ဟုတ်တယ် ... ဟိုမှာအလုပ်တွေများနေတာနဲ့၊ မန္တလေးမှာ ဖေဖေနဲ့ အန်ကယ်တို့ ကုမ္ပဏီတစ်ခုထပ်ဖွင့်ဖို့ စီစဉ်နေကြတော့ ကျွန်တော်လည်း အလုပ်များတော့တာပေါ့"

"ညို့ကို သွားမတွေ့ဘူးလား ... သူ မောင်ရဲရင့်ဆွေကို မျှော်နေရှာတယ် ... "

"ဗျာ ... ဟုတ်လို့လား ... ညိုနဲ့ကျွန်တော် အဆင်မပြေကြဘူး ... အဆက်အသွယ်မရှိကြဘူးလေ ... ဒါပေမဲ့ အခု ညိုတို့အိမ်မှာသွားတည်းမှာပါ ... "

"အင်း ... ညို့ခမျာ သနားစရာပဲ"

"ဟင် ... ညို ဘာဖြစ်လို့လဲ ဦးမြထူး"

အသံ အတန်ကြာတိတ်ဆိတ်နေပြီးမှ ခပ်ဆိုင်းဆိုင်းဖြေသံကြားလိုက်ရသည်။

"ညို့မှာ ညို့မှာ ကိုယ်ဝန်ရှိနေတယ်တဲ့"

"ဗျာ ... "

"ညိုက ဘယ်သူနဲ့လို့မပြောတော့ ဆရာလည်း ခွကျနေ





တယ် ... မောင်ရဲရင့်ဆွေက ညိုနဲ့ချောင်းသာကိုသွားဖူးတော့"

"တော် ... တော် ... ဦးမြထူး ... ခင်ဗျားစကားတွေလွန်လာပြီ ... ကျွန်တော် မိကောင်းဖခင်သားသမီးပါဗျ ... သူများသားသမီးကို မတရားမလွန်ကျူးဘူး ... လွန်ကျူးမိရင်လည်း တာဝန်မမဲ့ဘူး ... ကိုယ့်တာဝန်ကိုယ်ယူမှာပါ ... နေစမ်းပါဦး ... ညိုက ကျွန်တော်ပါလို့ စွပ်စွဲလို့လား"

"ဒီလိုတော့ မပြောပါဘူး"

"ပြီးရောပေါ့ဗျ ... ကာယကံရှင်ကတောင် မဟုတ်လို့ မစွပ်စွဲတာ ... ခင်ဗျားက ကြားထဲက အနေသာကြီးပါ ... ဘာလဲ သခင်အားရ ကျွန်ပါးဝဆိုသလို ဦးနေဟိန်းက ခင်ဗျားကို စွပ်စွဲခိုင်းတဲ့စကားတွေလား ... တောက်"

"ဆရာ့အပေါ် အထင်မလွဲပါနဲ့မောင်ရင် ... ဦးလေးက ချောင်းသာကို အတူလိုက်ဖူးတော့ တရားခံဟာ မောင်ရင်များလားလို့ပါ ... "

"လာပြန်ပြီဗျာ ... ခရီးအတူသွားမိတိုင်းသာ စွပ်စွဲရရင် အဲဒီခရီးမှာ တခြားကောင်လေးနှစ်ယောက်လည်း ပါတာပဲဗျ၊ သူတို့ကိုလည်း သွားပြောပါလား"

"ဒါပေမဲ့ ... အဲဒီညက မောင်ရင် အခန်းထဲကထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ဦးလေးတွေ့ပါတယ်''

''ဟား ... ဟား ... ဟား ... ဟား ... အဲဒါပေါ့ဗျ၊ ယုန်ထောင်ကြောင်မိဆိုတာ ... ဦးမြထူးရယ် ခင်ဗျားက ကျွန်တော့်ကိုပဲမြင်သလား ... ဟိုနှစ်ယောက် သူတို့အတွဲတွေနဲ့ ချိန်းတွေ့ကြလို့ ကျွန်တော်က လူငယ်ပီပီ နောက်ကလိုက်ချောင်းတာဗျ ... သိရဲ့လား ... သူတို့စုံတွဲတွေကို လိုက်ချောင်းတာ၊ ခင်ဗျားဗျာ ... ကိုယ့်အခန်းထဲက အကုန်လုံးပျောက်နေတာ တော့မမြင်ဘဲ၊ ကျွန်တော်တစ်ယောက်ထဲပဲ ကွက်မြင်ရသလား''

အသံများ ခေတ္တတိတ်ဆိတ်သွားပြီးမှ ဝုန်းခနဲထရပ်သံ ကြားလိုက်ရသည်။

''တော်ပြီ ... ကျွန်တော် ခါးခုတ်ရာဝင်ပြီး လက်မလျှို နိုင်ဘူး ... ဦးနေဟိန်းတို့အိမ်မှာလည်း မတည်းတော့ဘူး ... တကယ့်ပြဿနာပဲဗျာ ... ဟိုတယ်ရောက်မှ သူ့ဆီဖုန်းဆက် လိုက်တော့မယ် ... ''

အသံများတိတ်သွားသဖြင့် နေဟိန်း အဖြစ်အပျက်ကို ပြန်တွေးကြည့်လိုက်သည်။ ညိုနှင့် ရဲရင့်ဆွေ ဘာမှမသက်ဆိုင် တာသေချာသဖြင့် သူ့ရင်ထဲ ရှင်းသွားပြီး ပေါ့ပါးသွားလိုက်တာ ဘာနှင့်မှ နှိုင်းလို့မရပေ။





ညို ကျန်းမာသွားအောင် ခရီးလေး ဘာလေး ထွက်ပေး ရရင်ကောင်းမလား။ ဆရာဝန်နှင့်တိုင်ပင်ပြီး ဆောင်ရွက်ဖို့ နေဟိန်း ဆုံးဖြတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

နေဟိန်းကား ခြံထဲသို့ဝင်ခဲ့လျှင် တိုက်ရှေ့မှာစောင့်နေသည့် ညို့ကိုတွေ့လိုက်ရသည်။

အိမ်နေရင်းမို့ ဘောင်းဘီပွပွလေးနှင့် တီးရှပ်အဝါလေးဝတ်ထားသည့်ညိုမှာ ဖွံ့ဖွံ့ထွားထွားလှလှပပ။ သို့သော် ညို့အသွင်က အရမ်းလေးနက်တည်ကြည်နေခဲ့ရာ နေဟိန်းလန့်နေရ၏။ သူက အပြစ်များစွာနှင့်လူမဟုတ်ပါလား။

သူ ကားထဲမှဆင်းပြီး ညို့ကို ကြင်နာယုယစွာ နှုတ်ဆက်လိုက်သည်။

''ညို နေမကောင်းဘဲနဲ့ ဘာဖြစ်လို့ အပြင်ထွက်နေရတာလဲ ... ဒီနေ့ ထမင်းစားလို့ကောင်းရဲ့လား ... ရေရောချိုးသေးလား''





''အသေးအဖွဲကိစ္စတွေထားလိုက်စမ်းပါ ... ဦးလေးကို ကျွန်မ မေးစရာရှိလို့ ... မှန်မှန်ဖြေပါ''

နေဟိန်းရင်ထဲ စိမ့်ခနဲ။ ဘယ်ကိစ္စတွေများ ပြဿနာဖြစ်ပြီလဲ။ ကားတိုက်မိသည့်ကိစ္စလား။ နိုးပြီးပေါင်းသင်းသည့်ကိစ္စလား။

ဘယ်အရာမှ ဆိတ်ကွယ်ရာမရှိပါလားလေ။ သို့သော် သူ ညို့ကို ရင်ဆိုင်ရမှာ သတ္တိမရှိဖြစ်နေရသည်။

''အိမ်ရှေ့ကြီးမှာကွာ ... မေးစရာရှိလည်း အပေါ်ထပ် ကိုယ့်အခန်းထဲမှာလာမေးပါ ... လောလောဆည် ကိုယ်နားပါရစေ ... ကုမ္ပဏီမှာ အရမ်းခေါင်းနောက်လာလို့ပါ''

ပြောပြီး သူ အပေါ်ထပ်သို့ တန်းတက်လာခဲ့သည်။ အဝတ်အစားလဲပြီး ခုတင်ပေါ်မှာ ခေတ္တလှဲလျောင်းလိုက်၏။

သူ့ဝတ်ဆင်ထားတာ ဘောင်းဘီပွပွနှင့် တီရှပ်အပြာ။

စိတ်မောရပါလား ညိုရယ်။ ကိုယ်တို့ဘဝတွေ ပွင့်လင်းချင်ပါပြီ။ ဘယ်တော့များမှ နားလည်မှုရမလဲကွယ်။

သည်စဉ် သူ့အခန်းဝမှ ညိုပေါ်လာခဲ့သည်။

''ဦးလေး ကျွန်မ ဝင်ခဲ့မယ်''

''ကိစ္စက အရမ်းအရေးကြီးသလား ... ကိုယ်ခေါင်းရှော



www.burmeseclassic.com

www.burmeseclassic.com



ကိုက်နေလို့ပါ ... ''

''အရမ်းအရေးကြီးတယ် ... ကျွန်မအတွက်တော့ သေရေးရှင်ရေးပဲ ... ''

''ကိုယ့်ခေါင်းတွေ အရမ်းကိုက်နေလို့ပါ ညီုရယ်''

''ရှင်က ခေါင်းကိုက်ရုံကိုက်တာ ... ကျွန်မဘဝက မီးလောင်နေပြီရှင့် ... သိရဲ့လား ... မီးလောင်နေရပြီ ... ကျွန်မဖေဖေကို ရှင်သတ်တယ် ... ရှင့်ကြောင့် သေခဲ့ရတယ်''

''ဟင် ... ''

နေဟိန်း ကြက်သေ သေသွားရပြီး သူပြေးမြင်လိုက်မိတာ ဒေါက်တာအောင်လင်းထက်ဖြစ်၏။

မြန်လှချည်လား။ ညက ရင်ဖွင့်တယ်။ အခု ညီုသိသွားပြီ။

''ဝန်ခံလေ ... ရှင့်ကြောင့် ကျွန်မအဖေ သေဆုံးခဲ့ရတယ် ... အဖေ သေသွားလို့ ကျွန်မဒုက္ခရောက်ရတယ် ... ရှင်က ကယ်တင်ရှင်ကြီးပေါ့လေ ... ဟင်း ... ဟင်း ... စာရွက်ပေါ်က သတို့သမီးတောင်လုပ်နိုင်းလိုက်သေးတယ်''

''ပိန်းလိုက်တာ ညီုရယ် ... အဲဒါ မင်းကို တို့ လျော်ကြေးပေးထားတာ ... စာရွက်ပေါ်က သတို့သမီးဆိုပေမယ့်





ကိုယ် ညီု့ကို တရားဝင်လက်ထပ်ပေးထားတာပါ ... ခုနေကိုယ် ဖျတ်ခနဲသေသွားခဲ့ရင် ကျနော်တို့အမွေပစ္စည်းအားလုံး မင်းရမှာပါညီု ... ''

''မလိုချင်ဘူး ... သူတစ်ပါးရဲ့ပစ္စည်းကို ကျွန်မ အပ်တိုတစ်ချောင်းတောင် မလိုချင်ဘူး ... အထူးသဖြင့် ရှင့်လိုရန်သူရဲ့ပစ္စည်းကို ပိုလို့တောင်မလိုချင်သေးတယ် ... ရှင်ဝန်ခံ ... ဖေဖေ့ကို ကားနဲ့တိုက်သတ်ခဲ့တယ်ဆိုတာ ရှင်ဝန်ခံ''

မျက်ရည်များ၊ ဒေါသများနှင့် တိမ်မည်းညီုအော်ဟစ်ပေါက်ကွဲနေလျှင် နေဟိန်း အိပ်ရာပေါ်မှ အားယူထရသည်။ ပြီး အခန်းတံခါးကို သွားပိတ်လိုက်၏။ သူတို့နှစ်ယောက် အချင်းများနေတာ ဘေးလူတွေမသိစေချင်။

''ကားနဲ့တိုက်သတ်တယ်ဆိုတဲ့ စွပ်စွဲချက်က ရင့်သီးလွန်းပါတယ်ညီု ... တကယ်က အဲဒီနေ့က ကားမောင်းတာ ကိုယ်မဟုတ်ပါဘူး ... ကိုယ့်သူငယ်ချင်းအောင်ထက်သူပါ''

''ရှင်တို့အားလုံး လူမဆန်ကြတာပဲ ... လမ်းပေါ်မှာ ခွေးတစ်ကောင်တိုက်သလို တိုက်ပစ်ခဲ့ကြတာ ... ရှင်တို့အားလုံးကို ကျွန်မ မုန်းတယ် ... မုန်းတယ်''

မျက်ရည်များနှင့် အော်ဟစ်ရင်း ခံစားလွန်းရသဖြင့် ညီု



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်ပျော့ခွေလဲကျသွားလျှင် နေဟိန်း ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ပြေးပွေ့ထားရသည်။

ညို့မှာကိုယ်ဝန်ရှိစမို့ အားနည်းနေရသည့်ကြားထဲ ဒေါသ၊ သောကများကြောင့် လူက ခံနိုင်ရည်မရှိတော့ပေ။

ညို့ကို ကိုယ့်အိပ်ရာပေါ်မှာပင် ယုယစွာ ပွေ့တင်ထားလိုက်ပြီး နေဟိန်း ဒေါက်တာအောင်လင်းထက်ဆီ ဖုန်းဆက်လိုက်သည်။

အခန်းတံခါးကို ဖွင့်လိုက်ပြီး ဒေါ်ခင်မိုးကိုလည်း လှမ်းခေါ်ရ၏။ စိုးရိမ်တကြီးနှင့် ဒေါ်ခင်မိုး ပျာပျာသလဲ တက်လာသည်။

''ဘယ်လိုဖြစ်တာလဲ ဆရာရယ် ... ညို့အတွက် ကျွန်မ အရမ်းစိုးရိမ်လိုက်တာ ... သူလည်း ဒီကိုယ်ဝန်အတွက်''

ဒေါ်ခင်မိုးမှာ လွှတ်ခနဲ စကားကျွံသွားပြီးမှ ဖျတ်ခနဲ ကိုယ့်ပါးစပ်ကိုယ်ပိတ်ကာ နေဟိန်းကို ကြောက်လန့်တကြီး ကြည့်နေလိုက်သည်မှာ မျက်လုံးအပြူးသား။

နေဟိန်း တွန့်ခနဲဖြစ်သွားသည်မှာ သေနတ်အမှန်ခံလိုက်ရသူနှယ်။

''ဘာ ... ဘာ ... ဒေါ်ခင်မိုး ... ညို ကိုယ်ဝန်ရှိနေတယ်ဟုတ်လား ...''

♥ ရွှေစကားစာပေ ♥



နေဟိန်းသိသွားပြီမို့ သတိလစ်နေသည့် ညို့ကို သနားကြင်နာစွာကြည့်ရင်း ဒေါ်ခင်မိုး မျက်ရည်ဖြိုင်းဖြိုင်းကျရသည်။ သူမ ကတိမတည်သလို ဖြစ်သွားရပြီ မဟုတ်ပါလား။

''ဟုတ်ပါတယ် ဆရာလေးရယ် ... ညို့ခမျာ သနားစရာပါ ... သူ့ကိုယ်ဝန်ဟာ ဘယ်လိုရလာမှန်းမသိဘူးလေ ... သူမညာပါဘူး ... ကျွန်မတောင် ရဲရင့်ဆွေနဲ့ထင်လို့ ဖွင့်မေးမိသေးတယ် ... သူက ဒေါ်လေးလည်း ဦးလေးလိုသူ့ကို မသက်သာဖြစ်နေသလား ... ရဲရင့်ဆွေနဲ့ဆိုရင် ရဲရင့်ဆွေကို တာဝန်ယူခိုင်းမှာပေါ့ ... တဲ့''

နေဟိန်းနားထဲမှာ ဒေါ်ခင်မိုး၏ အယူခံဝင်နေသံများကို မကြားတစ်ချက် ကြားတစ်ချက်။

ပြဿနာကတော့ ပေါ်ပေပြီ။ ဒီပွဲမှာ တရားခံဟာ သူပဲလေ။ ကိုယ့်မှာ အပြစ်တွေများလွန်းလို့ ဘယ်လိုဝန်ခံချက်မျိုးနှင့် စီရင်ရမှန်းပင် သူ မသိတော့။

ပြဿနာတစ်ခုမှ ဖြေရှင်းလို့မရသေး။ နောက်ပြစ်မှုတစ်ခုက ပေါ်လာပြန်နေပြီ။

တရားသူကြီး ပေါင်ချိန်သာဆို သူ့ကို ဘယ်လိုအပြစ်ပေးမှာလဲ။

♥ ရွှေစကားစာပေ ♥

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝ၏ ဖြစ်တည်နေရမှုကို နေဟိန်း စက်ဆုပ်နေမိသည်။

သူ ညို့ကို တကယ်ချစ်ခဲ့ပေမယ့် ချစ်ရာမရောက်ခဲ့ပါလား။ သူဟာ လူယုတ်မာ၊ လူလိမ်တစ်ယောက်ဘဝနှင့်ပင် အသက်ရှင်ရတော့မှာလား။

ဒေါ်ခင်မိုးကတော့ ဆက်ပြီး ရှင်းပြနေလေဆဲ။

"ညို့ခမျာ သူ့အဖြစ် သူ မျက်စိလည်းလည်၊ ရှက်လည်း ရှက်လွန်းလို့ ဒီရက်ပိုင်းမှာ မအိပ်နိုင်၊ မစားနိုင်ဖြစ်နေရရှာတယ်၊ ကျွန်မမှာ ညို့တစ်ခုခုလုပ်သွားမှာစိုးလို့ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့်နေရပါတယ်ဆရာရယ် ..."

"ဘယ်လိုတစ်ခုခုလဲ ..."

"ဩော် ... ဆရာရယ် ... မိန်းမသားဘဝမှာ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးရတာလောက် ရှက်စရာကောင်းတာရှိဦးမလား ... သူ့ကိုယ်သူ သတ်သေမှာတို့၊ အိမ်ကထွက်သွားမှာတို့"

"ဗျာ ..."

နေဟိန်းအရမ်းပင် စိတ်ပူသွားရသည်ကြောင့် လူတစ်ကိုယ်လုံးပင် ဟုန်းခနဲ လောင်မြိုက်သွားတော့သလို။





"ဟာ ... ဘယ်ဖြစ်မလဲ ... ဒေါ်ခင်မိုး ... ခင်ဗျား ညို့ကို သေချာစောင့်ကြည့်နော် ... ကောင်မလေးဘဝက သနားစရာပါ ... မကြာခင် ပြဿနာတွေအားလုံး ပြီးဆုံးသွားမှာပါလေ ... ပြဿနာရှိရင် အဖြေဆိုတာရှိပါတယ် ... ကဲ ကဲ ဒေါ်ခင်မိုး အောက်ထပ်မှာ ဆရာဝန်သွားခေါ်ချည်"

ညနေ(၆)နာရီကျော်ပြီမို့ အိမ်ထဲမှာ လျှပ်စစ်မီးတွေ လင်းနေပေပြီ။ မီးကိုလည်း မတွေ့ရပါလား။ မီး ထွက်သွားတာ နေဟိန်းမသိသေးပေ။

ညို့အနီးမှာ ရပ်ရင်း နေဟိန်း သူမအတွက် ကြေကွဲနာကျင်နေမိသည်။

ညို့ကို ငါပေးတဲ့ဒုက္ခတွေ မနည်းပါလား။ ဒီအကြောင်းတွေ ညို့ကို မျက်နှာချင်းဆိုင်ပြီး ငါ မရှင်းရဲပါဘူး။

သူကလေးအတွက် ငါ အရာရာအဆင်ပြေအောင် ဖန်တီးပေးရမယ်။

မကြာမီ ဒေါ်ခင်မိုးနှင့်အတူ ဆရာဝန် ပါလာခဲ့သည်။ ဒေါက်တာအောင်လင်းထက်ကို နေဟိန်း အကဲခတ်သည့်အကြည့်နှင့် ကြည့်လိုက်သည်။

သူ့ပုံစံက ရည်ရည်မွန်မွန်နှင့် လူကြီးလူကောင်းဟန်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ လူတွေဟာ ဟန်ဆောင်ကောင်းတတ်ကြတာပဲ။ ငါတောင် ကြည့်ပါလား။ ညို့အမြင်မှာတော့ ငါဟာ လူလိမ်၊ လူကျစ်တစ်ယောက်ပါလေ။

''ဘယ်လိုဖြစ်ပြန်တာလဲဗျာ ... ဒီအတိုင်းဆို တိမ်မည်း ညို့ကို ကျွန်တော့်ဆေးခန်းမှာတင်ထားရမလို ဖြစ်နေပြီ ... ဒီအချိန်က အရေးကြီးတယ်လေ ...''

''ဟုတ်ပါတယ် ... ညနေက ကျွန်တော်နဲ့ စကားအချေအတင်ပြောရင်း သတိလစ်သွားတာပါ ...''

လိုအပ်သည့်ကုသမှုကို လျင်မြန်စွာပြုလုပ်ရင်း ဒေါက်တာအောင်လင်းထက် စကားမပြောအားသေး။ ကုသပြီးမှ ...

''ဖြစ်ပြီးတာတွေ ပြီးပါစေဗျာ ... လူငယ်ဆိုတာ မှားတတ်ကြတာပဲ ... ဦးနေဟိန်းက အကောင်းဆုံးဖြစ်အောင် စီမံပေးလိုက်ပေါ့ ... ဒီကိုယ်ဝန်အတွက် ဆူပူမာန်မဲမနေပါနဲ့တော့ဗျာ ...''

ဒေါက်တာက သူ ဆူပူလို့ ညို စိတ်ထိခိုက်ပြီး သတိလစ်သွားတယ်ဟု ယူဆဟန်တူသည်။

''ကျွန်တော် မဆူပါဘူးဗျာ ... ဒါပေမဲ့ ကျွန်တော်တို့ကြားမှာ ပြဿနာတွေက ရှိသေးတယ် ...''





''ဒီပြဿနာပဲမဟုတ်လားဗျာ ... ခွင့်လွှတ်လိုက်ပါ၊ ညို့နဲ့ဖြစ်တဲ့ကောင်လေးကို သဘောတူပေးလိုက်ရင် အဆင်ပြေသွားမှာပါ ...''

နေဟိန်း လောလောဆည်မှာ ဘာမှပြန်မပြောနိုင်သေး။ ခေါင်းညိတ်ပြီးတော့သာ ဒေါက်တာ့ကို ထောက်ခံနေရသည်။

''ကဲ ... ကျွန်တော်ပြန်မယ် ... ညို့ကို ဂရုစိုက်ပါ ဦးနေဟိန်း ...''

ဒေါ်ခင်မိုး ဒေါက်တာ့ကို လိုက်ပို့မည်ပြင်စဉ် နေဟိန်း ဒေါက်တာ့ဆေးအိတ်ကိုဆွဲပြီး လိုက်ပို့ဖို့ ပြင်၏။

နှစ်ယောက်အတူ လမ်းလျှောက်ရင်း ကားနားမှာ သူမကျေနပ်သည်ကို ဖွင့်ဟမေးလိုက်သည်။

''ကျွန်တော် ဒေါက်တာ့ကို ယုံကြည်လို့ ဖွင့်ဟဝန်ခံတဲ့ကိစ္စ ညို့ကို ဘာလို့ဖွင့်ပြောလိုက်တာလဲဗျာ ... ညနေက ပြဿနာတက်တာ အဲဒီကိစ္စ''

''ဘယ်လို ဦးနေဟိန်း ... ညကကိစ္စ ... ကျွန်တော် လုံးဝမပြောဘူး ... သူတစ်ပါး ယုံကြည်လို့ပြောထားတဲ့ကိစ္စ၊ ကျွန်တော် ဘာဖြစ်လို့ နှုတ်ဖွာရမှာလဲဗျာ ... ခင်ဗျား ကျွန်တော့်ကို ယုံ ... ကျွန်တော့်ဘက်က ထွက်တာမဟုတ်ဘူး ... နေဦး



www.burmeseclassic.com

www.burmeseclassic.com



ဗျ ... ညက ကျွန်တော်တို့ စကားပြောနေတော့ အောက်ထပ်မှာ ဘယ်သူတွေရှိသလဲ ... ကျွန်တော့်စိတ်ထင် ညှော်ခန်းခန်းဆီးလှုပ်သွားသလိုပဲ ... ကျွန်တော်ယောက်ျားပါ ... လျှို့ဝှက်ချက်ကို ဖွင့်ထုတ်ရလောက်အောင် စိတ်ဓာတ်မပျော့ညံ့ပါဘူး ... ''

ဒေါက်တာ လေးနက်စွာ ပြောနေလျှင် ဦးနေဟိန်း မီးကို မြင်ယောင်လိုက်၏။

ဒေါ်ခင်မိုးတို့သားအမိတော့ မဖြစ်နိုင်။ ထိုသားအမိက ကိုယ့်အကျိုးကိုလိုလားပါသည်။

''အေးဗျာ ... ဒါဆိုလည်း ဆောရီးပဲ ... ကျွန်တော့်အိမ်သားတစ်ယောက်ယောက် ကြားသွားတာနေမှာပေါ့ ... ဆောရီးဒေါက်တာ ... ကျွန်တော် ဒီကိစ္စအတွက် အရမ်းပြဿနာတက်သွားလို့ပါ ... ညို့ သတိရလာရင် ဘာတွေဆက်ဖြစ်လာဦးမယ် မသိဘူး ... သူက သူ့အဖေအတွက် အရမ်းပေါက်ကွဲနေတယ် ... ''

''စိတ်မကောင်းပါဘူးဗျာ ... ဒါဆို ညို့သတိရတဲ့အထိ ကျွန်တော် စောင့်ပေးရမလား ... ကျွန်တော်လည်း ကူပြီးဖျောင်းဖျလို့ရတာပေါ့ ... ''





''နေပါစေတော့ ဒေါက်တာ ... ကျွန်တော် ကိုယ့်အပြစ်ကိုယ်ခံပါ့မယ် ... အတတ်နိုင်ဆုံးတော့ သူ့ကို ဖျောင်းဖျရမှာပေါ့လေ ... ''

ဒေါက်တာအောင်လင်းထက် စိတ်မဖြောင့်စွာနှင့်ပင် သူ့ကားပေါ်တက်ကာ မောင်းထွက်သွားရာ နေဟိန်း အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။

အခန်းထဲမှာ ညို့ သတိမရသေး။ ဒေါ်ခင်မိုးနှင့် စိုးငယ်စိုးရိမ်တကြီး စောင့်ကြည့်နေကြသည်။

''ဒေါ်ခင်မိုး မီးရော''

''နေ့လယ်ထဲက ပြန်သွားတယ်ဆရာ ... ''

''မပြန်ခင် ဘာတွေမွှေသွားသေးလဲ ... ညို့နဲ့စကားပြောကြသေးလား ... ''

''ကျွန်မ မီးဖိုဘက်က လှမ်းကြည့်တော့ သူတို့နှစ်ယောက် ခြံထဲမှာ စကားတွေပြောနေကြတယ် ... ဘာဖြစ်လို့လဲဆရာ''

''ဘာမှမဖြစ်ပါဘူးဗျာ ... အဲဒီ မီး မွှေသွားလို့ အခုအိမ်မှာ မိုးမီးလောင်တော့မယ်''

''အို ... ကျွန်မတို့ ဘာကူညီရမလဲဆရာ ... ဆရာတို့နှစ်ယောက်ကို ကျွန်မတို့အဆင်ပြေစေချင်ပါတယ် ... အိမ်ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်မချမ်းသာဆိုသလို ဆရာတို့အိမ်ရှင်တွေ စိတ်ဆင်းရဲနေတော့ ကျွန်မတို့လည်း စိတ်မချမ်းသာပါဘူးရှင်''

''ကိစ္စမရှိပါဘူးဗျာ ... ဒေါ်ခင်မိုးတို့လည်း ဘာမှမတတ်နိုင်ပါဘူး ... ကိုယ့်ပြဿနာကိုယ်ပဲရှင်းပါ့မယ် ... ကဲ ... ကဲ ဒေါ်ခင်မိုးနဲ့စိုးငယ်တို့သွားနိုင်ပါပြီ၊ လိုတော့ ကျွန်တော်ခေါ်ပါ့မယ်''

''ဟုတ်ကဲ့ပါဆရာ ... ကျွန်မတို့ကို အချိန်မရွေးခေါ်ပါနော် ... အသင့်ရှိနေပါ့မယ် ... ''

ဒေါ်ခင်မိုးသားအမိ ဆင်းသွားလျှင် နေဟိန်း ညို့ကို တစိမ့်စိမ့်ကြည့်ရင်း တရားသူကြီးစီရင်ချက်ချမှာကို ထိတ်လန့်စွာစောင့်နေရသည့် တရားခံတစ်ဦးသဖွယ် မိမိကိုယ်ကို ထင်မိသည်။



''အင့် ... အင်း''

ည(၁၀)နာရီလောက်ကျမှ ညို့ သတိရလာခဲ့ရာ အိစက်ခမ်းနားလှသည့်အိပ်ရာကြောင့် သူမ ရုတ်ခနဲထိုင်လိုက်၏။

ခပ်လှမ်းလှမ်းရှိစားပွဲမှာ သူမကို ထိုင်ကြည့်နေသည့် ဦးနေဟိန်းကို မြင်လိုက်ရလျှင် သူမ၏ဒေါသတွေ နာကြည်းမှုအဖြစ်ပြောင်းသွား၏။

''ရှင် ... လူသတ်သမား ... ကျွန်မဘဝကို အတိဒုက္ခရောက်အောင်လုပ်တဲ့သူ ... ကျေးဇူးရှင်ဆိုတဲ့တံဆိပ်ကပ်ပြီး ကျွန်မကို နှိပ်စက်တဲ့သူ ... ရှင့်ကိုမုန်းတယ် ... သိပ်မုန်းတယ်''

အော်ဟစ်ရင်း ညို့ သူ့ကို မုန်းတီးမှုတွေနှင့် လက်လက်ခါနေလျှင် နေဟိန်းရင်ထဲ စူးအောင့်နာကျင်ရပါသည်။

သူမ စွပ်စွဲသမျှ စိတ်မကောင်းခြင်းကြီးစွာနှင့် နေဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ခံနေရ၏။ သူမ ကြိုက်သလိုပြောပါစေ။ သတ်မည်ဆိုတောင် သူခံလိုက်ဖို့အသင့်။

''ရှင့်ကို ကျွန်မသတ်ပစ်ချင်တယ် ... ကျွန်မ ဒုက္ခရောက်သလို ရှင့်ကိုဒုက္ခရောက်စေချင်တယ် ... ကျွန်မ အခု ဘာလုပ်ရမှာလဲ ... ဘာလုပ်ရမှာလဲ ... ''

ငိုရင်းမှ ညှိုပြေးလာပြီး သူ့ကို ထုရိုက်နေလျှင် သူ ငြိမ်သက်စွာ ခံနေမိသည်။

''ညီုရယ် ... မင်း စိတ်ချမ်းသာမယ်ဆိုရင် ကိုယ့်ကို သတ်ပါ ... သတ်လိုက်ပါ''

''ရှင့်ကိုသတ်ရင် ... ကျွန်မ ထောင်ကျသွားမှာပေါ့၊ ထောင်သာမကျဘူးဆိုရင် ရှင့်ကို ကျွန်မ တကယ်သတ်ပစ်တယ်''

''ဒါဆိုလည်း မသေအောင် ရိုက်ပုတ်ပစ်လိုက်ပေါ့ကွယ်၊ ကိုယ်ခေါင်းကွဲသွားမယ်၊ ခြေတွေလက်တွေကျိုးသွားမယ်၊ ကိုယ်သွေးတွေအများကြီးထွက်သွားမယ်ဆိုရင် မင်းစိတ်ကျေနပ်သွားမှာပါ''

''ရိုက်မယ် ... ရှင့်ကို ကျိုးအောင်ရိုက်မယ် ... ပြီးရင် ကျွန်မ ဒီမှာမနေတော့ဘူး ... ကျွန်မ ကိုယ့်ရွာ ကိုယ့်အိမ်ကို ပြန်တော့မယ် ... ရှင်နဲ့ကျွန်မဟာ ရန်သူတွေပဲ ... ''





နေဟိန်းကို သူ့လက်သီးဆုပ်များနှင့်ထုရင်းမှ သူမ ယိုင်လဲကျသွားလျှင် နေဟိန်း ဖမ်းပွေ့ထားရသည်။

''လွှတ် ... ရှင် ကျွန်မကိုမထိနဲ့ ... ရှင့်ကို သေလုအောင်မုန်းတယ် သိလား''

''မုန်းပါ ... မင်းမုန်းထိုက်သူပါ ... ဒါပေမဲ့ ငါ မင်းအပေါ် စေတနာမပျက်ပါဘူး ... မင်းဘဝရဲ့ရှေ့ရေး ရေရာအောင် မင်းကိုငါ တရားဝင်လက်ထပ်ပေးထားပါတယ်''

''မပြောနဲ့ ... မကြားချင်ဘူး ... ဒါ ရှင်သက်သက်လူလည်ကျတာ ... ကျွန်မ ရှင့်ပစ္စည်းတွေ ဘာမှမယူဘူး၊ ရှင့်အိမ်မှာလည်းမနေဘူး ... မနက်ကျရင် ကျွန်မပြန်မယ် ... ကျွန်မလာခဲ့တဲ့အတိုင်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပြန်မှာ''

''စိတ်လိုက်မာန်ပါတွေမလုပ်ပါနဲ့ညို ... မင်းကျောင်းလည်းမပြီးသေးဘူး ... ရွာမှာလည်း မိဘတွေရှိတော့တာမဟုတ်ဘူး ... ''

''ရတယ် ... ဒါတွေအားလုံးကို ကျွန်မရင်ဆိုင်မယ်၊ သန်းခေါင့်ထက်တော့ ညဥ့်မနက်ဘူး''

''မင်း ငါ့ကို လက်စားမချေတော့ဘူးလား ... လူမသိသူမသိနည်းနဲ့ မသတ်တော့ဘူးလား ... ''

''ရှင်က လျောင်နေတာလား ... ရှင့်ကို အရမ်းမုန်း



www.burmeseclassic.com

www.burmeseclassic.com



မယ့် ... ကျွန်မ လူမသတ်ရဲဘူး ... ရှင့်ကို အားရအောင် ထုရိုက်ပြီးပြီ ... နစ်နစ်နာနာတွေပြောပြီးပြီ ... နောင်ဘဝဆက်တိုင်း ဆက်တိုင်း ဘယ်တော့မှ မဆုံတွေ့ပါရစေနဲ့လို့လည်း ဆုတောင်းမယ် ... ''

ပြောပြီး ညို သူ့အခန်းထဲမှ ပြေးထွက်သွားခဲ့လျှင် နေဟိန်း အရုပ်ကြိုးပြတ်ကျန်ခဲ့ရသည်။

မိန်းကလေးရေ ငါ့ရင်တွေ မီးလိုပူလောင်နေပြီ။

မင်းကိုချစ်ရတဲ့အချစ်တွေနဲ့ ငါ့ဘဝလောင်မြိုက်လုပါပြီ။

ကိုယ်ကျူးလွန်တဲ့အပြစ်အတွက် မင်းပေးတဲ့အပြစ်ဒဏ်က ကြီးလွန်းလှပါတယ်ကွယ်။

မုန်းတယ် ... လို့ မင်းတစ်ခွန်းပြောတိုင်း ကိုယ့်အသည်းနှလုံးတစ်ခါအညှစ်ခံရသလို ကိုယ်နာကျင်လွန်းရပါတယ်။

ချစ်ဇနီးအတွက် အဆုံးစွန်ထိပူပန်ရင်း သူလုပ်ပေးနိုင်တာတွေ အမြန်ဆုံးလုပ်ပေးဖို့ နေဟိန်း ဆုံးဖြတ်ချက်ချလိုက်သည်။



မနက်(၄)နာရီမှာ ညို အိပ်ရာမှထလိုက်သည်။ တစ်ညလုံး စဉ်းစားဆုံးဖြတ်ပြီးပြီဖြစ်သဖြင့် သူမအသွင်က တွေဝေခြင်းမရှိတော့။

ညို မိမိ၏ရွာကိုပဲ ပြန်တော့မည်။ ရွာမှာ သူမ၏အိမ်နှင့် ခြံဝိုင်းရှိသည်။ ဒီလိုပဲလုပ်ကိုင်စားသောက်ရမှာပေါ့။ ဘဝကို တစ်ကနေပြန်စမည်။

အင်း သူမမှာပါလာတဲ့ကိုယ်ဝန်ကိုတော့ ဘယ်လိုပြောရမည်မသိ။ ဘဝမှာ ဖရိုဖရဲဖြစ်လာသည့် မိန်းမငယ်လေးတစ်ယောက်ကို သူတို့နားလည်ပေးကြမည် ထင်ပါသည်။

ဦးနေဟိန်း ဝယ်ပေးထားသည့် အဝတ်အစားတွေ၊ လက်ဝတ်လက်စားတွေ ဘာဆို ဘာမှ သူမ မယူတော့။ ဟိုးလာတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကအတိုင်း အဝတ်လွယ်အိတ်လေးကိုပိုက်ကာ သူမ တောကို ပြန်တော့မည်။

ဗိုက်တစ်လုံးနှင့်ပေါ့။

ဦးနေဟိန်းကို မုန်းတီးခါးသည်းသည့် အမုန်းတွေနှင့်ပေါ့။

သူ့ကို ငါ ဘယ်တော့မှ မကျေဘူး။ အမုန်းကမ္ဘာမကျေ ပဲ။

ငါ့ဘဝ ဒီလိုဖရိုဖရဲဖြစ်တာ သင်းဟာ တရားခံပဲ။

ငါ့မိ၊ ငါ့ဖနဲ့ သေကွဲ,ကွဲရတာ သင်းတရားခံ။

သည်ကြားထဲ စိမ့်လက်ကလွတ်ဖို့ ငါ့ကိုအသုံးချလက်ထပ် ခဲ့သေးတယ်။

အို ... သင်းဟာ ကမ္ဘာပေါ်မှာ ငါအမုန်းဆုံးလူပဲ။

သွားမယ် ... ငါသွားတော့မယ်။

ငါ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘူး။ မကြာမီ အရှေ့ ဘက်မှာ ရောင်နီပျို့လာတော့မယ်။ ငါ့ဘဝကို အကောင်းဆုံး ဖြစ်အောင် သူ့အခန်းကဏ္ဍမပါဘဲ လျှောက်လှမ်းမယ်။

ညို့ အခန်းတံခါးဖွင့်လိုက်ပြီး မသိစိတ်နှင့် ဦးနေဟိန်း အခန်းဘက်သို့ လှမ်းကြည့်မိသည်။ အခန်းတံခါး စေ့လျက်သား။

သူကတော့ အိပ်ပျော်နေမှာပေါ့လေ။





ဒါမှမဟုတ် ငါ့စွပ်စွဲချက်တွေကြောင့် သွေးပျက်နေလေ မလား။

ညို့ အပေါ်ထပ်လှေကားမှ ဖြည်းညင်းစွာဆင်းခဲ့သည်။

ခါတိုင်းလိုမဟုတ်ဘဲ သည်အိမ်ကို လာစဉ်ကအတိုင်း ဟောင်းနွမ်းသောအဝတ်အစားများနှင့် ညို့အသွင်က ကျေးတော သူတစ်ယောက်နှယ်။

သူမ ညှော်ခန်းကိုဖြတ်ပြီး တံခါးပေါက်ဆီသို့ သွားလိုက် သည်။ အပေါ်ဂျက်ကို လှမ်းဖြုတ်ပြီး တံခါးမကြီးကို တွန်းဖွင့် သောအခါ တံခါးက ပွင့်မသွားသဖြင့် ညို့ မျက်မှောင်ကျုံ့သွား သည်။

အပြင်ဘက်မှ သော့ခတ်ထားလေသလား။ ဘယ်သူလဲ။ ဘယ်သူသော့ခတ်ခဲ့တာလဲ။ ဒါဆို နောက်ဘက်မှ လှည့်ထွက်မှာ ပေါ့။

သို့သော် နောက်ဘက်မှ လှည့်ထွက်လျှင် ဒေါ်ခင်မိုးတို့ သားအမိ သိလိမ့်မည်။

ယခုလောက်ဆို မီးဖိုထဲမှာ သူတို့အလုပ်လုပ်နေကြရော ပေါ့။ သူတို့သိလျှင် ဦးနေဟိန်းကို သွားပြောကြလိမ့်မည်။

ဦးနေဟိန်းကို ဂရုမစိုက်ပေမယ့် သူမသွားမည့် လမ်းညွှ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအတွက် အနှောင့်အယှက်ဖြစ်မှာစိုးသည်။

တံခါးအနားမှာ လွယ်အိတ်ကလေးနှင့် ညို ငိုင်နေဆဲ နောက်ဘက်မှ အသံကြားရသဖြင့် သူမ လှည့်ကြည့်လိုက်သည်။

ဒေါ်ခင်မိုးနှင့် စိုးငယ် ...

သားအမိနှစ်ယောက် မျက်ရည်လည်ရွဲနှင့်။ ဝမ်းနည်းပက်လက် ညှိုးငယ်စွာ သူမကို ကြည့်နေကြသည်ကြောင့် ညို သူတို့ကို လှမ်းပြီးပြောလိုက်သည်။

"ဒီတံခါး ဘယ်သူသော့ခတ်ထားတာလဲ ဒေါ်လေး ... ဘယ်သူခတ်ခတ်ပါလေ ... ရှေ့က မထွက်စေချင်ရင် ကျွန်မ နောက်ဘက်က လှည့်ထွက်မယ် ... ဘာဖြစ်လို့ ငိုနေကြတာလဲ၊ ကျွန်မ ထွက်သွားမှာမို့ ငိုကြတာလား ... မငိုပါနဲ့ ဒေါ်လေးရယ် ... ကျွန်မက ဒီအိမ်သားမဟုတ်ပါဘူး ... အခိုက်အတန့် နားခိုနေတဲ့သူပါ ... ကျွန်မ တစ်ချိန်ချိန်မှာ ထွက်သွားရမှာပဲလေ ... ကျွန်မ ထွက်သွားတာ မဆန်းပါဘူး ... ကဲ ... အခုတော့လည်း လက်စနဲ့ ဒေါ်လေးနဲ့ စိုးငယ်ကို ညို နှုတ်ဆက်တယ်နော် ... အစကတော့ ဘယ်သူမှ နှုတ်မဆက်ဘဲ တိတ်တိတ်လေး ထွက်သွားမလို့ပဲ ... "

ပြောပြီး ညို အနောက်ဘက်မှထွက်သွားရန်အတွက်





ခြေလှမ်းပြင်လိုက်စဉ် စိုးငယ် သူမကို ပြေးဖက်လိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

သူမ၏စကားသံများက ဗလုံးဗထွေး။

"မမညို ... အန် ... အန်ကယ် မရှိတော့ဘူး ... အန်ကယ်ထွက်သွားပြီ ... "

"ဘာ ... သူက ဘာဆိုင်လို့ ထွက်သွားရတာလဲ ... ဒါ သူ့အိမ်ပဲ ... ငါတို့နှစ်ယောက် ရန်သူတွေဖြစ်သွားကြတော့၊ ငါပဲ ဒီကထွက်သွားမှာပေါ့ ... ငါက သူ့ကိုမှီခိုနေရတဲ့သူပဲ၊ နေစမ်းပါဦး သူ ဘယ်တုန်းက ထွက်သွားတာလဲ ... ဘယ်ကို ထွက်သွားတာလဲ ... "

မျက်မှောင်ကျုံ[illegible]း ညို အလိုမကျသံနှင့်ပြောနေလျှင် ဒေါ်ခင်မိုးက စာအိတ်အကြီးတစ်လုံးကို ယူလာပေးပြီး စိုးငယ်ကတော့ ငိုရှိုက်သံများနှင့် ရှင်းပြခဲ့သည်။

"အန်ကယ် ... တစ်ညလုံး မအိပ်ဘူးမမညို ... အောက်ထပ် သူ့စာကြည့်ခန်းထဲမှာ တစ်ညလုံးထိုင်နေတယ်၊ ဖုန်းတွေလည်း လျှောက်ဆက်တယ် ... နောက် ည(၂)နာရီထိုးမှ ကျွန်မတို့ကို မမညိုကိုစောင့်ရှောက်ဖို့ သေသေချာချာပြုစုဖို့တွေပြောပြီး အန်ကယ် ကားနဲ့ထွက်သွားတော့တာပဲ ... ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဝိုင်းတားပေမယ့် မရပါဘူး ... အန်ကယ့်ကို အရမ်းသနားတယ် ... သူ့မျက်နှာက အရမ်းကို အိုစာပြီး အရမ်းကြေကွဲနေတဲ့ ရုပ်မျိုး ... အန်ကယ် တစ်ခုခုဖြစ်မှာ စိုးငယ် စိုးရိမ်လိုက်တာ၊ အန်ကယ် ဘာမှမဖြစ်နိုင်ပါဘူးနော် မမညို''

စိုးငယ်၏စကားကြောင့် ညို့အာရုံတွေ နောက်ကျိရှုပ်ထွေးသွားပြီး ဒူးပင်မခိုင်တော့သဖြင့် ညှော်ခန်းထဲရှိ ဆိုဖာတစ်ခုမှာ သွားထိုင်လိုက်ရသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို သေတော့မသေစေချင်။

ဂါအိတ်ထဲမှာ ဘာတွေလဲမသိဘူး။ သူမ စာအိတ်ကြီးကို သိလိုဇောနှင့် ဖွင့်ကြည့်လိုက်သည်။ အထဲမှာ လက်ထပ်စာချုပ်၊ အမွေလွှဲစာချုပ်နှင့် စာတစ်စောင်။

စာကို တိမ်မည်းညို ဖြန့်ဖတ်လိုက်သည်။ ခေါင်းခင်မိုးတို့သားအမိမှာ ညို့အနားမကပ်ရဲဘဲ ခပ်လှမ်းလှမ်းမှသာ ညှိုးငယ်စွာ ကြည့်နေလေ၏။

ညို

ညိုကတော့ ကိုယ့်ကို အရမ်းမုန်းနေခဲ့တယ်။ ညို့ဖခင်ကို သတ်တဲ့ တရားခံရယ်လို့ ညိုအရမ်းနာကြည်းနေခဲ့တယ်။





ညိုရယ် တကယ့်လူသတ်တရားခံအစစ်ကြီးတွေတောင် တရားသူကြီးဆီမှာ အယူခံလွှာတင်ကြသေးတာပဲ။

ကိုယ် ညို့ဆီမှာ အယူခံလွှာမဟုတ်တဲ့ ဖြေရှင်းချက်တော့ ထုတ်ပါရစေ။

ညို့ဖခင်ကို ကားနဲ့တိုက်မိတုန်းက ကားမောင်းသူဟာ ကိုယ်မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်လည်း အဲဒီအချိန်က မူးနေတဲ့အတွက် ဘာမှန်းညာမှန်းတောင် မသိလိုက်ပါဘူး။

ဒါပေမဲ့ သူတို့ပြောနေကြလို့ အကြောင်းတွေသိလာရတဲ့အခါ ကိုယ်လည်း ကားပေါ်မှာပါလာမိသူမို့ တာဝန်ရှိတယ်လို့ယူ ပြီး ပြန်စုံစမ်းခဲ့တယ်။

အဲဒီအခါ သနားစရာ ငယ်တစ်ယောက်တည်းကျန်ခဲ့ရှာတဲ့ ညို့ကို ကိုယ်တွေ့လိုက်ရတယ်။

ယုံပါညိုရယ် ... ညို့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကိုယ်ပြုစုပျိုးထောင်ပေးမလို့ပါ။

စိမ့်ရန်ကလွတ်အောင် ညို့ကို လက်ထပ်စာချုပ်ချုပ်စေတာလည်း ဥပါယ်တမည်နဲ့ ညို့ဘဝရှေ့ရေးအတွက် ကိုယ်စီစဉ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ ခေါင်းအရမ်းမူးတတ်တဲ့ရောဂါရှိတယ်။ ယယ်ယယ်ထဲကဆိုပါတော့။ ဘယ်လိုပဲကုကု ဒီရောဂါ အမြစ် မပြတ်ဘူး။

ဒီတော့ ကိုယ်ဖျတ်ခနဲသေဆုံးသွားတဲ့အခါ ညို့ ဖရိုဖရဲဖြစ်ကျန်ခဲ့မှာစိုးလို့ စေတနာအပြည့်နဲ့ ကိုယ် ညို့ အတွက် စာရွက်ပေါ်မှာ လက်ထပ်ပေးခဲ့တာပါ။

တကယ်တော့ ကိုယ့်အတွက်မလိုပါဘူးညို။ မိန်းမ တစ်ယောက်ကို ဘယ်သူ့အကူအညီမှမလိုဘဲ ကိုယ်ဖယ် ရှားနိုင်ပါတယ်။ ကိုယ်မချစ်ဘဲ ဘယ်မိန်းမကိုမှလက်မထပ် ချင်ပါဘူးညို။ ကိုယ့်ရင်ထဲမှာ တကယ်နှစ်နှစ်ကာကာချစ် လို့သာ ကိုယ် ညို့အတွက် လက်ထပ်ပေးခဲ့တာပါ။

"ဟင် ..."

သူမထင်သလို သူ့အတွက် ကိုယ့်ကိုအသုံးချတာမဟုတ် ဘဲ ကိုယ့်အတွက် ကိုယ့်ကိုအသုံးချခဲ့တာပါလား။

မျက်မှောင်တွန့်ပြီး ညို သူ့စာကို ဆက်ဖတ်လိုက်သည်။

တကယ့်တရားရုံးတွေတောင်မှ ယာဉ်တိုက်မှုဖြစ်ရင် ဒရိုင်ဘာကိုပဲ အပြစ်ပေးကြတာပါညို။ ဘေးက လူတွေကို အပြစ်ပေးလေ့မရှိပါဘူး။





ကိုယ်က စာနာတတ်သူပါညိုရယ်။ စာနာတတ်လို့ ညို့ကိုပြန်ရှာပြီး ကူညီခဲ့တဲ့သူပါ။ ကိုယ့်အပေါ် အမုန်းတွေ တစ်ဝက်လောက် လျှော့ပါဦးညို။

ကိုယ့်အပြစ်တွေကို ဝန်ခံစရာရှိပါသေးတယ်။

ညိုက ကိုယ့်အပေါ် သံယောဇဉ်လည်းမရှိ၊ ဘယ်လို မှ သဘောထားခဲ့ပေမယ့် ကိုယ်ကတော့ ညို့ကို အသက် ထက် ပိုချစ်ပါတယ်။ ငုံထားမတတ်ကို ချစ်မိခဲ့ပါတယ်။

"ဟင်"

တိမ်မည်းညို အံ့သြရပြန်သည်။ သူမ ဘယ်လိုမှ ထင် မထားခဲ့ပါလား။ စာကို သိချင်ဇောနှင့် ဆက်ဖတ်မိပြန်သည်။

ရဲရင့်ဆွေနဲ့ အထင်မှားတုန်းကလည်း ကိုယ့်ရင်ထဲ မှာ ငရဲခံနေရသလိုပဲ။ တစ်ခါ ဦးမြထွေးက ညိုနဲ့ရဲရင့်ဆွေ ငြိခဲ့သယောင်ပြောတော့ ကိုယ် ညို့ကို လက်လွှတ်လိုက်ရ မှာ အရမ်းစိုးခဲ့တယ်။

ညိုနဲ့ကိုယ်ဟာ တကယ်လည်း တရားဝင်လက်ထပ် ခဲ့ပြီးမို့ ကိုယ့်စိတ်တွေထိန်းမရနိုင်တော့ဘဲ ကိုယ်သိပ်ချစ် မိတဲ့ညို့ကို ညိုမသိဘဲ တိတ်တဆိတ် ခိုးပြီးပေါင်းသင်းခဲ့ မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

စာရွက်ပင် လက်မှ လွတ်ကျသွားပြီး ညို့အသားတွေ ဆတ်ဆတ်တုန်နေတာ ဒေါသကြောင့်လား၊ အံ့သြမှုကြောင့်လားပင် မသိတော့ချေ။

ညို ကိုယ့်ကို ဘယ်လိုမှ လက်ခံမှာမဟုတ်လို့ တိတ်တဆိတ်ပေါင်းသင်းမိပေမယ့် ညို့ကို ကိုယ်ကြောတာ မဟုတ်ပါဘူး။ ညိုဟာ ကိုယ့်ရဲ့ တရားဝင်လက်ထပ်ထားတဲ့ ချစ်ဇနီးပါ။

အခု ညို့ရဲ့ကိုယ်ဝန်ဟာ ကိုယ့်ရဲ့သွေးပါညို။

ကဲ ... ညို ကိုယ့်ကိုအရမ်းမုန်းသွားပြီမဟုတ်လား။ ကိုယ်ကတော့ ကိုယ့်ရဲ့ချစ်ဇနီးကိုအရမ်းချစ်မြတ်နိုးပါတယ် ညို။

ညို့ရဲ့အမုန်းမျက်ဝန်းတွေ၊ အမျက်ဒေါသတွေကိုလည်း ကိုယ် ဒီဘဝမှာရင်မဆိုင်ရဲတော့ပါဘူး။

ကိုယ့်ခေါင်းတွေ အရမ်းကိုက်လာပြီညို။ ကိုယ်ဟာ သေလူပါ။ ကိုယ်မကြာခင် သေရတော့မှာပါ။ ကိုယ့်ရဲ့ ဘရိန်းကျူမာက အရမ်းဆိုးနေပြီ။

ဒါပေမဲ့ ကိုယ်ကျေနပ်ပါတယ်ညို။ ကိုယ်ပိုင်ဆိုင်တဲ့





ဥစ္စာပစ္စည်းစာရင်းနဲ့ အမွေလွှဲပြောင်းတဲ့ စာချုပ်စာတမ်းတွေကို ကိုယ့်ချစ်ဇနီးနဲ့ကိုယ့်ရင်သွေးအတွက် ကိုယ်လွှဲပြောင်းပေးခဲ့ပါပြီ။

ကိုယ့်မှာ အပြစ်တွေများလွန်းတဲ့အတွက် ခွင့်လွှတ်ပါလို့ မတောင်းဆိုရဲပေမယ့် ...

တကယ်လို့များ ငမိုက်သား ကိုယ့်ကို ညိုခွင့်လွှတ်နိုင်မယ်ဆိုရင်တော့ ...

ကိုယ်နဲ့ညို့ရဲ့ လက်ထပ်ပြီးစီးခြင်းမင်္ဂလာသတင်းကို သတင်းစာကနေ ညိုထည့်လိုက်ပါ။

ကိုယ်မသေခင် ကိုယ့်ချစ်ဇနီးရဲ့ရင်ခွင်ဆီ အရောက်လာခဲ့ပါ့မယ်။

ကိုယ်သေရင်တောင် ကိုယ့်ချစ်ဇနီးရဲ့ရင်ခွင်မှာ သေပါ့မယ်ညို။

BURMESE CLASSIC .com

ကိုယ့်ချစ်ဇနီးညို
ထာဝရရွှင်လန်းချမ်းမြေ့နိုင်ပါစေ ...
နေဟိန်း



www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားခဲ့လျှင် အဖြစ်အပျက်တွေကို အံ့သြလွန်း၊ ခံစားလွန်းရသဖြင့် ညို ထုံပေပေကြီးဖြစ်နေမိသည်။

ပြီးမှ သူမ၏မျက်ရည်တွေ အဆက်မပြတ်ကျလာမိခဲ့ပြီ။ ဦးနေဟိန်း၏ရုပ်သွင်တွေကို သူမ ပြန်လည်မြင်ယောင်လာခဲ့သည်။

သူ့ကို ရွာမှာလာပြီး ခေါင်းကြီးဆိုခဲ့ပုံ။

"တကယ့် တရားရုံးတွေတောင် ယာဉ်တိုက်မှုဖြစ်ရင် ဒရိုင်ဘာကိုပဲ အပြစ်ပေးပါတယ် ... တဲ့"

ဦးနေဟိန်းဟာ ဖေဖေ့ကို ကားနှင့်တိုက်သည့် ဒရိုင်ဘာ မဟုတ်။ စာနာစိတ်နှင့် ကိုယ့်လိပ်ပြာကိုယ်သန့်အောင် သူမကို တာဝန်ယူခဲ့သူ။

သည့်ကိုယ်ဝန်ဟာ သူ့ကိုယ်ဝန်တဲ့။

ကိုယ့်ချစ်ဇနီးဆိုသည့်စကားလုံးကို လှိုင်လှိုင်သုံးစွဲသွားခဲ့သည်။

ညိုဟာ ကိုယ်လက်ထပ်ထားတဲ့ တရားဝင်ချစ်ဇနီးတဲ့။

ညို ယခုမှ ကြက်သီးထရသည်။

ယောက်ျားတစ်ယောက်ကို တရားရုံးမှာ တရားဝင် လက်ထပ်ထားမိခဲ့သည့်သူမဟာ နုံအလှပါလား။





ညနေက ညို သူ့အခန်းသို့သွားပြီး ရန်တွေ့၊ ဝုန်းဒိုင်းကြဲခဲ့စဉ်က သူ့မျက်နှာအထူးညှိုးငယ်လှပြီး ...

"ကိုယ် ခေါင်းတွေ အရမ်းကိုက်နေလို့ပါညိုရယ်"

ဟု အထပ်ထပ်တောင်းပန်ခဲ့သည့်သူ။ ဘရိန်းကျူမာတဲ့။ အို သူသေတော့မှာလား။ ဟင့်အင်း သူ မသေရဘူး။

ချောမောလှပခန့်ညားပြီး ပျိုတိုင်းကြိုက်သည့် နှင်းဆီနိုင်ကြီးကို ညို ပြန်လည်မြင်ယောင်လာ၏။

သူမအပေါ် အရိပ်တကြည့်ကြည့်နှင့် အမြဲ လိုရာဖြည့်စွမ်းပြုသည့်သူ ...

"အို ... ဦးလေး မသေရဘူး ... ဦးလေးကို အသေမခံနိုင်ဘူး ... ညို ... ညိုမှားပါပြီ ဒေါ်လေးရယ် ... သူ ... သူ ဘယ်ကိုထွက်သွားတာလဲဟင်"

မျက်ရည်များနှင့် ညို စိုးရိမ်တကြီး ငိုကြွေးနေမိပေပြီ။

"ဒေါ်လေး ... သူ့ရှေ့နေဆီ ဖုန်းဆက်ပါ ... ညိုတို့ရဲ့ မင်္ဂလာသတင်းကို မနက်ဖြန်ပါအောင်ထည့်ပေးပါလို့နော် ... မြန်မြန်ဆက်ပေးပါဒေါ်လေးရယ် ... ဦးလေးကို ညိုအရမ်းသနားတယ် ... သူ့ခမျာ အရမ်းအထီးကျန်ဆန်လွန်းရပါတယ် ... ညို ညို မခံစားနိုင်တော့ဘူး ... ညို ကိုယ့်ကိုယ်ကိုယ် သိပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ... ညို ဦးလေးကို မခွဲနိုင်ပါဘူးရှင်''

ဒေါ်ခင်မိုးမှာ ဝမ်းသာအားရနှင့် ရှေ့နေထံသို့ ဖုန်းဆက်နေစဉ် ညို သူရေးခဲ့ ပေးခဲ့သည့်စာနှင့် စာချုပ်များကို ပွေ့ယူပြီး သူ့အခန်းသို့ တက်လာခဲ့တော့သည်။

ညက တစ်ညလုံးမအိပ်ဘဲ တစ်ညလုံးခံစားနေရရှာသည့်သူ။

အို သူပြန်လာရင် သူ့ကို စိတ်ချမ်းသာအောင်ထားမယ်။ ကို့ရောဂါကို အကောင်းဆုံးဖြစ်အောင် ကုသပေးမယ်။

''ကိုရယ် ... ညို မဆိုးတော့ပါဘူးနော် ... စူဠသုဘဒ္ဒါလိုလည်း ယိုးမယ်ဖွဲ့ပြီး အညိုးမကြီးတော့ပါဘူး ... ကို့ကို ညို တစ်သက်လုံး မြတ်နိုးယုယစွာနဲ့ ချစ်သွားပါ့မယ်''

သူ့အိပ်ရာပေါ်မှာ ပူဆွေးသောကရောက်ရင်း မျက်ရည်များနှင့် ညို အရူးမလေးလို တတွတ်တွတ်တောင်းပန်နေမိစဉ်

''တကယ်ပြောတာလားညို ... တကယ်ပြောတာလား အချစ်ရယ် ... ''

အခန်းထဲသို့ ဝင်လာသည့်နေဟိန်းကို ညို အံ့သြစွာတွေ့လိုက်ရသည်။

''ဟင် ... ကို ... ကို ... ဘယ်ကိုမှထွက်မသွားဘူး





နော် ... ညို ... ညို ဝမ်းသာလိုက်တာကိုရယ် ... ညို့ကိုများ ကြောက်ပြီး ထွက်သွားပြီလားရယ်လို့''

နေဟိန်း ညို့ကို အပြေးသွားပြီး ပွေ့ယူလိုက်သည်။

သောကများဖြင့် ညှိုးနွမ်းနေသည့်ညို့ကိုယ်လုံးလေးကို ကြင်နာယုယစွာ ပွေ့ထားရင်း သူ ညို့ကို အနမ်းတွေပေးနေမိသည်။

''ခုမှ ကိုယ်ဝန်ရှိခါစ ကိုယ့်ချစ်ဇနီးလေးကို ဘယ်လိုပစ်ထားခဲ့ရက်မှာလဲကွယ် ... ကိုယ်မသေခင် ညို့အနားမှာ အမြဲအနီးကပ်စောင့်ရှောက်ချင်တာပေါ့''

''သေစကား ကြေစကားတွေ မပြောပါနဲ့ကိုရယ် ... ညို မကြားနိုင်လို့ပါ ... ကို့ရောဂါကို ညိုသေသေချာချာကုပေးမှာပေါ့ ... ကို့ဘရိန်းကျူမာက တော်တော်ဆိုးနေပြီလားဟင်''

မျက်ရည်ဥလေးများနှင့် ညို သူ့ကိုကြင်နာစွာမေးလျှင် နေဟိန်းရင်ထဲ ကြည်နူးခံစားလိုက်ရ၏။ ညို့ကို သူမညာရက်တော့ပါ။

''ချစ်ဇနီးလေးဆီက အမုန်းတွေပြေပြီး သနားကရုဏာတွေရလို့ ကိုယ့်ဘရိန်းကျူမာ လုံးဝပျောက်သွားခဲ့ပါပြီကွာ''

''ဟုတ်ရဲ့လားကိုရယ် ... ညို့ကို စိတ်ချမ်းသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလားဟင် ...”

“အစထဲက မရှိတဲ့ရောဂါ ... အခုမှ ဘယ်ရှိပါ့မလဲ အချစ်ရယ် ... စိတ်ချ ... ဒီချစ်ဇနီး ဒီချစ်သားလေးနဲ့ အသက်တစ်ရာကျော် အတူတကွ ပေါင်းရ သင်းရ အိုရ”

“ကိုနော် ...”

“သြော် ... အိုရ၊ နာရ၊ သေရမှာကိုပြောတာပါကွာ၊ လက္ခဏာ(၃)ပါးလေ ... အနိစ္စ၊ ဒုက္ခ၊ အနတ္တ ...”

“တော်ပါတော့ ကိုလူညာကြီး ... ရုပ်တည်ကြီးနဲ့ ဟွန်း”

ညို့ချစ်မျက်စောင်းလေးကိုခံယူရင်း ညို့ခန္ဓာကိုယ်မွေးမွေး လေးကိုပွေ့ရင်း ... ယခုတော့ နေဟိန်း၏ကမ္ဘာမှာ အမုန်းပွဲ တေးတွေပြယ်လွင့်သွားခဲ့ပါချေပြီ။

BURMESE CLASSIC .com

ကြယ်စင်မှူးဝေ

*15-7-09 (Wed)*



www.burmeseclassic.com

www.burmeseclassic.com




# ကြယ်စင်မှူးဝေ

အမုန်းပွဲ့တေး

www.burmeseclassic.com